www.burmeseclassic.com

# တာရာမင်းဝေ

လုံးချင်းဝတ္ထုသစ်

## တစ်ကိုယ်တော်ရေးတဲ့ ကကြိုးခရေး

BURMESE CLASSIC .com

design: bo htoon . 2005

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အစီအစဉ်ဆောင်ရွက်ရန် တာဝန်သုံးရပ်

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ........ | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ........ | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ........ | ဒို့အရေး |

စည်းကမ်းလိုက်မှာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်သစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၀၇၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၄၆၃၀၅၁၂

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၆ ခုနှစ်၊ မေလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

TWO CATS PUBLICATION

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



**စာဖတ်သူသို့အမှာစာ**

၁။ ဤဝတ္ထုသည် ကြီးကျယ်ထည်ဝါသော
ဝတ္ထုမဟုတ်ပါ...။

၂။ စာဖတ်သူ၏ ဘဝအမောကို ပြေပျောက်ရန်
ရည်ရွယ်ရေးသားထားသော
အပျော်ဝတ္ထု၊ သရော်ကျီစယ်သောဝတ္ထု
မျှသာဖြစ်ကြောင်း ဝန်ခံပါသည်။

လေးစားစွာ...

တာရာမင်းဝေ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

(အဖွင့်)

အချင်ချင် အမျက်အဤ တစိယ်မဟိယ်
ချတ်သမ္မစိဖွင် ရှုကြရစိယ်နော်

အချင်းချင်းအမျက်အဤ့တစ်စေ့မရှိ
ချစ်သောမျက်စိဖြင့်ရှုကြရစေ...။



ကြောင်နှစ်ကောင်စားသုပ်ဖို့ကံ

www.burmeseclassic.com

www.burmeseclassic.com





''ရှင့်ဘဝမှာ မကျေမချမ်းဖြစ်စရာ ဆိုးဆိုးရွားရွား ကြုံဖူးလား''

''ငယ်ငယ်တုန်းက ပျားမတစ်ကောင် တုပ်တာကို ခံလိုက်ရတုန်းကတော့ တော်တော်မကျေမချမ်း ဖြစ်ဖူးတယ်''

''ရှင့်ကို တုပ်လိုက်တဲ့ပျားက အမလို့ ရှင်က ဘယ်လိုသိလဲ...။ ပြီးတော့ ဘာလို့ ဆိုးဆိုးရွားရွား မကျေမချမ်းဖြစ်ရတာလဲ''

''လူကို တုပ်တာ ပျားမတွေကပဲ တုပ်တာဗျ...။ ပျားထီးက မတုပ်ဘူး...။ နောက်ပြီး လူကိုတုပ်ဖို့ ပျားမရဲ့အစွယ်က သူ့ဗိုက်မှာ ရှိတယ်...။ အဲ့ဒီ သူ့အစွယ်နဲ့ သူက ကိုယ်ကိုကော့ပြီး တုပ်တာ...။ ပျားမတစ်ကောင်က ကော့ပြီး တုပ်တာကို ခံရလို့ အတော်မကျေမချမ်း ဖြစ်မိတာ...''

''မဆိုးပါဘူး...။ ရှင်က ဘယ်လိုလူစားမျိုးလဲ''

''လင်းနို့နဲ့တူတဲ့ လူစားမျိုးဖြစ်လိမ့်မယ်''

''ဘာဖြစ်လို့...''

''ငှက်လိုလို ကြွက်လိုလို ဖြစ်နေလို့''





www.burmeseclassic.com

www.burmeseclassic.com



"အဝတ်အစားကောင်းကောင်းဝတ်၊ ဖက်ရှင်ဒီဇိုင်းသန့်သန့် ဆင်ထားတဲ့အခါ လူတွေက ရှင့်ကို ကြည့်ကောင်းတယ်လို့ ချီးကျူးရင်ကော ရှင် သာယာတတ်လား"

"မသာယာပါဘူး...။ အောင့်သက်သက်တောင် ဖြစ်သေးတယ်"

"ဘာဖြစ်လို့လဲ"

"စက္ကူသားတော့ ကောင်းတဲ့ ဝတ္ထုစာအုပ်ပဲလို့ ချီးကျူးခံရသလို ဖြစ်နေလို့"





"မိန်းကလေးတစ်ယောက်ဟာ သူ့ဆီရောက်လာတဲ့ ရည်းစားစာ ဘစ်စောင်ကို ဘယ်လို ဖတ်သင့်သလဲ"

"ပြောင်းပြန် ဖတ်လေ..."

"ရှင်...။ ဘယ်လို..."

"စာရဲ့ အောက်ဆုံးကို အရင်စကြည့်လေ...။ ဒါမှ ဘယ်သူက ေး:တာလဲလို့ သိမှာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



''မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောရတာ ခက်လား...''

''ရည်းစားစကားပြောရတာ မခက်ပါဘူး''

''ဒါဖြင့်...ဘာက ခက်တာလဲ''

''သူက ကြားသွားမှ ခက်တာ''





''အုံ့ပုန်းချစ်ဆိုတာကိုကော ကြားဖူးလား''

''အင်း...။ ခေတ်ဟောင်းသီချင်းတွေထဲမှာတော့ ကြားဖူးတယ်''

''အဲ့ဒီ အုံ့ပုန်းချစ်ဆိုတာကို ဘယ်လိုသဘောရသလဲ''

''အိမ်သာထဲဝင်ပြီး ဟင်းခိုးစားနေတာလို့ ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''ချစ်ရတာ အတော်ခက်သလား''

''ချစ်ရတာက မခက်ပါဘူး''

''လာပြန်ပြီ...။ ဒါဖြင့် ဘာက ခက်တာလဲ''

''ချစ်မြဲ ချစ်နေဖို့ကသာ ခက်တာ''





''လက်ထပ်ကြရင် ယောကျ်ားက ဘာရပြီး...မိန်းမက ဘာရသလဲ''

''ကမ္ဘာမြေတစ်ခုလုံးကို ရလိုက်သလို ယောကျ်ားက ရတာပေါ့''

''မိန်းမကကော...''

''သူက ရွှေတွင်းတူးခွင့်ရတယ်လေ...။ ကမ္ဘာကကို အသိအမှတ်ပြုသားတဲ့ အချက်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ရှင်က လူလည်ပဲနော်''

''ဖြစ်နိုင်ပါတယ်''

''ဘာဖြစ်လို့ လည်ချင်ရတာလဲ''

''ဝဋ်ဆိုတာ လည်တတ်တယ်။ သံသရာကလည်း လည်တယ်။ ပဋိစ္စသမုပ္ပါဒ်ကလည်း လည်နေတယ်။ ကမ္ဘာကြီးကလည်း လည်တယ်။ အဲဒီတော့ ကျွန်တော်လည်း လူလည်ဖြစ်နေမှာပေါ့''





''ရှင်က ပြောရဲ ဆိုရဲ ဝန်ခံရဲသားပဲ''

''နားထောင်တဲ့သူ ရှိရင် ပြောရဲရမှာပေါ့''

''လူဆိုတာ ဟိတ်ဟန် မင်မောင်းကလေးနဲ့တော့ နေရတယ် မဟုတ်လား''

''အင်းလေ...။ တစ်ချို့နေရာတွေမှာတော့လိုရင်လိုမှာပေါ့ ...။ ဒါပေမဲ့ များသောအားဖြင့်တော့ မလိုအပ်ပါဘူး။ ရွှေခွက်နဲ့ တောင်းလည်း သူတောင်းစားက သူတောင်းစားပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ရှင်...သူများအကြောင်းကို ပြောဆိုဝေဖန်တတ်လား''

''အလွန်အကျွံ မဟုတ်ပေမဲ့ ပြောတတ်ဆိုတတ်ပါတယ်''

''သူများအကြောင်း လျှောက်ပြောတာ မကောင်းဘူးဆို...''

''ကိုယ့်အကြောင်းချည်း ကိုယ်လျှောက်ပြောနေတဲ့ လူတွေကသာ ပိုမကောင်းတာပါ...။ အတ္တကြီးတယ်လေ...။ ဒါလည်း...ကမ္ဘာကျော် အယူအဆတစ်ခုပါပဲ''





''ရှင် မဆိုးပါဘူး။ ဒီစကားကို ကျွန်မ နှစ်ခါထပ်ပြောရပြီ''

''အင်း...သိပ်မဆိုးပါဘူး။ ဒါပေမဲ့ သိပ်အကောင်းကြီးလည်း မဟုတ်ပါဘူး''

''ရှင့်နာမည်က စည်သူ...နော်''

''ရှေးအကျဆုံး အရေးအသားက ဇေယျသူရ။ နောက်တော့ ဇေယျသူရ် ဖြစ်သွားတယ်။ နောက်...ဇေယ်သူ၊ ဇေယ်သူ-စေည်သူ ဆိုပြီး ရေးထုံးအမျိုးမျိုး ပြောင်းသွားတယ်။ ခုနောက်ဆုံး အရေးအသား ကတော့ စည်သူပေါ့။ ရဲရင့်အောင်မြင်သူ...လို့ အဓိပ္ပါယ်ရတယ်။ အပေါင်းအသင်းတွေက စည်သူလို့ အလွတ်ခေါ်ကြပေမဲ့ ကျွန်တော့် နာမည်အပြည့်အစုံက စည်သူမင်း...။ ရဲရင့်အောင်မြင်သော ရှင်ဘုရင်လို့ ဆိုနိုင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဤပြဿနာကို ဤသို့ဖြစ်လာအောင် မည်သူက မည်သို့စသိုက်သည် မသိ။ မိဝါလား…၊ ဇင်မာမိုးလား…၊ မျိုးမြတ်စုလား မပြောနိုင်ချေ။ သို့သော် ပြဿနာကတော့ ဖြစ်လာပြီ။

မဖြေရှင်းနိုင်သော ပြဿနာတစ်ခုခုနှင့်ကြုံလာလျှင် စဉ်းစားအဖြေထုတ်သယောင်ယောင်နှင့် တွေဝေရင်း…၊ တတ်နိုင်မည် အခြားသူတစ်ယောက်ယောက်ရှိနေလျှင် ထိုသူ့ကိုလွှဲပေးရန်…၊ သူတစ်ပါးက မေးလာလျှင် ဝလုံးဗထွေးသာ ပြန်ပြောပြရန်…သို့မဟုတ် (ဆရာသော်တာဆွေ ပြောသလို) 'သေမြေကြီး ရှင်အလကားပဲ'ဟု ကိုယ့်ကိုယ်ကို အထင်ကြီးနေသူများအား မြှောက်ပင့် စမ်းသပ်ခိုင်းစေရန်…စသည်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်သစ် လူပေါ်လူဇော်လုပ်နည်းများကို သူမတို့လည်း သိရှိနားလည် ပါသည်။

သို့သော်...ဤပြဿနာကိုကား မည်သို့ဖွင့်ဆိုရမည်မှန်းပင် မသိတော့ချေ။

တစ်နေ့မှာဖြစ်သည်။ သူမတို့ သုံးယောက် ရုပ်ရှင်ကြည့်ပြီး ပြန်အလာ လမ်းမှာ ထူးဆန်းသောကိစ္စလေးတစ်ခု ဖြစ်လာသည်။ လမ်းမှာတော့ မိဝါက ထုံးစံအတိုင်း လေပေါလာသည်။

"ညတုန်းက ငါ့အဖေရဲ့ စာမူတစ်ပုဒ်ကို ငါ ပရုဖ် ဖတ်ပေးရတယ်...။ ရယ်ရတာလေး ပါလာတယ်ဟဲ့"

သူမ ဖခင်က ဘာသာပြန်ဆရာတစ်ဦး ဖြစ်သည်။ သူလည်း ဘာမှမသိသော နိုင်ငံတကာ ထောက်လှမ်းရေးဝတ္ထုများကို အတည်ပေါက်ကြီး ပြန်ဆိုလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ မိဝါ၏ စကားအရ ရယ်ရမှာကို ငံ့သနားပါသော ဖင်မာမိုးနှင့် မျိုးမြတ်စုတို့က အားတက်သရော ထောက်ခံ မေးမြန်းကြတော့သည်။

"ဟုတ်လား...။ ဘာတဲ့လဲဟဲ့...။ ပြောစမ်းပါဦး"

"ဒီလိုဟာ...။ အဲ့ဒီဝတ္ထုထဲမှာ ဇာတ်ကောင်တစ်ယောက်က အခန်းတံခါးပိတ်ပြီး မီးပူတိုက်နေတယ်"

"ဘာတွေလဲ..."

"အဝတ်အစားတွေကိုပေါ့ဟ"

"ဘယ်သူ့ အဝတ်အစားတွေကိုလဲ"

"သူ့အဝတ်အစား သူတိုက်တာပေါ့ဟဲ့..."

"ဟင်...။ ရယ်လည်းမရယ်ရဘူး"

"ဟာ...ပြောတာမှမဆုံးသေးပဲ...။ နားထောင်ဦးလေ...। ဘာမှန်းလည်း မသိဘူး"

မိဝါက ဖင်မာမိုးကို ငေါက်သည်။ မျိုးမြတ်စုကလည်း မိဝါဘက်မှ...





"ဟုတ်သားပဲ...ဖင်မာကလဲ။ ဆက်ပြော...မိဝါ"

ဖင်မာမိုးကို မျက်စောင်းခဲပြီး မိဝါက ဆက်ပြောသည်။

"အဲ့ဒီလို သူ မီးပူတိုက်နေတုန်းမှာ သူ့ဌာနက အရေးပေါ် ဘယ်လီဖုန်း ဝင်လာတယ်"

"အရေးကြီးတဲ့ကိစ္စနေမှာပေါ့"

"အေး...။ သူလည်း ရင်ထိတ်သွားတယ်။ ရယ်စရာက အဲ့ဒီမှာ သွားဖြစ်တော့တာပဲ"

"ပြောပါဦး...။ ဘာဖြစ်သွားလို့လဲ"

"တယ်လီဖုန်းအမှတ်နဲ့ မီးပူကို ပါးမှာ ကပ်လိုက်မိတယ်လေ"

ထိုအခါကျမှ ဖင်မာမိုးနှင့် မျိုးမြတ်စုတို့က ဝိုင်းရယ်ကြ၏။

"သနားပါတယ်...။ တော်တော်နာရှာမှာပဲ"ဟုလည်း ပြောကြသည်။

နှုန်းလွဲနေ၏။အလင်းကြိုကြိုအောက်တွင် သူမတို့၏သူငယ်ချင်းတစ်ယောက် အိမ်သို့ လျှောက်သွားကြခြင်းဖြစ်သည်။ ထိုသို့မှ မလျှောက်လျှင်လည်း မဖြစ်...။ အိမ်က သူမတို့ဆီ လာမည့်ပုံ မပေါ်ချေ။

ထိုအချိန်မှာပဲ...

"ဘုတ်"

"ဟင်..."

အားလုံး အံ့သြသွားကြရသည်။

ဖင်မာမိုး၏ ခေါင်းပေါ်သို့ ကျီးကန်းတစ်ကောင် ပြုတ်ကျလာခြင်း ဖြစ်သည်။ သူမတို့ ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ တစ်ယောက် ဘစ်ပေါက် ဝေဖန်မိကြသည်။

"ကျီးကန်းက အသေကြီးဟဲ့"

"ဘယ်သူ လေးဂွနဲ့ ပစ်လိုက်တာလဲ မသိဘူး"

ဖင်မာမိုး၏ မှတ်ချက်ကို (စုံထောက်ဝတ္ထုစာမူများ ပရုဖ်ဖတ်နေရသော) မိဝါက လက်မခံချေ။

"မဟုတ်ဘူးဟဲ့...။ ကျီးကန်းအအိုကြီး။ သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီး ပြီး သေတာ...''

''ဒါဖြင့် ဘာဖြစ်လို့ ငါ့ခေါင်းပေါ်တည့်တည့်မှာမှ လာသေရတာ လဲ''

''ငှက်တို့မည်သည် ပျံရင်းသေတာပဲဟာ...။ ပျံရင်း သေရင်း နှင့်ခေါင်းပေါ် မတော်တဆပြုတ်ကျလာတာပေ့ါ''

မျိုးမြတ်စုက သူမတို့၏ စကားကို စိတ်မဝင်စားဘဲ...

''နံလိုက်တာဟယ်...။ ဘာနံ့ကြီးလဲ မသိဘူး''

ထိုအခါကျမှ မိဝါကလည်း...

''ဟုတ်ပါရဲ့...။ ကွေ့ ဇင်မာ့ဆီကပါပဲ''

ဇင်မာက ဇဝေဇဝါ ဖြစ်သွားသည်။

''ငါလည်း နံတာပါပဲ...။ ဒါပေမဲ့ ဘာကိစ္စနဲ့ ငါ့ဆီက ဖြစ်ရ မှာလဲ''

''အဲဒီ့ကျီးကန်းဆီက ပါလာတဲ့ အနံ့ဟေ့...။ သူ့ဖာသာ ဘာဖြစ် လာမှန်းမသိဘဲ အနံ့က နင့်ကိုယ်ပေါ် အခုတင်ကျန်ခဲ့တာ...''

ဇင်မာမိုးက နှာခေါင်းရှုံ့ရှုံ့ဖြစ်သွားပြီး အထိတ်တလန့် မျက်လုံး ပြူးကာ...

''ဟယ်...ဟုတ်ပါရဲ့။ အနံ့ဆိုးကြီးက ငါ့ဆီကထွက်နေတာ...''

''တော်တော်နံတာပဲ...။ နင် နည်းနည်းပါးပါးတော့ ကိုယ်လက် သန့်စင်ပစ်မှ ဖြစ်မယ်။ အေးအေးမော်တို့အိမ်ကို ရောက်ဖို့ကလည်း အတော်လိုသေးတယ်။ နင့်မှာ တစ်သျှူးပေပါတို့၊ ရေမွှေးတို့ ပါတယ် မဟုတ်လား...။ ဒီအနံ့ကြီး ပျောက်မှဖြစ်မယ်''

''ပါတော့ပါတယ်...။ ဒါပေမဲ့ ဘယ်နေရာမှာ သွားလုပ်ရမှာလဲ''

''လူရှင်းတဲ့ စားသောက်ဆိုင်တစ်ခုခုကို ဝင်ရမှာပေါ့ဟာ...။ အဲ့ဒီမှာမှ ရေအိမ်ထဲ ဝင်လုပ်ပေါ့''

အရေးထဲမှာ ဇင်မာမိုးက ရှက်စရာမဟုတ်တာကို ရှက်နေသေး သည်။





''ဟယ်...ဆိုင်ထဲရောက်ရောက်ချင်း ရေအိမ်ထဲ အပြေးဝင်ရမှာ ချက်စရာကြီး''

''နင် ဒီအနံ့နဲ့ဆို တစ်ဆိုင်လုံးက ကမန်းကတမ်း လမ်းဖယ်ပေး ကြမှာပါ။ အပြင်မှာတော့ ထွက်မကျစေနဲ့နော်လို့တောင် မှာဦးမယ်''

''ဟယ်...''

ဇင်မာမိုး အားငယ်သွားသည်။ မျက်နှာက ဆီးရွက်လောက် မဖြစ်ပါဘဲ သူ့အတိုင်း ရှိလျက်က ငယ်သွားသည်။ မျိုးမြတ်စုကလည်း ဖြည့်စွက်ပြောသည်။

''တစ်ချို့ကဆို ထွက်တောင် ထွက်နေပြီ ထင်မှာ...''

''အယ်...ဒီလောက်တောင်ပဲလားဟယ်...။ ငါ အော်သာ ဆဲ က်ချင်တော့တယ်''

''နင့်ကိုယ်နင်လား''

''ဘယ်ဟုတ်ရမှာလဲ။ ဒီ...ကျီးကန်မသားကို''

''ခုမှတော့ ဒီကျီးကန်းအသေကြီးကိုလည်း နင် အပြစ်တင်မနေ နဲ့တော့။ နာရေးကူညီမှုအသင်းကလည်း နင့်ကို ဘယ်လိုမှ အကူအညီ ပေးနိုင်မှာ မဟုတ်ဘူး...။ တစ်ဆိုင်ဆိုင်မှာ အမြန်ဝင်ဖို့သာပြင်။ နင့်ကို အကြဲပေးရတာ နံလိုက်တာ...''

ထိုသို့ဖြင့် အနီးဆုံး စားသောက်ဆိုင် တစ်ခုဆီ သူတို့ ရောက် သွားကြသည်။ ဇင်မာမိုး၏အနေအထားကို ဆိုင်ထဲမှ လူများက မရိပ် မိလိုက်ကြပါ။ ဇင်မာမိုးကလည်း ဘယ်တုန်းကမှ၊ ဘယ်သူဆီကမှ သင် ထားသော ကိုယ်ဖော့ပညာကို အပြည့်အဝသုံးပြီး ရေအိမ်ထဲသို့ အလျင် အမြန် ဝင်သွားသည်။

မိဝါနှင့် မျိုးမြတ်စုက စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ချောကလက် နှစ်ခွက် မှာလိုက်သည်။ မျိုးမြတ်စုက အတွေးခေါ်ပြီး အယူသည်းတတ်သူ ဖြစ်သောကြောင့်...

''ဟဲ့...မိဝါ''



www.burmeseclassic.com

www.burmeseclassic.com



"ပြော..."

"ခု... ဇင်မာမိုး ဖြစ်ပုံကြီးက ထူးဆန်းတယ်ဟ။ သူ တစ်ခါမှ [illegible] ဟုတ်ဘူး။ အိုဟာ...ဘယ်သူမှလည်း ကြုံကြမှာ မဟုတ်ဘူး"

"အေးပါ...။ အဲ့ဒါ ဘာဖြစ်လို့လဲ"

"အဲ့ဒါ ကံကောင်းချင်တဲ့ နိမိတ်လား၊ ကံဆိုးမယ့် နိမိတ်လား ဆိုတာ ငါ စဉ်းစားနေတာ"

"နင်ကလည်း...ဘာဖြစ်ဖြစ် ဒီ အတိတ်တွေ၊ နိမိတ်တွေနဲ့ပဲ တွေးနေတော့တာပဲ"

စကားစ ခဏပြတ်ပြီး ချောကလက်သောက်ကြသည်။ တစ်ငုံငင်လောက်သောက်အပြီးမှာပဲ မျိုးမြတ်စုက လုပ်လာပြန်သည်။

"အယူတော်မင်္ဂလာ ဦးနိုး ဆိုရင်တော့ သိမှာဟ"

"သူက...ဘယ်မှာလဲ"

"စာအုပ်အဟောင်း အရောင်းတန်းတွေမှာတော့ ရှိမှာပေါ့"

"ဘာလဲ...။ သူက စာအုပ်အဟောင်း ရောင်းတာလား"

"ဟာ..."

မျိုးမြတ်စု အတော်စိတ်ညစ်သွားပုံ ရသည်။ ထို့ကြောင့် (ဆိုင်ဆိုင် မဆိုင်ဆိုင်) စားပွဲထိုးကို ရေသန့်ဘူးတစ်ဘူး လှမ်းမှာသည်။ ပြီး မိဝါဘက် လှည့်ကာ...

"ဒီမှာ ဒေါ်ရွှေဝါ"

"ညောင်..."

မိဝါက ထိုသို့ပင် ပြန်ထူးလိုက်သည်။ သူက ကိုယ့်ကို ကြောင်နာမည်တပ်၍ ခေါ်သည်ကို။ သို့သော် မျိုးမြတ်စု ထူးသည်ကို ဂရုမစိုက်ပါ။ ဆက်ရှင်းပြရန် ပြင်သည်။

"အယူတော်မင်္ဂလာ ဦးနိုး ဆိုတာက ရှေးဘုရင်တွေ လက်ထက်က..."





မိဝါက ပျာပျာသလဲ လက်ဝါးကာထားသည်။

"ဆက်မပြောပါနဲ့တော့...ငါသိပါတယ်။ ငါ့အဖေက စာရေးဆရာပါ"

သူမ ပြောသည့်အချက်က သဘာဝကျနေသဖြင့် မျိုးမြတ်စု ငြိမ်သွားသည်။ ရှင်းပြခွင့်မရသည့် သူမ၏အဖြစ်ကို ရင်နာစွာနှင့် ချောကလက်ဖျော်ရည်ကို အကုန်သောက်ပစ်လိုက်သည်။ မိဝါကို အရည်ဖျော်သောက်လိုက်ရသလို ကျေကျေနပ်နပ် ခံစားရ၏။ မိဝါက (ခေတ်ဟောင်း တော်ရီယို သီချင်းတစ်ပုဒ်ထဲကလို) ချောပြီး ကလက်သည်ကိုး...။

သို့သော် ကြာကြာလည်း ငြိမ်မနေနိုင်ပါ။

"ဟဲ့...မိဝါ"

"ဘာလဲဟယ်"

"ခု...ဇင်မာမိုးရဲ့ကိစ္စကိုပဲပေါ့။ ကျိုးကန်းက တနင်္လာနံ နှစ်ထပ်ဖြစ်ပြီး..."

"နေဦး...နေဦး...။ ငါ ဖြတ်ပြောရဦးမယ်"

"ပြော...ပြော...ဘာလဲ"

"နင်...အဲ့ဒီလို တွေးရတာ စိတ်မရှုပ်ဘူးလား"

"စိတ်ရှုပ်တာပေါ့"

"ဒါဖြင့် နင့်အတွေးတွေကို ရပ်သွားအောင် ငါလုပ်ပေးမယ်"

"အတွေးကို ဘယ်လိုလုပ် ရပ်လို့ရမှာလဲ"

"တွေးလက်စအတွေးကို ဖျက်ပစ်လိုက်တဲ့ နည်းပေါ့ဟာ..."

မျိုးမြတ်စု မျက်မှောင်ကြုတ်သွားပြီး မယုံကြည်သလို ပြန်မေးသည်။

"မကြားဖူးဘူး။ ဘယ်လိုလုပ်ရမှာလဲ"

"တံတွေး မြိုချလိုက်"

"ဘာရယ်..."

"တံတွေးမြိုချလိုက်ဆို..."



www.burmeseclassic.com

www.burmeseclassic.com



``ဘာဆိုင်လို့လဲ...၊ တံတွေးမြိုချရင် အသက်ရှူ ရပ်သွားတတ်တာကိုပဲ သိပါတယ်''

မျိုးမြတ်စုက မိဝါထံမှ မျက်နှာလွှဲရင်း တံတွေးမြိုချကြည့်သည်။ လက်ခံသွားသလို ခေါင်းညိတ်သည်။ မိဝါ ပြုံးမိ၏။ ဇင်မာမိုးတစ်ယောက်လည်း အထဲမှာ ဘယ်လိုဖြစ်နေသည် မသိ။ အချိန်အတော်ကြာသည်အထိ ထွက်မလာ။ မျိုးမြတ်စုမှာလည်း အတွေးတွေကို မည်မျှအထိ တိုက်ဖျက်နေရသည် မသိ။ တံတွေးတွေ ခဏခဏ မြိုချနေသည်။

စားပွဲထိုးလေးတစ်ယောက်က မျိုးမြတ်စုအနားသို့ ရောက်လာသည်။

'အစ်မလေး'

မျိုးမြတ်စု မျက်ခုံးပင့်ကာ ပြန်ကြည့်ရင်း...

``ဘာလဲ''

``ရွှေရင်အေးများ သုံးဆောင်မလားခင်ဗျာ...''

``ဘာဖြစ်လို့လဲ...၊ ငါ ဒီမှာ ချောကလက် သောက်ပြီးပြီပဲ''

``ဒီလိုပါ...၊ အစ်မလေးက ဟိုဘက်ဝိုင်းက ရွှေရင်အေး စားတာကို ကြည့်ပြီး တံတွေး ခဏခဏမြိုချနေတာကို တွေ့လို့...၊ အဲ့ဒါကြောင့်...''

``ဘာ''

မျိုးမြတ်စု၏ အော်သံကြောင့် စားပွဲထိုးလေး တုန်ခနဲ ဖြစ်သွားသည်။ အခြားဝိုင်းများက လှည့်ကြည့်ကြသည်။ မိဝါကတော့ မိန်းကလေးပီပီ တဟားဟား အော်ရယ်သည်။ ထိုအချိန်မှာမှ ဇင်မာမိုးက ပြန်ရောက်လာပြီး...

``ဘာဖြစ်နေကြတာလဲ''

မျိုးမြတ်စုက ဇင်မာမိုးကို ဂရုမစိုက်အား...၊

``နင်...နင်က...ငါ့ကို အတော်မ အောက်မေ့လို့လား''

စားပွဲထိုးလေးကို ကက်ကက်လန် ရန်တွေ့နေသည်မှာ တံတွေးပင် သီးသည်။ သူမ၏ တံတွေးဖြစ်ရသည်မှာလည်း မသက်သာ။ အမြိုခံရလိုက်၊ အသီးခံရလိုက်။ မိဝါမှာဖြင့် ရယ်ရတာ ဗိုက်ကိုပင် နှိပ်ထားရသည်။ ဇင်မာမိုးက ခုံမှာပင် ဝင်မထိုင်အားသေးဘဲ ဟိုလူ့မျက်နှာကြည့်၊ ဒီလူ့မျက်နှာကြည့်လိုက် ဖြစ်နေသည်။



``မဟုတ်ပါဘူး...၊ ကျွန်တော် ကျွန်တော်က ..ဟို...ဒီလို...''

မိဝါက ရယ်လျက်နှင့်ပင် 'သွားတော့'ဟူသော အမူအရာဖြင့် ကောင်လေးကို လက်ဟန်ပြလိုက်သည်။ စားပွဲထိုးလေး တစ်ချိုးတည်း လစ်ပြေးသွားတော့၏။

``နင်...ဘာသောက်မှာလဲ''

ခုံမှာ ဝင်ထိုင်သော ဇင်မာမိုးကို မိဝါက မေး၏။

``မသောက်တော့ပါဘူး''

မျိုးမြတ်စုက ဝင်ဘုတောသည်။

``သောက်ချင်ရင်လည်း ရေမွှေးပဲ သောက်ပစေ''

ဇင်မာမိုးကမျိုးမြတ်စုကို နားမလည်သလိုကြည့်၏။ မိဝါက

``အေး...ဇင်မာ၊ နင့်အနေအထားကကော ဘယ်လိုလဲ''

``ကောင်းသွားပါပြီ''

``အိုကေပြီနော်''

``မယုံရင် ရှူကြည့်ပါလား''

``ယုံတယ်...ယုံတယ်...၊ မယုံဘူးလို့ မပြောပါဘူး''

``ကဲ...ဒါဖြင့်လည်း ငွေရှင်းလိုက်တော့လေ၊ အေးအေးမော်တို့ အိမ် သွားကြမယ်''

ငွေရှင်းပြီး ဆိုင်ထဲမှ ထွက်လာခဲ့ကြ၏။

ညနေဦးက ရိပ်ရိပ်ပင်ပြေးနေပြီ၊ နေရောင်လဲ့လဲ့က လမ်းပေါ်မှာ ဝင်သွဲ့နေ၏။ ကောင်းကင်မှာ တိမ်ဖြူတိမ်ပြာတွေ ကဗျာအရေးဖြိုင်နေသည်။ ရာသီဥတုက သာယာပါသည်။

တစ်နေရာအရောက်မှာ မျိုးမြတ်စုက ဖောက်လာပြန်သည်။ သူမက ဖောင်းခနဲ ဖောက်ခြင်းမဟုတ်သော်လည်း ဇင်မာမိုးက ``ရှူး''ခနဲ ဥပါက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ဇင်မာ"

"ဟေ..."

"ဟိုမှာကြည့်စမ်း"

မျိုးမြတ်စု ညွှန်ပြသည်က ညောင်ပင်ကြီးတစ်ပင်၏ အရိပ်အေးအေးဆီသို့ ဖြစ်၏။ ထိုသစ်ရိပ်အောက်မှာ အဘွားကြီးတစ်ယောက်က 'ကြွေဗေဒင်ဟောသည်'ဟူသော ဆိုင်းဘုတ်ကလေးနှင့်အတူ ထိုင်နေသည်။ သူ့ရှေ့မှာ ခင်းကျင်းထားသည်က ဗေဒင်ဟောစာတမ်း စာအိတ်ကလေးများ...။

"ဗေဒင်တဲ့...မြင်သားပဲ။ ဘာဖြစ်လို့လဲ"

မျိုးမြတ်စုက "ကျွတ်"ခနဲ စိတ်မရှည်သလို စုတ်သပ်သည်။ ကျွတ်ခနဲ စုတ်မသပ်ချင်၍လည်း အခြားအသံဖြင့် စုတ်သပ်၍ မရပါ။ သို့သော် ဇင်မာမိုးကို (တုံးလှပါကလားဟု ကြည့်သည့်မျက်လုံးကို)မိဝါက သေသေချာချာတွေ့လိုက်သဖြင့်...

"ဇင်မာရေ...။ သူက နင့်ကို ဗေဒင်မေးခိုင်းမလို့ဟဲ့"

"ငါက ဘာလို့ ဗေဒင်မေးရမှာလဲ။ ငါ့အကြောင်းကို ငါ့ထက် ပိုပြီး ဘယ်သူက သိမှာလဲ"

"ကောင်းလိုက်တဲ့ စကား"

မိဝါက ထိုသို့ ထောက်ခံလိုက်သဖြင့် မျိုးမြတ်စုက မကျေနပ်ချေ။ ဇင်မာမိုးကို အောက်ကလိအာ လေသံဖြင့်...

"ဒါဆို ငါမေးမယ်။ နင့်ရဲ့ အတိတ်ဘဝကို နင်သိလား"

"သိတယ်"

"ဒါဖြင့် ပြောစမ်းပါဦး။ ဘာလဲ..."

"ငါက နတ်သမီးလေးပေါ့။ နတ်သားတစ်ပါးရဲ့ ဘယ်ညာမှာ တန်းစီခစားရတဲ့ နတ်သမီးတော့ မဟုတ်ပါဘူး။ အပျိုစင်နတ်သမီးလေး...။ ပျင်းလို့ လူ့ပြည်ဆင်းလာတာ..."

"နင်...ငါ့ကို ရွဲ့နေတာ"





"အဟုတ်ပြောနေတာ...။ အဲ့ဒီမှာကတည်းက နင်တို့က ငါ့ရဲ့ အခွေအရံတွေ..."

မိဝါက ရယ်မိသော်လည်း မျိုးမြတ်စုက ဆွေ့ဆွေ့ခုန်ရပြန်သည်။ ပြုန်ခနဲ့၏။

"အဲ့ဒါကြောင့် နင့်ခေါင်းပေါ် ကျီးကန်းအသေကြီး ပြုတ်ကျတာ...။ ကျီးကန်းမှာတောင် အိုကြီးအိုမကြီး။ ပြီး...နံနံစော်စော်ကြီး။ အတိတ်ဘဝက ဘယ်လိုပတ်သက်လာသလဲမှ မသိတာ။ ဟင်း... ဟိုဒင်း ဟင်း..."

ရယ်ချင်ပက်ကျိဖြစ်ပြီး မိဝါကပဲ ကြားဝင်ရသည်။

"ဇင်မာရယ်...။ မျိုးက နင့်ခေါင်းပေါ် ကျီးကန်းအသေပြုတ်ကျ တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထူးခြားတဲ့အတိတ်နိမိတ်လို့ ယူဆနေတယ်။ အဲ့ဒါကြောင့် ဗေဒင်မေးစေချင်နေတယ်။ မေးလိုက်ပါ။ ဘာဖြစ်လဲ... ဘယ်လောက်မှ ကုန်မှာလဲ မဟုတ်ဘူး။ အဘွားကြီးကို လှူတယ်လို့ သဘောထားလိုက်ပါ"

"ပြီးရောဟေ့...ပြီးရော..."

ဇင်မာမိုးက ကြွေပစ်ချလိုက်သည်။ ပက်လက်တွေ မှောက်ခုံတွေ ကျချင်သလို ကျနေသည့် ကြွေစေ့လေးများကို တစ်ချက်လှမ်းကြည့်ပြီး အဘွားကြီးက ဇင်မာမိုးကို စာအိတ်တစ်အိတ် ရွေးကောက်ပေး၏။ ဇင်မာမိုး ဖွင့်ဖောက်ပြီး ဖတ်တော့ မိဝါနှင့်မျိုးမြတ်စုတို့ကပါ ခေါင်းတော မျက်လုံးနှင့် ငမ်းငမ်းတက် လိုက်ဖတ်ကြသည်။ အံ့သြစရာ စာသားကိုတော့ တွေ့ရသည်။ တစ်ကြောင်းတည်းရယ်ပါ။

မကြုံဖူးသော စိတ်ကူးနှောင်ဘယက် ဖြစ်စရာတို့ ကြုံမည်။

ဟုတ်သလို မှန်သလိုတော့ ရှိနေသည်။ မျိုးမြတ်စုကို ဘယ်လိုမှ ထိန်းမရတော့...။

"အမွှား...။ သမီးလည်း မေးချင်တယ်"

"ရပါတယ်...။ ကြွေပစ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မျှော်မြဘိုဝီစုက ကြွေစေ့များကို နွားသိုးကြိုးပြတ် ပစ်ကြဲချတော့၏။ ထို့နောက် အဘွားကြီး ညွှန်ပြသော စာအိတ်ကို ကောက်ယူ ဖွင့်ပေါက်ကာ ကိုယ်ပိုင်မျက်လုံးဖြင့် ဖတ်၏။ ပြီး...သူကိုယ်တိုင် တံတွေးကို မြိုချရမလို သီးရမလို ဖြစ်သွားသည်။

ကာထင်လွဲ ဘဲရှိလိမ့်မည်။

သည်စာလေးတစ်ကြောင်းကိုပဲ သူက အပြည့်အဝထောက်ခံလိုက်သည်။ လောဇလာလတ်လတ်ကို စားသောက်ဆိုင်မှာ ကြုံလိုက်ရပြီကိုး...။ (ရွှေရင်အေးကိုပင် တစ်သက်လုံး မသောက်ရဲရအောင် ဖြစ်ခဲ့ရပြီး) ဤဗေဒင်က သူ့မအတွက် မှန်သည်ဟု ထင်လျှင်လည်း အငြိမ်မနေ၊ မိဝါဘက်သို့ လှည့်လာသည်။

''ဟဲ့...မိဝါ။ နင်လည်း မေးလေ''

''ဟာ...ငါ...''

မိဝါက ငြင်းမည်ကြံရုံရှိသေးသည်။ ဤတစ်ကြိမ်တွင်တော့ ဇင်မာမိုးကပါ မျိုးမြတ်စုဘက်မှ ဝင်ရောက် ထောက်ခံပြောကြားသည်။

''ဟုတ်တယ်။ ငါ့ကျတော့ နင် ဝင်မေးခိုင်းပြီး...''

''အေးပါဟာ...အေးပါ''

မိဝါ လက်လျှော့ပေးလိုက်ရသည်။ ကြွေအံပစ်ရသည်။ အဘွားကြီး ကမ်းပေးသော စာအိတ်ကို (ချောကလက်မလေးပင် ဖြစ်လင့်ကစား) ကြာနှေးနှေးနှင့် ဖတ်သည်။

''ဟင်...''

စိတ်ညစ်သွားသည်။ အပေါင်းအပါနှစ်ယောက်လည်း ထိုအတိုင်းပင်...။

ဤနှစ်ကာလွင်းမှာ ကိုစယောင်ကျွမည်။

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ အမြဲတစေ ပြောင်စပ်စပ်နေတတ်သော မိဝါ၏မျက်နှာ တည်သွားသည်။ ဇင်မာမိုးကိုကြည့်ကြည့်၊ မျိုးမြတ်စုကို ကြည့်ကြည့်၊ ဗေဒင်ဟောသော အဘွားကြီးကို ကြည့်ကြည့်...။

သွားဖြီးပြနေသော ပန်တျာရဲဝင်း၏ မျက်နှာကိုသာ ကြောက်မက်ဖွယ်ရာ မြင်ရသည်။







www.burmeseclassic.com

www.burmeseclassic.com



(၂)

တစ်ရံတစ်ခါတွင် ကိုယ်စိုးရိမ်သောအရာကမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတတ်လေသည်။ အိမ်ရောက်ရောက်ချင်း အထဲမဝင်မီမှာ ကို့ရဲဝင်း၏အသံကို အရင်ကြားရသည်။ သူမ အလွန်ကြောက်သော ပန်းတျာရဲဝင်း ဖြစ်၏။ ဇာတ်အငြိမ့်တွေထဲကလို ရင်ဘတ်ထုပြီးငိုချင်းညည်းခိုင်လောက်အောင် မိဝါ စိတ်ဆင်းရဲသွားသည်။

"ကျွန်တော် အဲ့ဒီနယ်ဘက်မှာ ဆင်ဒရဲလား ပြဇာတ်ကို တင်ဘာ့ အတော်အောင်မြင်တယ် ဦးရဲ့" '

"ကောင်းတာပေါ့...။ မောင်ရင်က ပန်းတျာရဲဝင်းဆိုပြီး နာမည်

ကြောင်နှစ်[illegible]စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပြီးသားပဲ''

''ကျွန်တော်တို့ အနုပညာလောကမှာ နာမည်တစ်လုံးရဖို့ဆိုတာ မလွယ်ဘူးလေ''

''သေချာတာပေါ့ကွယ်...။ ဒါပေမဲ့ မောင်ရင်က ညိုညိုလုံးလုံးနဲ့ အညာထန်းလျက်ခဲလေးပုံဆိုတော့ သူတို့ အကြိုက်တွေ့ကြမှာပေါ့''

ကိုရဲဝင်းမျက်နှာက ရှုံ့မဲ့သွား၏။

''အာ...အဲ့ဒီလိုလည်း မဟုတ်သေးဘူးလေ...ဦးရယ်''

''မဟုတ်ဘူးလား...''

''မဟုတ်ဘူး''

အစကတော့ အိမ်ထဲမဝင်၊ အိမ်ပြင်မှာ ခပ်ကွယ်ကွယ်ရပ်နေရန် မိဝါ စိတ်ကူးမိသေးသည်။ သို့သော်လည်း စတိုးဆိုင်မှ ပြန်လာပုံရသော မေမေက မိဝါကို နားမလည်သလို ကြည့်ရင်း မေးသည်။

''သမီး...။ အိမ်ထဲမဝင်ဘဲ ဘာရပ်လုပ်နေတာလဲ''

မိဝါက မျက်နှာကို ရှုံ့မဲ့ပြပြီး အိမ်တွင်းသို့ပါ မေးငေါ့ပြလိုက်၏။ ကိုရဲဝင်းကိုတွေ့တော့ မေမေ့မျက်နှာက ပြုံးချိုသွားသည်။ မေမေက ပန်းချီရဲဝင်းဇာတ်ကို အလွန်ကြိုက်သူဖြစ်သည်။ ကိုယ့်သမီးကို လာရောက် ပိုးပန်းနေမှန်းသိလျက်နှင့် ရဲဝင်းခမတောင်းဘဲ အိမ်သို့ အဝင် အထွက်ပြုထားသည်။ (မှတ်ချက်။ နေ့ဘက်တွင်သာ...)

''အောင်မာ...ညည်းအချိုးကို ငါသိတယ်။ လာ...အထဲဝင်''

မိဝါ အင်တင်တင်ဖြင့် မေမေ့နောက်မှ လိုက်ဝင်ရသည်။ သူမကို မြင်မြင်ချင်း ပန်းချီရဲဝင်း၏မျက်နှာက အညာထန်းလျက်ခဲလို ချိုမြသွားသည်။ ထို့ကြောင့် သူ့အပြုံးကလည်း ညိုညိုလုံးလုံးလေးဖြစ်သည်။

''မိဝါလေး...။ ဘယ်ကပြန်လာတာလဲ''

''အပြင်က...''

''သြော်...အပြင်က ပြန်လာတာမှန်းတော့ သိတာပေါ့ကွယ်''

''အထဲက ထွက်လာတာ မဟုတ်ဘူးလို့ ပြောတယ်လေ''





''အထဲကဆိုရင် ထွက်လာရမှာပေါ့''

''အင်းလေ...။ အဲ့ဒါကြောင့် အပြင်က ပြန်လာတာလို့ ပြောနေတာ''

မိဝါက ပန်းချီရဲဝင်းကို ခွာရှုပ်ပေးလိုက်သည်။ ကပ်ပြီးတော့ မရှုပ်နိုင်ပါ။ ဗမာစကား ပြောတတ်ကြတာချင်းအတူတူ ဖေဖေက ဘာမှ ဝင်မပြောသော်လည်း မေမေက ဝင်ပြောသည်။

''သမီး...။ မေမေ ဘယ်လိုမှာထားလဲ။ မောင်ရဲဝင်းကို ကောင်းကောင်းမွန်မွန် ဆက်ဆံရမယ်လေ...။ အဲ့ဒီလို ဂျစ်မတိုက်ရဘူး၊ နွဲ့ဆိုး မဆိုးရဘူး''

အို...ဘာနွဲ့ဆိုးလဲ။ အခံရခက်လိုက်တဲ့ စကားလုံး...။ သူမက ဘာမှ ဆက်မပြောတော့သဖြင့် မေမေက ဝင်ပြောသည်။

''မောင်ရဲဝင်း...။ ဘယ်တုန်းက ရောက်သလဲ''

''သိပ်မကြာသေးပါဘူး ဒေါ်ဒေါ်''

ကြာပြီဆိုလျှင် ပြန်ရမည်စိုး၍ ထိုသို့ ဖြေခြင်းလည်း ဖြစ်နိုင်သည်။ အခြေအနေကို အကဲခတ်ကြည့်ရတာ သူနှင့်ဖေဖေ စကားပြောခဲ့ကြတာ အတော်ကြာပြီး ဖြစ်ပုံရသည်။ ဖေဖေကဖြင့် မျှော့နေပြီ။ မေမေက ရိုးလွန်း၊ အေးလွန်းသဖြင့် 'အ'သလို ဖြစ်သွားသည်။ တကယ်ဆို 'အောင်မလေး...မောင်ရဲဝင်း'ဟု ဇာတ်သံပါပါ အော်ပြီး ခေါင်းစလေး မကာ မကာ မျက်ရည်သုတ်ပြလိုက်ဖို့ ကောင်းသည်။

''သမီးက ထိုင်လေ...။ မိုးတိုးမတ်တပ်နဲ့''

''ဟုတ်သားပဲ...။ ထိုင်လေ မိဝါလေးရဲ့...။ ဒီမှာ ကိုရဲတို့ ကတဲ့ ဆင်ဒရဲလားပြဇာတ် အောင်မြင်တဲ့အကြောင်း ပြောပြနေတာ''

''ဟုတ်လား...။ အဲ့ဒီပြဇာတ်ကို ဘယ်သူရေးတာလဲ''

''နွားထိုးကြီးမောင်မောင်လေ...။ ကိုယ်နဲ့ နန္ဒဝန် မြမြစိန်တို့ ကတာကို ပရိသတ်က အရမ်းကြိုက်ကြတယ်...။ ရုံပြည့်ရုံလျှံပဲ''

''မဟုတ်ပါဘူး။ မူရင်းရေးတဲ့လူကို မေးတာ''



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ စကားကို ပန်တျာရဲဝင်း နားမလည်ချေ။ မျက်မှောင်ကြုတ်ပြီး သူမကို ထန်းလျက်မှိုတက်လို ကြည့်နေသည်။ သူမက စိတ်မရှည်သလို အမူအရာဖြင့်...

''ပြင်သစ်က မူရင်းစာရေးဆရာကို မေးတာ''

''ပြင်သစ်က ရေးတာလား...။ အဲ့ဒါကိုတော့ မသိဘူး''

''ဟုတ်တယ် ရှင့်။ ပြင်သစ်က ရေးတာ။ ချားလ်ပါရော့...ဆိုတဲ့ သူက ၁၈ ရာစုအတွင်းမှာ ရေးတာ''

''သြော်...။ အဲ့ဒီလိုလား...''

''ဟုတ်တယ်။ ကဲ...ကျွန်မ အဝတ်အစား သွားလဲလိုက်ဦးမယ်။ ရှင် အချိန်ရရင် မေမေ့ကို တစ်ပိုဒ်လောက် ကပြနေလိုက်ပေါ့''

အစကတည်းက မကြီးလှသော ပန်တျာရဲဝင်း၏ မျက်နှာကလေး ငယ်သွားသည်။ မေမေက...

''တယ်...ဒီကောင်မလေး''

မကြားချင်ယောင်ဆောင်ပြီး အိမ်တွင်းခန်းထဲ လှည့်ဝင်ခဲ့သည်။

ရေမိုးချိုး အဝတ်အစားလဲပြီး အိပ်ရာပေါ်ပစ်လှဲ့ကာ ကိုယ့်ဘဝ ကိုယ်ရင်နာနေမိသည်။ သူမလို လှပခေတ်ဆန်သည့် မိန်းကလေးကို ချည်းကပ်ကြသည့် လူငယ်တွေ ဝိုင်းဝိုင်းလည်နေပါသည်။ ထိုကြားထဲမှာမှ မေမေက ကိုရဲဝင်းကို သဘောတွေ့နေသည်။

ကိုရဲဝင်းကလည်း သူ့ဘာသာတော့ အစွမ်းအစရှိပါလိမ့်မည်။ သို့သော် သူမကတော့ 'ဘဝဖော်အဖြစ် မရွေးချယ်လို့ပါ။ မေမေက ပြောထားသည်။ သြဇာပြင်းသော စကားဖြစ်သည်။

''နင့်ကို ဒီနှစ်အတွင်းမှာ အိမ်ထောင်ချပေးမယ်''

မည်သူမည်ဝါနှင့်ဟု အတိအကျမပြောသော်လည်း ကိုရဲဝင်းနှင့် ဖြစ်ကြောင်း သူမ အသေအချာသိနေသည်။ ဖေဖေကတော့ ဘာမှ ပြောမည်မဟုတ်။ သဘောတူမှာပါပဲ။ သူမကတော့ သဘောမတူ။ သူမ၏ သူငယ်ချင်းများကလည်း သဘောမတူ။ ခက်တော့ခက်သည်။ အကြီး





အကျယ် ခက်နေသည်။

ထိုအထဲမှာမှ ဇာတ်သံဖြင့် စကားပြောတတ်ခြင်း၊ ရွှေးဟန်နှင့် အမူအရာ တင်ပြတတ်ခြင်းတို့ကလည်း ရယ်စရာ၊ စိတ်ပျက်စရာ ဖြစ်နေ ဘတ်သဖြင့် ကိုရဲဝင်းကို သူမ လုံးဝလက်မခံနိုင်။ ပန်တျာရဲဝင်းကတော့ သူမမိခင်ကို အပိုင်စည်းရုံးထားပြီးသား ဖြစ်နေသည်။

ထိုသို့ အတွေးဝေနေစဉ်မှာပဲ ဧည့်ခန်းထဲမှ မေမေ့ခေါ်သံကို ကြားရ၏။

''မိဝါ...။ အပြင်ထွက်လာဦးလေ''

မထချင် ထချင်နှင့် လှဲနေရာမှ လူးလဲထပြီး ပန်တျာရဲဝင်းကို မျက်နှာသွားပြရပြန်သည်။ မေမေက ကိုရဲဝင်းကို ဦးဆောင်စကား လမ်းကြောင်းပေး၏။

''ဒီမှာ...။ မောင်ရဲဝင်းက သမီးအတွက် အညာပြန်လက်ဆောင်တွေ ယူလာတယ်''

လက်ဆောင်ထုပ်များကို စိတ်မဝင်စားစွာ ကြည့်ရင်း...

''ဘယ်လောက်ဖိုးလဲ''

''အဲ...''

ပန်တျာရဲဝင်း ကြောင်တက်တက်ဖြစ်သွားပြီးမှ...

''အာ...မိဝါလေးကလည်း။ အဲ့ဒါတွေ မေးနေစရာ မလိုဘူး''

''ကျွန်မမှာ ပိုက်ဆံကလေး ၁၅၀၀ ပဲ ရှိတော့တယ်။ အဲ့ဒါပဲ ယူသွားတော့...''

ပန်တျာရဲဝင်းမှာ ပျာပျာသလဲအမူအရာဖြင့်...

''အို...အို...မယူပါဘူး''

''ဘာဖြစ်လို့လဲ''

''ကျိန်းကြေသွားမှာ စိုးလို့။ အဲ...မဟုတ်ပါဘူး။ လက်ဆောင် ပဲ...။ မယူပါဘူး''

''ဇာတ်တိုက်ဖို့ မသွားသေးဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင်ကြီး နှင်ထုတ်သလိုဖြစ်နေသော မိဝါကို မေမေက မသိမသာ ဗိုက်ခေါက်လိမ်ဆွဲသည်။

''အား...အောင်မလေး''

ခံသိမသာလိမ်ဆွဲခြင်း ဖြစ်ပါလျက်နှင့် သိသိသာသာ အော်ဟစ်ပြီး ဗိုက်ကို နှိပ်နေသော မိဝါကို မေမေက တအံ့တသြကြည့်သည်။ ဖေဖေနှင့် ပန်တျာရဲဝင်းလည်း လန့်သွားသည်။

''ဘာဖြစ်တာလဲ''

''ဗိုက်ထဲက ရစ်ရစ်ပြီး နာလာလို့''

စကားအဆုံးမှာပဲ နောက်ဖေးဘက် လှည့်ထွက်လာခဲ့သည်။ ဘာပဲပြောပြော အနိုင်နဲ့ ပိုင်းနိုင်ခဲ့ပြီ။ မေမေကတော့ အောင့်သက်သက်ဖြင့် ကျန်နေရော့မည်။ မိဝါက ထိုသို့ပင် ဉာဏ်များသူဖြစ်သည်။ ခုတင်ပေါ် ပြန်လှဲပြီး စာအုပ်တစ်အုပ်ကို ဖတ်နေလိုက်သည်။ ကိုရဲဝင်း ပြန်သွားပြီးတော့ မေမေက သူမကို အခန်းဝမှ လာကြည့်သည်။ ဘာမှမလုပ်ခဲ့သလို မျက်နှာသေလေးနှင့် ရှိနေသော မိဝါကို မျက်စောင်းခဲပြီး...

''ဟွန်း...မိဝါ။ ညည်းနော်...ညည်း''

''ဟွန်း...မေမေနော်...မေမေ''ဟု သူမ ပြန်မပြောပါ။ ညဥ့်မှောင်၍ ဖေဖေတို့မေမေတို့ အိပ်သွားပြီးမှ သက်မွန်နွယ်ဆီ ဖုန်းခေါ်သည်။

''ဆို...မိန်းမ။ ညဖက်ကြီး ဘာကိစ္စရှိလို့လဲ''

''နင့်ကို တိုင်ပင်ချင်တာကော၊ မေးစရာကော ရှိလို့''

''ပြော...''

''ဒီလိုဟာ...'' ဟု အစချီပြီး ဖြစ်ပျက်သမျှ အကြောင်းစုံကို ရှင်းပြသည်။ သက်မွန်နွယ်က...

''အဲ့ဒီတော့ နင်က လင်မယူချင်ဘူး ဆိုပါတော့''

''လင်က ယူချင်ပါတယ်...။ ပန်တျာရဲဝင်းကို မယူချင်တာ''

သက်မွန်နွယ်က တခစ်ခစ်ရယ်သည်။ ရယ်ရင်းနှင့် ပြောသည်။

''နင့်ဗေဒင်က သေကောသေချာရဲ့လားဟယ်...။ မဟုတ်ရင်





သင်တစ်ယောက် အဖတ်တင်ကျန်လိမ့်မယ်။ နင့်ဗေဒင်က လမ်းဘေးက ခွေးဗေဒင်ကြီး''

''အေးပေါ့...။ အဲ့ဒါပဲ နင့်ကို တိုင်ပင်မေးမြန်းမလို့''

''ဘာလဲ...ပြော''

''နင့်မှာ နာမည်ကြီး ဗေဒင်ဆရာတစ်ယောက် အသိရှိလား''

''အသိတော့ မရှိဘူး၊ အဆက်အသွယ်တော့ ရှိတယ်''

''နင်က အစဖော်ပေးမှ ဖြစ်မှာပေါ့။ သူက သူ့ဘာသာ အထွေထွေမြင်တာကို ပြောရင်း ထပ်လျက်တူနေရင်တော့ တစ်မျိုးပေါ့''

''အေး . . . အဲဒီအခါကျမှ ငါကအသေးစိတ်တွေထပ်မေးရမယ်

''အေး . . ကောင်းတယ်''

''ဒါပေမယ့် နင့်ဗေဒင်ဆရာကမှန်မှဖြစ်မှာနော် . . သွေးထွက်အောင်မမှန်ရင်တောင်မျက်လုံးပြူးထွက်အောင်မှန်မှဖြစ်မယ်''

''အေးပါ...။ ငါနားလည်ပါတယ်''

နှစ်ယောက်သား အချိန်းအချက် လုပ်ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ပေဒင်ဆရာဆီ သွားသောလမ်းသည် မပီဝိုးတဝါးနိုင်လှ၏။ လေတိုး ၍ တဖျတ်ဖျတ်လွင့်နေသော ကံကြမ္မာအလံတော်၏ အရိပ်သဏ္ဌာန်ကို မှန်းမျှော်ကြည့်၍ လျှောက်လှမ်းသွားရသလိုပင်...။

နံနက်ခင်းကို ကျော်လွန်၍ မွန်းလည်း မတည့်သေးသောအချိန်သည် အပူရောင်အလင်းတို့ဖြင့် ဝင်းထိန်စပြုပြီ။ ကောင်းကင်ကြီးက သက်ငြိမ်တိတ်ဆိတ်လျက်။ မိုဃ်းနှင့် သက်မွန်နွယ်တို့သာ တစ်စုံတစ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



ငိုးထိတ်နေသလို စကားကိုပင် တိုးတိုးတိတ်တိတ် တုံ့လှုယ်ပြောဆိုရင်း ခရီးနှင်ခဲ့ကြသည်။

''ဟဲ့...သက်မွန်''

''ပြောလေ...''

''နင့်ဗေဒင်ဆရာကတော့ မှန်တယ်လို့ ငါလည်း သိရတယ်။ ဒါ လျှောက်မေးကြည့်တော့ အဲ့ဒီလို ပြောကြသူတွေ များတယ်လေ။ ဒါပေမဲ့...''

''ဒါပေမဲ့...ဘာဖြစ်လဲ''

''ငါ သူ့ကို မေးမြန်းတာတွေ၊ ဆွေးနွေးတာတွေကို လျှို့ဝှက်ထားပေးနိုင်ပါ့မလား''

''အာ...။ ဒါလောက်တော့ သူ တာဝန်ယူပေးမှာပါ''

''နင် သူ့ကို မေးဘူးလို့လား''

''ဟင့်အင်း...။ နေပါဦး...။ နင်ကကော ဒီဗေဒင်ဆရာအကြောင်း ဘယ်သူ့တွေဆီ လျှောက်မေးပြီး သိတာလဲ''

''အဟီး...။ အဲ့ဒါ နင့်ကို ငါ ညာပြောတာ။ ငါမေးကြည့်သမျှမှာ အဲ့ဒီဗေဒင်ဆရာအကြောင်း ဘယ်သူမှတောင် မသိကြဘူး။ အဲ့ဒီဗေဒင်ဆရာ ရှိမှန်းတောင် မသိကြဘူး''

''အဲ့ဒါများ...''

''အဲ့ဒါကြောင့် နင့်ကို လိမ်လိမ်မာမာ ပါးပါးနပ်နပ် လှည့်မေးနေတာပေါ့''

''တတ်လည်းတတ်နိုင်တဲ့မိန်းမ . သွားကြည့်တာပေါ့ဟယ် ဟိုရောက်တော့တွေ့မှာပေါ့''

ထိုသို့ဖြင့်ပင် သူမတို့ ဗေဒင်ဆရာမိုးသောက်၏ အခန်းသို့ ရောက်သွားကြသည်။ အခန်းသို့ မဝင်မီ ဆိုင်းဘုတ်ကို မြင်တော့ မိဝါ ပြုံးစိစိဖြစ်မိသေး၏။ သက်မွန်နွယ်က လေသံကလေးဖြင့်...

''နင်က ဘာစပ်ဖြဲဖြဲ လုပ်နေတာလဲ။ ဒီလောက်သားနားတဲ့ ဆိုင်းဘုတ်ကို...''

မိဝါက လေသံဖြင့်ပင်...



''သူ့နာမည်ကို မြင်တိုင်း ငါရယ်ချင်လို့''

''ဘာဖြစ်လို့လဲ။ မိုးသောက်ဆိုတဲ့ နာမည်က ကောင်းသားပဲ''

''မျိုးသောက်ဆိုရင် ဘယ်လိုဖြစ်သွားမလဲ''

''မျောက်သိုးပေါ့ဟယ်။ နင်ကလည်း တွေးပဲ တွေးတတ်နိုင်လွန်းတယ်''

ထိုသို့ပြောပြီး သက်မွန်နွယ်ကပါ ကြိတ်ရယ်လေသည်။ ဗေဒင်ဆရာ၏ အခန်းထဲရောက်မှ မျက်နှာပိုးသပ်ကြရ၏။

ဗေဒင်ဆရာ၏ ရုံးခန်းဟု ဆိုရမည့် ဗေဒင်ဆရာ၏ဟောပြောခန်းက သားနားလှပလွန်းသည်။ နင်းရက်စရာမရှိသော ကော်ဇောကြီးနှင့်အတူ ဖိတ်ဖိတ်တောက် လက်နေသော နောက်ဆုံးပေါ် အသုံးအဆောင်ပစ္စည်းများက စနစ်တကျ အစီအရီ ရှိနေသည်။ ဝင်လာသူကို ရှိန်သွားစေသည်။

''လာကြ...လာကြ။ ထိုင်ကြပါ''

ဗေဒင်ဆရာက ဖော်ရွေစွာ ဖိတ်ခေါ်၏။

အခန်းက သားနားသော်လည်း ဗေဒင်ဆရာက မသားနားလှပေ။ အနီးကပ်ဆုံး ဥပမာပေးရလျှင် ကဗျာဆရာ မြင့်ဦးဦးမြင့် ဝမ်းလျှောထားသော ဥပမိရုပ်မျိုးဖြစ်၏။ ကြည့်ရက်စရာ မရှိ။ (ဘယ်လိုမှ ကြည့်မကောင်း၍) မည်သို့ပင်ဖြစ်စေ၊ ပညာက အဓိက ဖြစ်ပါလိမ့်မည်။

''ဘယ်သူက ဗေဒင်မေးချင်တာလဲ''

ပြုံးရွှင်ယဉ်ကျေးစွာ မေး၏။ မိဝါက...

''ကျွန်မပါ''

''မွေးသက္ကရာဇ် အတိအကျပြောနော်။ မွေးတဲ့နှစ်၊ ရက်၊ အချိန်နေရာ...အကုန်ပေါ့။ နာမည်ကိုပါ ပြောပါ။ ဆရာ မြင်တာတွေကို ပြောမယ်''

မိဝါက အသင့်ရေးယူလာသော စာရွက်ကလေးကို ထိုးပေးလိုက်၏။ ဆရာက ခေါင်းတညိတ်ညိတ်ဖြင့်...

''ဩော်...။ အဆင်သင့် လုပ်လာတာကိုး''

''ဟုတ်...ဟုတ်ကဲ့ ဆရာမျိုးသောက်''

''ဘာ...ဘယ်လို''

ကြော်ငြာနှင့်ကောင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



...ဒင်ဆရာ ဆတ်ခနဲ၊ တွန့်ခနဲ ဖြစ်သွား၏။ မိဝါကလည်း အလျင်အမြန် တောင်းပန်ရသည်။

''ဟို...ဟို...လျှာလိပ်သွားလို့ပါ ဆရာမိုးသောက်။ ကျွန်မ မှားသွားရင် ခွင့်လွှတ်ပါ''

ဆရာမိုးသောက်က ဘာမှမပြောတော့ဘဲ ခေါင်းငုံ့ကာ ဟိုဟို သည်သည် တွက်ချက်နေ၏။ ပြီး...

''ဒီအထဲမှာ ပေါ်တာတော့ ကျောင်းပြီးပြီးသားနော်...။ ဘွဲ့ရ ပြီးသား''

''ဟုတ်ကဲ့''

''ဓါတုဗေဒနဲ့ ဖြစ်မယ်''

''ဟုတ်ကဲ့ရှင့်''

''မိသားစုထဲမှာ မိခင်ဩဇာက အဓိက ဖြစ်နေလိမ့်မယ်''

''ဟုတ်ပါတယ်...ရှင်''

''မွေးချင်းထဲမှာ အငယ်ဆုံးဖြစ်မယ်။ အကြီးနှစ်ယောက်ကလည်း မိန်းကလေးတွေပဲ။ အိမ်ထောင်ကျပြီး နိုင်ငံခြားကို ရောက်နေကြလိမ့်မယ်။ သူတို့နှစ်ယောက်ထဲမှာ တစ်ယောက်က ကျောင်းပြီးပြီး တစ်ယောက်က ကျောင်းမပြီးဘူး''

''အို...ဟုတ်...ဟုတ်ပါတယ်ရှင်''

ဆရာမိုးသောက် ဟောသမျှက ဒက်ထိမှန်လွန်းလှသဖြင့် မိဝါ အကြီးအကျယ်အံ့ဩနေမိသည်။ နံဘေးမှ နားထောင်နေသော သက်မွန် နွယ်ပင်လျှင် ပါးစပ်အဟောင်းသား ဖြစ်နေသည်။

''ဒီနှစ်ထဲမှာ အိမ်ထောင်ကျကိန်း ရှိတယ်''

''မလွဲမသွေပဲလား ဆရာ''

''ကျိန်းသေတယ်။ မလွဲဘူး''

အလောတကြီး ပြန်မေးမိ၏။

''ဘယ်လိုလူမျိုးနဲ့လဲ ဆရာ''





''ပညာသည်တစ်ယောက်နဲ့ပါပဲ''

'ကျွန်တော်တို့...၊ သားသားတို့...၊ သဘင်ပညာသည်တွေ ဟာ...'ဟု အစချီ နှုတ်ခွန်းဆက်ပြီးမှ ဆိုကလေ့ရှိသော ပန်တျာရဲဝင်း၏ မျက်နှာကို ပြေးမြင်ယောင်မိရင်း...!

''ဟိုလေ...ထပ်ပြီး အတိအကျဟောပေးပါဆရာ...။ ကျွန်မ ဘဝအတွက် အရေးကြီးလို့ပါ''

''ဒါပေါ့...။ အိမ်ထောင်ရေးဆိုတော့ အရေးကြီးတာပေါ့''

''ဟုတ်ကဲ့...။ ကျွန်မကလည်း အဲ့ဒါကြောင့် အသေအချာ သိချင်နေတာပါ''

ဆရာမိုးသောက်က သူမကို စေ့စေ့ကြည့်ပြီး...

''သံသရာဆိုတာကို လက်ခံသလား''

''ကျွန်မ ဗုဒ္ဓဘာသာပဲ။ လက်ခံပါတယ်''

''ဘဝရေစက်ဆိုတာကိုကော ယုံသလား''

''ယုံပါတယ်''

''ခေါင်းလောင်းထိုးပြီး ဆုပန်တယ်ဆိုတာကိုကော...''

''ကျွန်မ အလေးအနက်ထားပါတယ်''

''ကဲ...ဒါဖြင့် ဆရာဟောတော့မယ်''

''ဟုတ်ကဲ့...''

မိဝါတင်မဟုတ်၊ သက်မွန်နွယ်ကပါ ရင်တထိတ်ထိတ်ဖြစ်နေ ချေပြီ။

''ခင်ပွန်းလောင်းဟာ မိမိထက် အသက်ကြီးပြီး အဆင့်အတန်း မြင့်မြင့်နေနိုင်သူ ဖြစ်တယ်''

''ဟုတ်...ဟုတ်ကဲ့''

''မိမိထက် အရပ်မြင့်သူ ဖြစ်တယ်''

ပျော်စရာကောင်းသည်နှင့်အမျှ စိတ်ဝင်စားစရာကောင်းသလို သည်း ဖြစ်လာသည်။ ပန်တျာရဲဝင်းသည် ခွေးပစ်သည့်တုတ်နှင့် နှိုင်းရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် မပုပျက်သော်လည်း ခွေးရှူးရှူးပန်းသည့် ဓါတ်တိုင် လောက်လည်း သူက မရှည်လျားချေ။ သေချာသည်ကတော့ မြန်မာ မိန်းကလေးများထဲတွင် အရပ်မြင့်သည်ဟု ဆိုနိုင်သည့် သူမထက်တော့ ပုသည်။

"ဒါဆို…ကျွန်မ တစ်ခုဖြတ်မေးချင်တယ် ဆရာ"

"မေးပါ"

"ကျွန်မရဲ့ ဖူးစာရှင်က ကျွန်မရဲ့ အသိအကျွမ်းတွေထဲကကော ဖြစ်နိုင်သလား"

ဆရာမိုးသောက်က ခေါင်းခါပြ၏။ လေသံခပ်ဆတ်ဆတ်ဖြင့်…

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်တော့ဆုံမှာလဲ"

"အခုမှ…"

"ဘယ်နေရာမှာ ဆုံမှာလဲ"

"ဒီအခန်းထဲမှာ…"

"ရှင်…"

မိဝါနှင့် သက်မွန်နွယ်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြသည်။ မအောင့်အီးနိုင်သောလေသံဖြင့် သက်မွန်နွယ်က မိဝါ ကိုယ်စား ကြားဝင်မေးပေးသည်။

"ဆရာ…ရှင်းအောင်ပြောပါ။ ကျွန်မတို့ နားမလည်တော့ဘူး"

ဆရာမိုးသောက်က ပြုံးပြုံးကြီး(ကို အရသာရှိရှိ) လုပ်လျက်…

"မင်းရဲ့ ဖူးစာဖက်ဟာ ကိုယ်ပဲ"

"ရှင်…"

"ကိုယ်ပြောတာ ရှင်းပါတယ်။ ဒီနှစ်အတွင်းမှာ မင်း အိမ်ထောင် ပြုရမယ်။ အဲ့ဒီ မင်းရဲ့အိမ်ထောင်ဖက်ဟာ ဟော့ဒီက မိုးသောက်ဆိုတဲ့ ကိုယ်ပဲ…"

"မဟုတ်သေးပါဘူး ဆရာ။ ဘယ်လိုတွေ ဖြစ်ကုန်တာလဲ။





ဘာဆိုင်လို့လဲ"

မိဝါက မေးခြင်းမဟုတ်။ မနေနိုင်တော့သော သက်မွန်နွယ်က ဘေးတိုက် ဝင်မေးခြင်းဖြစ်၏။ (ကန့်လန့်တိုက် ဝင်မေးခြင်းလည်း မဟုတ် သဖြင့် ထိုသို့ သုံးနှုန်းပါသည်)

ဆရာမိုးသောက်၏ မျက်နှာက လေးနက်တည်ကြည်သွားသည်။ (အနီးကပ်ဆုံး ခိုင်းနှိုင်းရလျှင် ကဗျာဆရာမြင့်ဦးဦးမြင့်က 'သံချဆေး သောက်မည်'ဟု စိတ်ဒုံးဒုံးချလိုက်သမျှ ဖြစ်၏။)

"မင်းတို့ကို ဆရာရှင်းပြမယ်"

"ပြောပါ"

"ကိုယ်နဲ့မိဝါက ပုဂံခေတ်ကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြ တယ်"

"ရှင်…"

"ဒါပေမဲ့ မဆုံစည်းလိုက်ဘူး။ ခွဲရခါနီးမှာ ချစ်သူနှစ်ယောက် ဘုရားပေါ်တက်ပြီး ဘဝတစ်ကွေ့ကွေ့မှာ ဆုံတွေ့ပေါင်းဖက်ရပါစေသား လို့ ခေါင်းလောင်းထိုးပြီး ဆုတောင်းခဲ့ကြတယ်"

"အလိုလေး…။ ဘယ်နှယ့်တုန်း"

"အဲ့ဒီဆုတောင်းဟာ ခု ပြည့်တယ်ဆိုရမှာပေါ့။ ဒီဘဝမှာမှ ဆုံတွေ့ကြရတယ်။ ဒီနှစ်အတွင်းမှာပဲ တို့ ပေါင်းဖက်ကြရလိမ့်မယ်"

"ဟာ…မဖြစ်နိုင်ဘူး"

မိဝါက ခါးခါးသီးသီးငြင်းတော့ ဆရာမိုးသောက်က ပိုင်နိုင်စွာ ဆိုသည်။

"မင်းတို့ကို ဆရာဟောခဲ့တဲ့အချက်ထဲမှာ မှားတဲ့အချက် ပါခဲ့ လို့လား။ ဒီလိုကိစ္စက ပိုအရေးကြီးတော့ ပိုပြီး အလေးအနက်ထား ဟောပါတယ်"

"ဘုရားရေ…"

"ဟုတ်တယ်…။ အဲ့ဒီ ဘုရားမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဒုက္ခပါပဲ''

''ဟုတ်တယ်...။ အဲ့ဒီတုန်းက တို့ ဒုက္ခအတော်ရောက်ခဲ့ကြတယ်''

''အို...ထားပါတော့ ထားပါတော့။ အခု ကျွန်မတို့ ဗေဒင်ခ ဘယ်လောက်ပေးရမလဲ''

''ဒီလူနဲ့ ဒီလူ ပေးစရာ မဟုတ်ပါဘူးကွယ်''

''ဒါဆိုလည်း ပြီးရော...။ ကျွန်မတို့ ပြန်ဦးမယ်''

မိဝါနှင့် သက်မွန်နွယ်တို့ ဆောင့်ကြီး အောင့်ကြီး ထပြန်ခဲ့ကြသည်။ မိဝါက ယိမ်းယိုင်ပြီး မျက်နှာပြုံမတ်ပြုံလျှော်ဖြစ်နေသဖြင့် သက်မွန်နွယ်က မနည်းဖေးတွဲ ထားရသည်။ နှစ်ယောက်လုံး ရင်တွေကလည်း တလုပ်လုပ်ဖြစ်နေသည်။ ကာယကံရှင် မိဝါကတော့ ပိုဆိုးသည်ပေါ့လေ။

''သက်မွန်''

''ဟေ...''

''သူပြောတာတွေကို နင် ယုံလား''

သက်မွန်နွယ်က သက်ပြင်းချကာ ပြန်ပြော၏။

''ငါ မဆုံးဖြတ်တတ်ဘူးဟာ...။ နင်ကော...''

''ငါလည်း အဲ့ဒီလိုပဲ''

''သူ့ကိုဆိုရင်တော့ ပန်တျာရုံဝင်းမှ မဟုတ်ဘဲ...နင်ယူမလား''

''ဟော့အေး''





(၄)

ထိုရက်များအတွင်းမှာ မိဝါ အတော်စိတ်ရှုပ်နေမိသည်။ အပြင်ကိုလည်း မထွက်ဖြစ်ဘဲ အိမ်ထဲ၊ အခန်းထဲမှာ အောင်းနေမိသည်။

သူမကို မတွေ့ရတာ ကြာပြီဆိုပြီး မျိုးမြတ်စုနှင့် ဇင်မာမိုးတို့ ရောက်လာတော့ အတော်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သူမက ကြိုအပြစ်တင်လိုက်သည်။

''နင်တို့ကလဲဟာ...။ ငါ့ဆီကို ဖုန်းတောင် မဆက်ကြဘူး''

''အောင်မာ...။ နင်ကကော ဘာကိစ္စ အိမ်တွင်းပုန်းနေရတာလဲ''

''ဩော်...နင်တို့လာတာ အတော်ပဲ။ ငါ့မှာ ပြောစရာတွေရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



''မိန်းမနော်...။ ဘာတွေရှုပ်ထားသလဲ''

''နင်တို့က စတဲ့ ကိစ္စဟာ''

''ဟင်...ဘာလဲဟ''

ဖေဖေက စာအုပ်တိုက်သွားပြီ။ မေမေက သူ့ ရွှေပွဲစားအလုပ်တွေကို ထွက်လုပ်နေချိန်ဖြစ်၍ မိဝါတစ်ယောက်တည်း ရှိနေသည်။ သူမတို့အိမ်မှာ အိမ်ဖော်မထားချေ။ လွတ်လွတ်လပ်လပ်ရှိနေသဖြင့် မျိုးမြတ်စုနှင့် ဖင်မာမိုးကို ဖြစ်သမျှ ဇာတ်လမ်းစုံကို ရှင်းပြလိုက်သည်။

''အဲ့ဒီ ဗေဒင်ဆရာက နင့်ကို နောက်လိုက်တာ ဖြစ်မှာပေါ့ဟာ''

''အာ...နောက်စရာကိစ္စမှ မဟုတ်တာ။ အဲ့ဒီတုန်းက ဘေးမှာ သက်မွန်နွယ်လည်း ပါတယ်လေ...။ သူ့ကို မေးကြည့်ပါလား''

မချောနှစ်ယောက် ပါးစပ်ပိတ်သွားကြသည်။ အတော်ကြာမှ မျိုးမြတ်စု၏ ပါးစပ်က ပြန်ပွင့်လာ၏။ စကားတစ်ခွန်း ထွက်လာသည်။

''နင့်ကိစ္စက အသည်းယားစရာကြီး။ နင် အဲ့ဒီ ဗေဒင်ဆရာကြီးကို မယူချင်ဘူးဆိုရင်လည်း ကိုရဲဝင်းကိုပဲ ယူလိုက်ပါလား''

''အာ...ဒီပန်းတျာရဲဝင်းကို မယူချင်ပါဘူး''

''ဒါဆိုရင်လည်း ဒီဗေဒင်ဆရာကြီးကိုပဲ...''

''အာ...အာ...တော်ပြီ တော်ပြီ ဆက်မပြောနဲ့တော့''

''ဒါဆိုလည်း လင်ကို မယူနဲ့တော့ဟာ...''

''ဘယ်ဖြစ်မလဲ...။ လင်တော့ ယူရမှာပေါ့။ ငယ်ငယ်တုန်းကလို ကြီးလာရင် အပျိုကြီးလုပ်မှာဆိုပြီး ပေါက်ကရပြောနေရမယ့် အရွယ်မှ မဟုတ်တော့ဘဲ''

''နင့်အဖြစ်က ခက်တော့ ခက်နေပြီ''

''အဲ့ဒါကြောင့် နင်တို့ကို တိုင်ပင်နေတာပေါ့''

သူမတို့ထံမှ ဘာစကားကိုမှ ပြန်မရလိုက်ပါ။ ဖေဖေ ပြန်လာသောကြောင့် ဖြစ်သည်။ ဖေဖေက ရိုးအေးလွန်းသူ ဖြစ်သော်လည်း သူမတို့ကတော့ 'ရှိန်'နေသဖြင့် အပြကောင်းရုံ ခဏမျှသာ ဆက်နေပြီး





နှုတ်ဆက်ကာ ပြန်သွားကြသည်။

''နင်တို့ ငါ့ဆီကို ဖုန်းတော့ ဆက်ကြဦးနော်''

ဖင်မာမိုးကတော့ တစ်ခွန်းကပ်ပြောသွားသည်။

''ကိုရဲဝင်းကို ပြောပြလိုက်ရင် ကောင်းမလား''

''ဘာကိုလဲ''

''ဒီဗေဒင်ဆရာအကြောင်းကို''

''အာ...။ သူပါ ရိုက်မှုနဲ့ အချုပ်ကျနေဦးမယ်''

''ဒီလိုကျတော့လည်း စိုးရိမ်တယ်ပေါ့လေ''

''ဘာမှမဆိုင်ဘူး။ သူဖြေရှင်းနိုင်မယ့် ကိစ္စမဟုတ်လို့ ပြောတာ။ ပို့ရှုပ်ကုန်မယ်''

သူမတို့ ပြန်သွားပြီးမှ ရေချိုးခန်းမှ ထွက်လာသော ဖေဖေက ပြောသည်။ အဝတ်လဲပြီးပြီ။

''မြို့ထဲမှာ မောင်ရဲဝင်းနဲ့တောင် တွေ့ခဲ့သေးတယ်''

''မေမေ့ အချစ်တုံးကြီးနဲ့ပေါ့လေ''

ဖေဖေ အောင့်သက်သက်ဖြစ်သွားပုံ ရသည်။ သို့သော်လည်း ပြုံးရယ်ပြီး...

''သူက...အားရင် လာခဲ့ဦးမယ်လို့ ပြောတယ်''

''သူလာရင်လည်း သမီးကို ခေါ်မပေးနဲ့ ဖေဖေရယ်...။ သမီးစိတ်ညစ်တယ်''

''သမီးတို့ သားအမိကြားမှာ ဖေဖေတော့ စိတ်ညစ်ပါတယ်...။ နေပါဦး...။ သမီးကကော မောင်ရဲဝင်းကို ဘယ်လိုမှ လက်မခံနိုင်ဘူးလား။ သူလည်း နာမည်ကြီးတစ်ယောက်ပဲဟာ...''

''ဒိုင်နိုဆောလောက်တော့ နာမည်မကြီးပါဘူး ဖေဖေရာ''

''ဟေ...''

ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ဖေဖေက ပြုံးသည်။

''သမီးကတော့ ကပ်သီးကပ်သပ် အရမ်းပြောတတ်တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



“ဒိုင်နိုဆောဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်က အိမ်မြှောင်ဆိုးကြီး မဟုတ်လား ဖေဖေ”

“အင်း…အဲ့ဒါ ဘာဖြစ်လဲ”

“မဟုတ်ဘူး…။ သမီးပြောချင်တာက တစ်မျိုး”

“အင်း…ဆိုပါဦး”

“သမီး…စာအုပ်တစ်အုပ်ထဲမှာ ဖတ်ထားတာ သူ့ကို ‘ကိုရီသိုဆောရပ်စ်’ လို့လည်း ခေါ်တယ်။ သံခမောက်စွပ်ထားတဲ့ တွားသွားကောင်တဲ့”

“အင်း”

“သိုင်ရန်နိုဆောရပ်စ်လို့လည်း ခေါ်တယ်။ အနိုင်ကျင့်တတ်တဲ့ တွားသွားကောင်တဲ့”

“အင်း”

“ပါနိုင်ဆီဖလိုဆောရပ်စ်လို့လည်း ခေါ်တယ်။ ခေါင်းကြီး တွားသွားကောင်တဲ့”

“အင်း”

“နောက်ပြီး…တစ်ခြားအဓိပ္ပါယ်နဲ့ နာမည်အခေါ်အဝေါ်တွေလည်း ရှိသေးတယ်။ အလာမိုဆောရပ်စ်တို့၊ ထရိုင်ဆာရာတော့ပ်စ်တို့၊ အော်နီသိုမီးမပ်စ်တို့…”

“အေးလေ…။ သမီး အဲ့ဒါတွေ ထားလိုက်ပါတော့။ သမီး ဆိုလိုချင်တဲ့အဓိပ္ပါယ်က မောင်ရဲဝင်းကို ယူမယ့်အစား ဒိုင်နိုဆောကို ယူမယ်ပေါ့။ ဟုတ်လား…”

ဖေဖေ့စကားကြောင့် မိဝါ အသည်းယားသွားသည်။

“ဟာ…အဲ့ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ ဖေဖေရဲ့”

သူမ လန့်သွားပုံကိုကြည့်ပြီး ဖေဖေက တဟားဟား ထရယ်သည်။ (ထ ရယ်သည်ဟု သုံးနှုန်းရသော်လည်း အမှန်တော့ ဤအတိုင်း ရယ်ခြင်းဖြစ်သည်။)





ထိုရက်ပိုင်းကလေးထဲမှာတော့ သူမ အီလည်လည်ကြီး ဖြစ်နေခဲ့သည်က သေချာသည်။ ကိုယ့်ကိုယ်ကို ‘သေချာရဲ့လား’ ဟု ပြန်မေးရသည်ကလည်းမကောင်း။ သို့သော် သေချာသည်ကတော့ သေချာသွားပြီ။

ပန်တျာရဲဝင်းကိုလည်း မယူချင်၊ ဗေဒင်ဆရာ မိုးသောက်ကိုလည်း မယူချင်၊ ဒိုင်နိုဆောကြီးလည်း မယူချင်။ ဘယ်သူ့ကို ယူရမည်မှန်းလည်း မသိ။ သူမကို ချည်းကပ်သည့် ယောကျ်ားကောင်း ယောကျ်ားမြတ်တွေကတော့ အများရှိပါသည်။ ထိုအထဲမှ ထိပ်တန်းပုဂ္ဂိုလ်များကို စဉ်းစားကြည့်မိသည်။

ကိုတင်ကိုအောင်…။

မဖြစ်…။ ထိုလူကြီးက အနေတည်လွန်းသည်။ တစ်ခါတစ်ခါ အတင်းပျော်ဟန်ပြုပြီး ရယ်စရာတွေပြောလျှင်လည်း သူပြောသည့် ပြက်လုံးတွေက မရယ်ရ။

ကိုငြိမ်းအေး…။

သူလည်း မဖြစ်။ သမိန်ပေါသွပ်ကို နှုတ်ခမ်းမွေး ဖြတ်ထားသော ဥပမိရုပ်မျိုးဖြစ်၏။ ထားလိုက်ဦး သွပ်…သွပ်…သွပ်…။

ကိုတင်မောင်ဝင်း…။

သူ့ကိုကျတော့လည်း ဘယ်လိုမှ ခံစား၍မရ။ ကျိုးနေသော ခရုသွားနှစ်ချောင်းကို လက်ကလေးနှင့် ကွယ်ကွယ်ပြီး ပြုံးတတ်သည်။ ဘယ်နှာကြီးမှန်းလည်း မသိ။

ကိုကျော်ဆွေ…။

သူကကျတော့ လေရှည်လွန်းသည်။ စကားပြောလျှင် အစည်းအဝေးအမှာစကား ပြောကြားပုံမျိုးနှင့် တူသည်။ သူ့ကိုမြင်လျှင် အဝေးကြီးကတည်းက အိပ်ငိုက်သည်။

အခြား…အခြားသောသူများကိုလည်း ဆင့်ကဲ ဆင့်ကဲ ဆည့်သွင်းစဉ်းစားသည်။ တစ်ယောက်မှ အဆင်မပြေ။ အချို့ဆို အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



ပွဲစဉ်မှာပင် ထွက်ရ၏။ အချို့ကတော့ ကွာတားဖိုင်နယ်မှာပင် ထွက်ရသည်။ ဆီမီးဖိုင်နယ်ကိုတော့ တစ်ယောက်စ၊ နှစ်ယောက်စ ရောက်ပါသည်။ ဖိုင်နယ်ကိုတော့ မည်သူမှ မရောက်။

တစ်မနက် စောစောစီးစီး လက်ဖက်ရည်သောက်ပြီးကာစ...

''ကလင်...ကလင်...ကလင်...''

ဖုန်းသံ မြည်လာသည်။ သူ့လက်ထဲ သောင်တင်နေသော စိန်ဘယက်ကြီး ရောင်းရတော့မည် အထင်နှင့် မေမေက ဝမ်းသာအားရ ပြေးကိုင်သည်။ ပြီးမှ သက်ပြင်းကြီးချပြီး...

''မိဝါ...။ ညည်းဖုန်း''

''ဟုတ်...။ လာပြီ...''

ဖုန်းကောက်ကိုင်လိုက်တော့ တစ်ဘက်မှ လူက သက်မွန်နွယ်။

''မိဝါ...ငါပါ။ သက်မွန်''

''အေး...ပြော''

''နင့်ကိစ္စကြီးက ဘာထူးသေးလဲ''

''ဒီအတိုင်းကြီးပဲ''

''ငါ စဉ်းစားမိတာ ရှိတယ်''

''ဟုတ်လား...။ ပြောစမ်းပါဦး''

''လေမျော လေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက် ဆိုတဲ့စကား ရှိတယ်မဟုတ်လား''

''ဘာဆိုင်လို့လဲ။ ငါ့ကိစ္စနဲ့...''

''အင်း...စကားပလ္လင်ခံရင် ပိုရှုပ်ကုန်လိမ့်မယ်။ ရှင်းရှင်းပဲ ပြောမယ်ဟာ...။ နင် တစ်ခြားဆရာတစ်ယောက်ဆီမှာ ဗေဒင်မေးကြည့်စမ်းပါ''

''လုပ်ပြန်ပြီ''

''ဒါမှ သူဟောလိုက်တဲ့ ပုဂံခေတ်ကတည်းက ချစ်သူတို့ ဘာတို့ ဆိုတဲ့အချက်တွေ မှန် မမှန်ကို အသေအချာ သိရမှာပေါ့''





''ဘယ်ဆရာဆီကို သွားမှာလဲ''

''ဒီဆရာကတော့ ထူးခြားပြီး လျှို့ဝှက်တယ်ဟ။ နင် အားကိုးလို့ ရမှာပါ''

''အေး...ထားပါလေ။ သွားဆို သွားကြည့်တာပေါ့။ ဘယ်တော့ သွားမှာလဲ''

''ဒီနေ့ပဲ သွားကြရအောင်''

''အေးလေ...အဲ့ဒါလည်း ကောင်းပါတယ်။ နင်နဲ့ငါ ဘယ်လို ဆုံမလဲ''

သူတို့တွေ အချိန်းအချက်လုပ်ကြ၏။ ဖုန်းချပြီး ပြန်အလှည့်မှာ အကဲခတ်သလိုကြည့်နေသော မေမေ့မျက်လုံးအစုံကို သူမ ရင်ဆိုင်ရ၏။

''မိဝါ...။ ဘာတွေ ရှုပ်ရှုပ်ရှက်ရှက်လုပ်နေလဲ''

''သက်မွန်နဲ့ အပြင်သွားမလို့ လုပ်နေတာပါ မေမေရဲ့''

''အေးလေ...။ ဘာကိစ္စလဲ''

''ပန်တျာရုံဝင်းဖာတ် ကြည့်ချင်လို့တဲ့ မေမေရယ်။ သမီး ခဏကြာရင် အပြင်သွားမယ်နော်။ မုန့်ဖိုးလေး ဘာလေး ပေးဦး။ ဒါမှ ပန်တျာရုံဝင်းကို ပန်းကုံးတက်စွပ်လို့ရမှာ...''

မေမေက မျက်စောင်းထိုးသည်။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ...

နောက်တစ်နာရီအတွင်းမှာ သူမနှင့် သက်မွန်နွယ်တို့ ရန်ကုန်မြို့ အစွန်တစ်နေရာသို့ သွားရန် ကားငှားနေကြပြီ။ ကားပေါ်ရောက်မှ သက်မွန်နွယ်ကို ထပ်မေးရသည်။

''ဒီဆရာကကော ဘယ်လိုဆရာမျိုးလဲ''

''ဆရာမိုးသောက်က ခေတ်ဆန်တယ်ဟ။ ဒီဆရာက ရှေးရိုးဆန်တယ်။ ရှေးရိုးဆန်တယ်ဆိုတာက တုံးအအကြီးဆိုတာမျိုး ပြောတာ မဟုတ်ဘူး။ ပျောက်ကွယ်နေတဲ့ ရှေးဟောင်းပညာရပ်တွေနဲ့ ဟောတာကို ဆိုလိုတာ...''

''သြော်...အေး...အေး''



www.burmeseclassic.com

www.burmeseclassic.com



ကားသမားက သူမတို့၏စကားကို စပ်စုနားထောင်နေပုံရှိသဖြင့် ဘာမှ ဆက်မပြောဖြစ်ကြတော့ပါ။ တိတ်ဆိတ်စွာ လိုက်လာခဲ့ကြတော့သည်။ ထိုသို့ဖြင့်…

''ဟဲ့…ဒီဗေဒင်ဟောခန်းက တစ်မျိုးကြီးပါလား''

''နင့်ကို ငါ ကြိုပြောထားပါတယ်''

ဗေဒင်ဟောခန်းက ရွှံ့စေးမံထားသည့် ပိရမစ်ပုံ အဆောက်အဦကလေးဖြစ်သည်။ ဘာမှန်းမသိသည့် ကွင်းဆက်ကြိုးတွေကိုလည်း ချိတ်ဆွဲထားသည်။ ပြီး…ဟောပြောခန်းက မှောင်ပျပျ။ အင်္ဂလိပ်စာလို ဘာလိုလိုတွေကိုလည်း နံရံအနှံ့မှာ ရေးထိုးထားသည်။ ခါတ်ဖန်လုံးလိုလို၊ ပြဒါးရှင်လုံးလိုလိုအရာများကလည်း အစီအရီ။ စားပွဲနောက်မှာက လူလိုလို ဘာလိုလို။ မဟုတ်သေးပါဘူး…။ စားပွဲနောက်မှာက ဗေဒင်ဆရာလိုလို နတ်ဆရာလိုလို လူတစ်ယောက်…။

''ထိုင်ကြပါ''

လေသံက အေးစက်စက်။ မိဝါက ဒါမျိုးကို မကြိုက်။

''ထိုင်ကြမယ်''

ထိုသို့ တုန့်ပြန်ပြောဆိုပြီး သက်မွှန်နွယ်ကို လက်ဆွဲကာ ဝင်ထိုင်၏။

''မေးခွန်းသုံးခုပဲ မေးခွင့်ရှိတယ်''

''ဟုတ်ကဲ့၊ သုံးခုဆိုလည်း သုံးခုပဲ မေးပါမယ်၊ အတိအကျလေးတော့ ဖြေပေးပါ''

''မေးမှာသာ မေးပါ''

မျက်လုံး ကျင့်သားရလာသဖြင့် မှောင်ပျပျအခန်းထဲမှာပင် ထိုဗေဒင်ဆရာ၏ ရုပ်သွင်ကို မြင်တွေ့နိုင်လာသည်။ မျက်နှာပြပြ ကဏန်းကို မှတ်ဆိတ်မွေး တပ်ထားသကဲ့သို့ပင်။ သူက အသက်မပါသော လေသံဖြင့်…

''ကဲ…မေးပါ။ ပထမ မေးခွန်း''





''ကျွန်မ ဒီနှစ်ထဲမှာ အိမ်ထောင်ကျကိန်း ရှိသလား''

သူက ခါတ်ဖန်လုံးကို စားပွဲပေါ်မှာ လှိမ့်လိုက်၏။ စားပွဲမျက်နှာပြင်မှာက ဖယားကွက်ဆန်းဆန်းနှင့် ရုပ်ပုံဆန်းဆန်းများ ရှိသည်။ ဖန်လုံးသိမ့်ပုံနှင့် ကျသည့် ဖယားကွက်ကို ကြည့်ပြီး…

''ကျမယ်…။ နှစ်ကုန်ပိုင်းမှာ ကျမယ်''

''ဒါဖြင့်…ဒုတိယမေးခွန်း ထပ်မေးမယ်''

''မေးပါ''

''ကျွန်မရဲ့ အိမ်ထောင်ဖက်က ဗေဒင်ဆရာတစ်ယောက်ယောက်များလား''

''ဟုတ်တယ်''

မိဝါ စိတ်ဓါတ်ကျသွားသည်။ တတိယမေးခွန်းကိုပင် ဆက်မမေးချင်တော့။

''တတိယမေးခွန်းကို ဆက်မေးပါ''

စိတ်မပါ လက်မပါ ထပ်မေးရ၏။

''ဘဝဟောင်းကချစ်သူ ဆိုတာလား''

''ဟုတ်တယ်''

မိဝါလည်း သေချင်လောက်အောင် မဖွယ်မရာ ခံစားလိုက်ရ၏။ သက်မွှန်နွယ်ဘက်လှည့်ကာ မချိတင်ကဲ ညည်းတွားမိသည်။

''သွားပါပြီဟယ်…။ ဒါဆို ဟိုဗေဒင်ဆရာကြီးပဲပေါ့''

''မင်းတို့ပြောတာ ဘယ်ဗေဒင်ဆရာကြီးလဲ''

''ဆရာမိုးသောက် ဆိုတာလေ''

''ဘယ်သူပြောလဲ''

''သူပဲ ပြောတာ''

''မဟုတ်ဘူး''

မိဝါ မျက်လုံးဝိုင်းသွားသည်။

''ဒါဖြင့်…ဘယ်သူလဲ ကျွန်မရဲ့ ဖူးစာဖက်က''



www.burmeseclassic.com

www.burmeseclassic.com



''ငါ...''

''ရှင်...''

''မင်းနဲ့ငါဟာ ကုန်းဘောင်ခေတ်က ကွဲသွားပြီး အခုမှ ပြန်ပေါင်းဖက်ရမည့် ချစ်သူတွေ''

''အို...''





(၅)

ဆွံ့အနေသော လူနှစ်ယောက် အိပ်ပျော်ရင်း လမ်းလျှောက်နေကြသလို အယောင်ယောင် အရမ်းရမ်းဖြင့် သူမတို့နှစ်ယောက်သား ပြန်လာခဲ့ကြသည်။ လမ်းမှာ သက်မွန်နွယ်က 'ဟက်'ခနဲ ဟန်ဆောင်ဆုယ်မောရင်း...

''မိဝါ...။ ဒီဗေဒင်ဆရာကြီးရဲ့ နာမည်ကို နင်...မှတ်မိတယ် မဟုတ်လား''

''မင်းညိုရှင်တဲ့လေ...''

''မင်းညိုရှင်ပဲလား''

''မဟုတ်လို့လား''

''သြော်...မြင်းညိုရှင်လို့ ပြောဦးမှာလားလို့ပါ''

''ပြောအားတောင် မရှိတော့ပါဘူးဟာ''



www.burmeseclassic.com

www.burmeseclassic.com



''နင့်ကိုဘွကြီးက ကြာလေ ရှုပ်လေ ဖြစ်လာပြီ''

''အေးဟာ...။ ငါလည်း ရှုးချင်လာပြီ''

သေတစ်ရာလမ်းနံဘေးမှာ အငှားကားအလာကို စောင့်ရင်း နှစ်ယောက်သား ငူငိုင်နေမိကြသည်။ နောက်မှ သက်မွန်နွယ်က အကြံရ သလို ခေါင်းကို တစ်ချက်ဆက်ညိတ်ပြီး...

''ခုတော့ ဒီကိစ္စအတွက် နင်သွားစရာ လူတစ်ယောက်ပဲ ရှိတော့တယ်''

သူမ၏စကားကြောင့် မိဝါ ဓါတ်လိုက်သလို တုန်ခါသွားရသည်။

''မလုပ်ပါနဲ့တော့ သက်မွန်ရယ်...။ ငါ ကြောက်လှပါပြီ''

''မဟုတ်ပါဘူးဟ။ ခုသွားမယ့်ဆီက ဗေဒင်ဆရာဆီ မဟုတ်ပါ ဘူး''

''ဘယ်ကိုလဲ''

''ပုတ်သင်ညိုဆီကို''

''ဘာ...။ ပုတ်သင်ညိုဆီ...။ ဟုတ်လား''

သက်မွန်နွယ်က ရယ်ဟဟဖြင့် ခေါင်းညိတ်ပြသည်။

''ငါ့မှာ ထူးဆန်းတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူ့ကို ငါက ပုတ်သင်ညိုလို့ ခေါ်တယ်''

''ဘာဖြစ်လို့လဲ...။ ပြောသမျှကို ခေါင်းညိတ် ထောက်ခံတတ် လို့လား''

''မဟုတ်ဘူး''

''အရောင်ပြောင်းတတ်လို့လား၊ အပြောင်းအလဲ မြန်တတ်လို့ လား''

''မဟုတ်ဘူး''

''ဒါဖြင့်...ဘာဖြစ်လို့လဲ''

''ပုတ်သင်ညိုတွေမှာ လျှို့ဝှက်ချက် တစ်ခုရှိတယ်ဟ။ လူသိ နည်းတယ်''





''ပြောစမ်းပါဦး''

''သူက တစ်ချိန်တည်းမှာ နှစ်နေရာကို ပြိုင်မြင်နိုင်တယ်''

''ဘယ်လို...''

''သူက မျက်လုံးတစ်လုံးက တစ်နေရာကို ကြည့်ပြီး မျက်လုံး တစ်လုံးက နောက်တစ်နေရာကို ကြည့်နိုင်တယ်''

''တယ်ဟုတ်ပါလား...။ အဲ့ဒီအချက်ကို ငါမသိဘူး။ ဒါထက် အဲ့ဒီသူငယ်ချင်းက ယောက်ျားလေးလား၊ မိန်းကလေးလား''

''ယောက်ျားလေး။ သူ့နာမည်က စည်သူတဲ့''

မိဝါ စိတ်ဝင်တစားဖြင့် ဆက်မေးမိသည်။

''သူက ဘယ်လိုအရည်အချင်းတွေ ပြလို့လဲ''

ထိုအမေးစကားကြောင့် သက်မွန်နွယ် ကြောင်အမ်းသွားပြီး ခေါင်းကုတ်သည်။ ခဏစဉ်းစားပြီးမှ ရှက်ရယ် ရယ်လျက်...

''အဲ့ဒါတွေတော့ ငါပြောမပြတတ်ဘူးဟ''

''ဟွန်း...။ ဒါနဲ့များ...''

''မဟုတ်သေးဘူးဟာ...။ ဟိုလေ...လာဟာ ဟိုးက အအေး ဆိုင်မှာ ဝင်ထိုင်ပြီး စကားနည်းနည်းပြောမယ်၊ ကားငှားဖို့ကို မလောပါနဲ့ဦး၊ အချိန်ရှိပါသေးတယ်''

''သဘောပဲလေ''

အအေးဆိုင်မှာ သစ်သီးဖျော်ရည် မှာသောက်ကြပြီးနောက် သက်မွန်နွယ်က...

''ငါ...သူ့အကြောင်းကို နင်သိချင်တဲ့ပုံစံမျိုးတော့ မပြောတတ် ဘူး၊ ဆိုကြပါစို့ဟာ...။ သူ လမ်းလျှောက်တတ်ခါစ အရွယ်မှာပဲ သူများ အကာလူကြီးတွေ ဘောလုံးကန်တာကို မြင်ပြီး အိမ်မှာ သူ့အမေ အခွံနွာထားတဲ့ အုန်းသီးကို ဘောလုံးလုပ် ကန်တယ်''

''ဇ...ပြတယ် ဆိုပါတော့''

''အင်း...။ ကျောင်းမှာ ဆရာက ခါမိခါဖေဆိုတဲ့ ဂျူဒိုအသေခံ



www.burmeseclassic.com

www.burmeseclassic.com



ဘပ်သားတွေအကြောင်း ပြောပြတယ်။ ဝတ်စားဆင်ယင်ပုံတွေနဲ့ကို အသေအချာ ရှင်းပြတာ...''

''အင်း...''

''အဲ့ဒါကို သူက ထမေးတယ်။ အဲ့ဒီယူနီဖောင်းတွေ နှမျော စရာကြီးတဲ့။ သေမယ့်အတူတူ ကိုယ်လုံးတီး သွားပါလား...တဲ့''

''အဟင်း...ဟင်း...။ သူပြောတာလည်း ဟုတ်သားပဲ''

''လူတွေက သူ့ခိုးက လူဟစ်တယ်ဆိုတဲ့ စကားပုံကို ပြောဆို သုံးနှုန်းကြရင်လည်း သူက လက်မခံဘူး။ ပြန်ငြင်းတယ်။ သူခိုးက လူဟစ် တော့ ဘာဖြစ်လဲတဲ့။ သူခိုးကလည်း လူပဲဟာ...တဲ့''

''ဒါလည်း ဟုတ်တာပဲ''

''အဲ...အဲဒီလိုမျိုးပေါ့ဟာ။ သူ့အတွေးအခေါ်တွေက တစ်မျိုး ဆန်းသစ်တယ်။ စာတော်ပြီး ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ပေမဲ့ တက္ကသိုလ်မှာ မြန်မာစာကိုပဲ ယူတယ်။ မိဘတွေက နယ်မှာ ချမ်းသာတဲ့ တောသူဌေးတွေ။ သူက ရန်ကုန်မှာ လာနေတယ်။ တိုက်ခန်း ငှားနေနိုင်ပါလျက်နဲ့ ဘုန်းကြီးကျောင်းမှာ နေတယ်''

''လူတစ်မျိုးပဲနော်''

''အေး...ဟုတ်တယ်။ တို့ သူ့ဆီကို သွားကြမယ်''

''ဘာဖြစ်လို့လဲ''

''သူက ဉာဏ်ကောင်းတယ်။ ပုတ်သင်ညိုလို ဟိုဘက်ကိုကော သည်ဘက်ကိုကော မြင်နိုင်တယ်။ ပြီး...ရှေးဟောင်းစာပေ ကျမ်းဂမ် တွေကို နှံ့စပ်တယ်။ နင့်ကိစ္စကြီးကို သူ ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ငါ ထင်တယ်''

''သူနေတဲ့ ဘုန်းကြီးကျောင်းက ဘယ်မှာလဲ''

''ရန်ကုန်ထဲမှာပါပဲ။ ရောက်တော့ တွေ့မှာပေါ့။ အချိန်ရသေး တယ်။ ပိုက်ဆံရှင်းလိုက်။ အခုပဲ သူ့ဆီ သွားလိုက်ကြရအောင်...''





(၆)

ထိုအချိန်တွင် စည်သူက ဘုန်းကြီးကျောင်းဆောင် အပေါ်ထပ်မှ ဘုရားဆင်းတုကြီးနောက်တွင် ဝင်အိပ်နေသည်။ ဆင်းတုတော်ကြီး၏ အောက်ခံပလ္လင်က အတော်ကြီး၏။ နံရံနှင့် ထိုပလ္လင်ကြီးကြားတွင် သုတစ်ယောက်ဝင်သာရုံ 'ချောင်'ကလေးဖြစ်နေသည်။ ထိုချောင်ထဲတွင် ငင်အိပ်နေခြင်းဖြစ်သည်။

ကြွေးရှင် လိုက်ရှာ၍ မတွေ့အောင် ပုန်းနေခြင်းမျိုးလည်း ဟုတ်ပါ။ သူကကို ထိုချောင်ကလေးကို ကြိုက်၍ ဝင်အိပ်နေခြင်း ဖြစ်သည်။

မေးခနဲ အိပ်ပျော်ကာစ ရှိသေးသည်။ ခြေသံတရှပ်ရှပ် ကြားမိ



www.burmeseclassic.com

www.burmeseclassic.com



သလိုရှိပြီး ခေါင်းပြူကြည့်လိုက်တော့ ဆရာတော်၊ ချက်ချင်းခေါင်းပြန်ငုံ့လိုက်ရ၏။ ဆရာတော်က ထိုပလ္လင်ကြီးနောက်တွင် သူ့ဝင်အိပ်ခြင်းကို မနှစ်သက်၊ ဆူပူထားသည်မှာ သုံးလေးခါရှိပြီ။

ဆရာတော်က ဆင်းတုတော်ကြီးရှေ့တွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ ဆရာတော့်ပုံစံက တစ်စုံတစ်ရာအတွက် ချီတုံချတုံဖြစ်နေဟန်ရှိသည်ကို ချောင်းကြည့်ပြီး တွေ့ရ၏။ ရပ်လိုက် ဆက်လျှောက်လိုက်၊ ခေါင်းညိတ်လိုက် ခေါင်းခါလိုက် ဖြစ်နေသည်။

စည်သူ…စဉ်းစားရကြပ်သွားသည်။

``ဆရာတော် ဘာဖြစ်နေတာပါလိမ့်''

နောက်တော့ ဆရာတော် ဆုံးဖြတ်ချက် ကျသွားပုံရ၏။

``အင်းလေ…ဗန်းမော်ဆရာတော့်နည်းကိုပဲ သုံးရတော့မှာပဲ''

ဆင်းတုတော်ကြီးရှေ့တွင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာ

``အရှင်ဘုရား…။ တပည့်တော် အသုံးလိုနေလို့ တပည့်တော်ကို ဝတ္ထုငွေ အနည်းငယ်ချေးပါ ဘုရား။ တပည့်တော် ပြေလည်တဲ့အခါကျတော့ ပြန်ဆပ်ပါ့မယ် ဘုရား''

ထို့နောက် ဆင်းတုတော်ကြီးရှေ့တွင် ပုံစံအမျိုးမျိုးနှင့် ကပ်လှူထားသော ငွေများထဲမှ အချို့ကို ရေတွက်ယူကာ ထပ်မံဦးချပြီး အောက်ထပ်သို့ ပြန်ဆင်းသွားသည်။ ဆရာတော် မရှိတော့မှ စည်သူ ပလ္လင်နောက်မှ လူးလွန့်ထွက်ရသည်။

ဆင်းတုတော်ကြီးရှေ့တွင် ရပ်ပြီး တအံ့တသြ ရေရွတ်မိ၏။

``ဗန်းမော်ဆရာတော်ရဲ့ နည်းဆိုပါလား''

ဆင်းတုတော်ကြီးရှေ့မှာ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက်

``အရှင် ဘုရား…။ တပည့်တော်လည်း အသုံးလိုနေလို့…''

သူလည်း ဗန်းမော်ဆရာတော်၏နည်းကို သုံးလိုက်သည်။ အိမ်မှ ငွေမပို့သေးသဖြင့် ငွေကြေးပြတ်လပ်နေသော အခက်အခဲမှ လွတ်မြောက်သွားသည်။ အိတ်ထဲမှ ငွေစလေးများနှင့်အတူ ရပ်ကွက်ထဲသို့ ပျော်ရွှင်စွာ





ထွက်ခဲ့သည်။

လက်ဖက်ရည်ဆိုင်က 'ရှယ်'ဟု သတ်မှတ်ခံရသည့် 'ရှိုးရှိုး' လက်ဖက်ရည် ကျဆိမ့်ကို မြိန်ရည်ယှက်ရည်သောက်ရင်း ဒက္ခပေးရမည့် လူကို လိုက်ရှာရသည်။ သူ၏ အားစိုက်မှု လုံလဝီရိယကြောင့် နောက်ဆုံးတော့ ဒက္ခပေးရမည့်လူကို ရှာတွေ့လေသည်။

``ဟာ…ကိုပေါ်ဦးကြီးပါလား''

ကံဆိုးချင်၍ပင်လျှင် စည်သူထိုင်နေသော လက်ဖက်ရည်ဆိုင်ရှေ့ တည့်တည့်သို့ ထိုပုဂ္ဂိုလ်က ရောက်လာခြင်းဖြစ်သည်။ တွန်းလှည်းကလေးနှင့်…။

``နောင်…နောင်…နောင်''

မောင်းကလေးကို တီးပြီး ရောက်လာသည်။

ကိုပေါ်ဦးက တွန်းလှည်းကလေးနှင့် ငွေးသီးရောင်းသူ ဖြစ်သည်။ နှယ်ချိုတွေ၊ ဆေးသကြားတွေနှင့် လိမ်းနယ်ပြီး ရေခဲစိမ်ထားသော သူ၏ ငွေးသီးသည် အစပ်အဟပ် အတော်ကောင်းသည်ဟု သိရသည်။ စည်သူကတော့ မစားဖူးပါ။

``နောင်…နောင်…နောင်''

ကိုပေါ်ဦးကြီးက မောင်းကို တွင်တွင်ထုပြီး သူ့စားသုံးသူများကို ခေါ်ယူ၏။ သာရောက်ဝယ်ယူသူတစ်သုတ်ကို တွေ့ရသည်။ ထိုတစ်သုတ် သူသုတ်ပြီးချိန်မှာ ကိုပေါ်ဦးက စွန်ရဲမျက်လုံးဖြင့် ဘေးဘီဝဲယာကို စူးရှစွာ ကြည့်၏။ ထို့နောက် 'အပေါ့မသွားရ'ဟု ရေးထားသော လမ်းဘေးသစ်ပင်ကြီးနောက်သို့ အလျင်အမြန် ခိုဝင်လိုက်လေသည်။

ဘိုက်သင့်သောအချိန်မျှသာ ကြာပါသည်၊ အကြာကြီးမဟုတ်ပါ။ သူသည် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်သူဖြစ်ပါသည်။ သူ တွန်းလှည်းကလေးဆီ ပြန်ရောက်လာပြီး…

``နောင်…နောင်…နောင်''

သူ့ ပရိသတ်တွေ ရောက်လာကြပါသည်။ သို့သော် အနား



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ…

"ဟင်…"

မဝယ်တော့ဘဲ ပြန်လှည့်ထွက်သွားကြသည်။ ကိုပေါ်ဦး နားမလည်စွာ ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ မောင်းကို အဆက်မပြတ် ထုသည်။ အမျိုးသမီးကြီးတစ်ယောက်က ဝယ်ရန်လာပြီးမှ အနားရောက်တော့ တွေဝေရပ်တန့်ကာ မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်နေသည်။ ကိုပေါ်ဦးက…

"ကောင်းပါတယ် အစ်မကြီးရဲ့။ အရသာတွေ့သွားစေရမယ်။ အာမခံတယ်"

ထိုအခါမှ ပိုဆိုးတော့၏။ အမျိုးသမီးကြီးက ချာခနဲ လှည့်ထွက်သွားတော့၏။

သူ့ငွေးသီးများကို သူပြန်စစ်ဆေးသည်။ အပြစ်မရှိပါ။ လှည်းကို လှည့်စစ်ဆေးသည်။ ထိုအခါကျမှ အပြစ်ကို ရှာတွေ့သွားသည်။ ရှုံးရှုံးရဲ့ရဲ့ ဒေါပွသွားရသည်။

"ဘယ်ကောင့် လက်ချက်ပါလိမ့်"

သူလှည်းဘေးမှာ သူက 'ငွေးသီးဗျို့'ဟူသော ဆိုင်းဘုတ်ကို ကပ်ထားသည်။ ခု ဘယ်သံကောင့်သားက လက်ဆော့သွားသည် မသိ။ 'ငေးသီးဗျို့' ဖြစ်နေသည်။ လူတွေ မဝယ်ချင်ကြတာလဲ မပြောနှင့်။ ကိုပေါ်ဦး ဒေါသတကြီးနှင့် ဘေးလူတွေကို လှည့်မေးသည်။

"ဒါ…ဒါ…ဘယ်သူ့လက်ချက်လဲ"

အားလုံးကလည်း (ရယ်ချင်စိတ်ကို မျိုသိပ်လျက်) စည်သူ့ကို ညီတူညာတူ လက်ညှိုးထိုးပြကြ၏။ ဒေးဗစ်ဘက်ခမ်း ကန့်ပို့သော ဘောလုံးလို တန်းတန်းမတ်မတ်ပဲ ဖြစ်၏။

"သူ"

ကိုပေါ်ဦးက စည်သူ့ထံသို့ ရန်လိုတကြီး လျှောက်လာသည်။ သို့သော် နှစ်လှမ်းသုံးလှမ်းနှင့် ပြန်လှည့်သွားပြီး သူ မောင်းထုသော





လက်ခတ်တံကို ပြန်ယူသည်။ သူ ပြန်လှည့်လာခါမှ စည်သူက ခွေးခြေကြီးကိုင်ကာ စောင့်နေသည်ကို တွေ့သဖြင့် တွေဝေရပ်တန့်သွားပြန်သည်။

သူ့လှည်းဖြင့် 'ဟေး'ဟု အော်ပြီး တွန်းကာတိုက်၍လည်း မကောင်း။ ရမည်လည်း မဟုတ်။ ငွေးသီးများနှင့် ပိတ်ပေါက်လျှင်လည်း ဒင်းက မဖြုံဘဲ ကောက်စားမည့်ရုပ်။ အတော်တော့ အကြပ်အတည်း ကျနေသည်။ ထို့ကြောင့် နောက်ဆုံးမှာ စိတ်ကိုလျှော့ပြီး စည်သူ့ကို မေး၏။

"မင်း…မင်း ဘာကိစ္စ ငါ့စီးပွားရေးကို နှောင့်ယှက်ရတာလဲ"

"မနှောင့်ယှက်ပါဘူး ကိုပေါ်ဦးရာ…။ ကျွန်တော်က သတ်ပုံပြင်ပေးတာပါ"

"စည်သူ…။ မင်း သက်သက်မဲ့ အကျင့်ယုတ်တာမှန်း ငါသိဘယ်"

"မဟုတ်ဘူးလေဗျာ…။ ကျွန်တော်က စေတနာပါ"

"ဘာ…စေတနာလဲ။ ဘာ…စေတနာလဲ"

ထိုသောစကားများကို ကိုပေါ်ဦးက အေးအေးလူလူ ရိုးရိုးတန်းတန်း ပြောနေခြင်း မဟုတ်။ သူ့ မောင်းထုသည့် လက်ခတ်တုတ်ဘဲဖြင့် စည်သူ့ကို ချိန်ရွယ်ပြီး ပြောနေခြင်းဖြစ်သည်။ ဒုံးကျည်လို ပစ်လွှတ်လိုက်တော့မလိုလို၊ ထိုတုတ်ဖြင့်ပဲ ပြေးဝင်လွှဲရိုက်တော့မလိုလို၊ ဒီတုတ်တံ၏ ထိပ်မှ 'ဘု'ကလေးကို အတော်အားထားနေပုံရသည်။ (ဘာမှလည်း မဟုတ်ဘဲနဲ့များ)

စည်သူကတော့ အေးအေးလူလူ ရှိပါသည်။ (လက်ထဲမှ ခွေးခြေ …တော့မချ)

"သတ်ပုံ မှန်သွားတော့ ကောင်းတာပေါ့ ကိုပေါ်ဦးကြီးရာ…"

"ငါရေးထားတဲ့ သတ်ပုံက အမှန်ပဲ"

"မဟုတ်ဘူးဗျ။ ရေးတော့အမှန်လေ…။ ဖတ်တော့ အသံပေါ့"

"မင်း…မင်း လျှောက်ပြောမနေနဲ့။ ငွေးသီးလှည့်ရောင်းနေပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ငါလည်း ပညာတတ်။ ရက္ခဗေဒနဲ့ ကျောင်းပြီးထားတာ။ မင်းထက် အများကြီးစောတယ်''

''ကျွန်တော်က မြန်မာစာနဲ့ ကျောင်းပြီးထားတာလေဗျာ...။ ခုလည်း ဘုန်းကြီးကျောင်းမှာ နေတာ။ ငွေးကို ဇေးလို့ရေးမှ မှန်တယ်။ ခင်ဗျားရဲ့ စိတ်ထဲမှာ မယုံကြည်ဘူးဆိုရင် ဦးဟုတ်စိန်ရဲ့ ပါဠိ-မြန်မာ-အင်္ဂလိပ် အဘိဓါန်မှာ ကြည့်လိုက်။ ငွေးသီးကို ဇေးသီးလို့ ရေးရတယ်''

ကိုပေါ်ဦးက သူ့တုတ်တံကို ဝှေ့ရမ်းလိုက်သည်။

''ဟေ့ကောင်...။ အခု သတ်ပုံရေးထုံးတွေက အဲဒီတုန်းကလို မဟုတ်ဘူးကွ။ ငါရေးထားတဲ့ ငွေးသီးဆိုတာက အသီးအနံ။ မင်းရေးထားတာက ဟို...မင်းရေးထားတာကြီး...။ ငါကွာ...မပြောလိုက်ချင်ဘူး''

''မပြောချင်ရင်လည်း မပြောနဲ့ပေါ့၊ ကျွန်တော်က စေတနာနဲ့ပါ။ သူတို့ဘာသာ ခင်ဗျားဇေးသီးကို မဝယ်ချင်လို့ မဝယ်တာ။ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး။ ကျွန်တော့်အထင်ပြောရရင် ခင်ဗျားရဲ့ ဇေးသီးကကို...''

''ဟေ့ကောင် တော်...တော်...ဆက်မပြောနဲ့တော့။ မင်းပြော တာတွေက ငါ့ကိုယ်ရေးကိုယ်တာကို ထိခိုက်သလို ဖြစ်လာပြီ။ ငါ သည်းမခံနိုင်တော့ဘူး''

တင်းမာပြင်းထန်လာမလို ဖြစ်လာသော သူတို့၏ ပဋိပက္ခကို လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုကုလားကြီးက ဝင်ရောက်ဖျန်ဖြေပေးသ (အမှန်တော့ ဗမာကြီးဖြစ်သည်)

''ကဲ...ကဲ...အချင်းချင်းတွေပဲဗျာ။ ကိုပေါ်ဦးကလည်း သည်း လိုက်ပါ။ စည်သူ...။ သွား...။ မင်းလုပ်ထားတာကို သွားပြန်ပြင်ပေး လိုက်''

စည်သူက ကိုကုလားကြီး၏ စကားကို နာခံပါသည်။ ကိုကုလား ကြီးပြောသည့်အတိုင်း လုပ်ပေး၏။ သို့သော် ကိုပေါ်ဦး၏ဒေါသ ကိုကုလား ကြီးဘက် လှည့်သွား၏။

''ဒီ...စည်သူဟာ ဘယ်တုန်းကမှ ကောင်းတဲ့ကောင် မဟုတ်





ဘူး။ သူလုပ်တာကို မြင်နေလျက်နဲ့ ခင်ဗျားက မတားတာလဲ''

''ကျွန်တော်လည်းဗျာ...ဇဝေဇဝါ ဖြစ်မိတာပါ''

''ဘာ...ဇဝေဇဝါလဲ''

''ဘယ်သတ်ပုံက မှန်သလဲ မသိလို့ပါ''

''ကျွန်တော်ရေးထားတာ အမှန်ဗျ''

''အေးဗျာ...အဲ့ဒါဆိုလည်း ပြီးတာပါပဲ။ ကိုယ့် ဇေးသီးကိုယ် သွားရောင်းပါတော့''

''ဘာ...လာပြန်ပြီလား ဒီဇေးသီး။ ငွေးသီးဗျ...ငွေးသီး''

''အေးပါဗျာ...။ ဟိုမှာ ဝယ်စားမယ့်ကလေးတွေ ရောက်လာပြီ။ သွား...သွား''

အမှန်တကယ်လည်း ဝယ်စားမည့် ဖောက်သည်များ ရောက်လာ၍ ကိုပေါ်ဦး ပြန်လှည့်သွားသည်။ ထိုတစ်သုတ်ကို ပြတ်အောင်ရောင်းပြီး ည်သူ့ကို မျက်စောင်းခဲပြီး ဆောင့်ကြီးအောင့်ကြီးနှင့် တွန်းလှည်းကို န်းထွက်သွားသည်။ သူ ဝေးဝေးရောက်သွားမှပင် ဆိုင်ထဲမှ လူများက ဟားဟား ရယ်ကြတော့သည်။

ကိုကုလားကြီးက စည်သူ့ကို မျက်လုံးပြူးဖြင့် ကြည့်ကာ...

''ကဲ...စည်သူ''

''ဗျ''

''တော်တော် အိပ်ပျော်စားဝင် ရှိသွားပြီလား''

''အညောင်းအညာ ပြေရုံလောက်ပါပဲဗျာ''

''တကယ့်ကောင်ပါပဲကွာ''

ထို့ထက်ပိုပြီး ကိုကုလားကြီးမှာ ဘာကိုမှ ပြောပိုင်ခွင့် မရှိလိုက် ပါ။ အဘယ့်ကြောင့်ဆိုသော် စည်သူက ပိုက်ဆံ ကမန်းကတမ်းရှင်းပြီး ထိုင်ရာမှ ပြူးပြူးပျာပျာ ထသောကြောင့်ဖြစ်သည်။ မျက်လုံးကလည်း မ်းမပေါ် ရောက်နေသည်။

လမ်းမပေါ်မှာက ခေတ်ဆန်ဆန် ဝတ်စားထားသည့် ကော့



www.burmeseclassic.com

www.burmeseclassic.com



လတ်ကော့ ကောင်မလေးတစ်ယောက်။ ထိုကောင်မလေးနောက်သို့ စည်သူတစ်ယောက် ကောက်ကောက်ပါအောင် လိုက်သွားသည်။ စာတစ်စောင်နှင့်အတူ။

ကိုကုလားကြီး ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါပြီး ကျန်ရစ်ခဲ့သည်။ မြန်မြန်ယမ်းခါရမှာ ညောင်းပါသည်။ ပျင်းစရာကြီး။ ''ဒီကောင် မလွယ်ဘူး''ဟု ညည်းတွားရင်း ဘာကိစ္စမှန်း မသိ၊ သချာ ကဏန်းကလေးများကို နှစ်လုံးစီ၊ နှစ်လုံးစီ လျှောက်တွဲနေသည်။ နှုတ်မှ အသံထွက် ရွတ်လိုက်သေးသည်။

''အင်း...ငုံးသီးဆိုတော့ လေး...ခြောက်''

မိဝါနှင့် သက်မွန်နွယ်တို့ ဘုန်းတော်ကြီးကျောင်းသို့ ရောက်တော့ ဆရာတော်နှင့် တန်းတိုးသည်။ သက်မွန်က ဆရာတော်နှင့် ရင်းနှီးနေပြီးသားဖြစ်၏။ ဆရာတော်က...

''ဒကာမလေး...ဘယ်ကလှည့်လာတာလဲ''

''ဒီကိုပဲလာတာပါ ဘုရား''

လမ်းမှာဝင်ဝယ်လာသော သစ်သီးများကို ဆရာတော်ထံ ကပ်၏။ ဆရာတော်က လက်ခံယူပြီး လိုရင်းဆုကို တန်းပေး၏။

''အိမ်း...။ ဒကာမလေး ကံကောင်းချင်တော့ ဟိုကောင်က မရှိဘူးကွယ်။ ဒီလိုပဲ ကံကောင်းပါစေကွယ်''

''အဲ...အဲဒါဆိုရင်တော့ တပည့်တော်မတို့ ကံဆိုးပါရစေ ဘုရား။ အဲဒီကောင်နဲ့တွေ့မှ ဖြစ်မယ့်ကိစ္စမို့လို့ပါ။ စောင့်နေပါမယ်''

''ဘယ်သွားမှန်း မသိဘူးကွယ်။ ဘယ်အချိန်ပြန်ရောက်မယ်မှန်းလည်း မသိဘူး''

''ရပါတယ်ဘုရား။ တပည့်တော်မတို့ စောင့်နိုင်တဲ့အချိန်ထိ စောင့်ပါ့မယ်။ မစောင့်နိုင်တော့လည်း ပြန်ရုံပေါ့။ ဒါနဲ့ ဒီကောင် ဆိုးသေးလား ဘုရား''

''ဟာ...ဆိုးတာက မပြောပါနဲ့တော့ကွယ်။ ပေါက်ကရ အကု





ဒုပ်တာပါပဲ။ ဟိုတစ်လောကတောင် ဒီကောင်ကြောင့် ကိုရင်တွေ ဒုက္ခရောက်ကြရသေးတယ်''

''ဘာဖြစ်လို့လဲ ဘုရား''

''မြတ်စွာဘုရားရဲ့ အရပ်ဟာ ၁၈ တောင် ရှိတယ်တဲ့။ အဲဒါကြောင့် ကိုရင်တွေလည်း အရပ်မြင့်အောင် ကြိုးစားရမယ်ဆိုပဲ။ ကိုရင်တွေကို ရိုန်းဘားကွင်းတွေ ဆွဲခိုင်းတယ်လေ''

အောင့်မထားနိုင်ဘဲ မိဝါ တခစ်ခစ်ရယ်မိတော့၏။ ကိုယ့်ပြဿနာကြီးကို မဖြေရှင်းပေးနိုင်ရင်လည်း နေပါစေ၊ ဒီလို ပေါက်တီးပေါက်ရှာ ပြယ်ချင်းတစ်ယောက်ကိုတော့ လိုချင်မိသည်။ ဤမျှနှင့်ပင် စည်သူ့အပေါ် သူမ ခင်မင်ရင်းနှီးစိတ် ပေါက်လာသည်။ သက်မွန်နွယ်က...

''ဒီကောင် သူ့အခန်းတံခါးကို ပိတ်သွားလား ဘုရား''

''သူ ရှိရှိ မရှိရှိ ဒီအတိုင်း ဟောင်းလောင်းကြီးပဲ။ ဘယ်တော့မှ တံခါးမပိတ်ဘူး''

''ဒါဖြင့် တပည့်တော်မတို့ သူ့အခန်းကပဲ သွားစောင့်နေကြမယ် ဘုရား''

''အေး...အေး''

စည်သူ့အခန်းရှိရာသို့ သူမတို့ ထွက်လာခဲ့ကြသည်။ ကိုရင်လေး တစ်ပါးက...

''ကိုစည်သူ ရပ်ကွက်ထဲ ဆင်းသွားတယ်။ လိုက်ခေါ်ခိုင်းလိုက်မယ်''

''တင်ပါ့''

စည်သူ့အခန်းက မကျယ်ဝန်းလှချေ။ သို့သော်လည်း စာအုပ်စာတမ်းများ၊ အဝတ်အစားများနှင့် အခြားသော ပစ္စည်းပစ္စယများကို သေသပ်ယပ်ယပ် ခင်းကျင်းစီရီထားသဖြင့် ရှင်းလင်းပြီး လွတ်လပ်ပြန့်ပြူးသလို ဖြစ်နေသည်။ သက်မွန်နွယ်က ရဲရဲတင်းတင်းပင် အခန်းဝင်လိုက်၍ မိဝါကလည်း လိုက်ဝင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူပျိုတစ်ယောက်၏အခန်းကို ယခုလိုဝင်ရသဖြင့် စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်မိ၏။ သက်မွန်နွယ်ကို လှည့်မေးလိုက်သည်။

''ဟဲ့...။ နင်နဲ့ သူနဲ့က သမီးရည်းစားလား''

သက်မွန်နွယ် ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ...

''ဟာ...တောက်တီးတောက်တဲ့''

''ဒါဆို အတော်ရင်းနှီးသလား''

''ရင်းနှီးတာပေါ့''

''ဘာဖြစ်လို့လဲ...။ ဒီလောက်ပိုင်ပိုင်နိုင်နိုင် ရင်းနှီးတာလဲ''

''ဟဲ့...မိဘချင်းကို ရင်းနှီးနေတာဟဲ့။ စည်သူက ငါ့ထက်နည်းနည်းငယ်တယ်။ နင်နဲ့ ရွယ်တူလောက်ရှိမယ်။ ပြောမနေ့ ဆိုမနေ့ကို ရင်းနှီးကြတာ''

''အဲ့ဒါများ...နင်တို့ သမီးရည်းစား မဖြစ်ခဲ့ကြဘူးလား''

''ဟာ...ဒီမိန်းမတော့ ခက်နေပါပြီ။ ကြည့်ရတာ မြင်သောင်မမြင်ရသေးဘူး၊ စည်သူ့ကို နင် ကြိုက်နေပြီထင်တယ်။ ငါတို့ချင်းကတော့ ကြိုက်လို့မရဘူးဟေ့...။ မောင်နှမချင်း အရင်းခေါက်ခေါက်လို ဖြစ်နေပြီး နင်ပြောသလို စိတ်မျိုးလည်း တစ်ယောက်နဲ့တစ်ယောက် ဘယ်သူကမှ မထားနိုင်ဘူး''

''နင်က...လုတာပဲဟာ''

''အေး...အဲ့ဒီလိုပြောရရင် စည်သူကလည်း ချောတယ်။ ဒါပေမဲ့ ဘာဆိုင်လဲ''

''အေး...အေး...။ အဲဒါတွေ ထားစမ်းပါဟယ်။ ငါက နင့်ကို သက်သက် ကလိတာပါ။ ငါ တကယ်တမ်း စိတ်ဝင်စားတာက ဟို ပုရပိုဒ်တွေ''

စားပွဲပေါ်မှ ပုရပိုဒ်အချို့ကို မိဝါက ညွှန်ပြလိုက်၏။ ပြုံးဖြုံးဖျက်ဖျက်နှင့် သက်မွန်နွယ် တစ်ချပ်ဆွဲယူပြီး မိဝါကို ပေးပတ်သည်။ မိဝါ ဖတ်ကြည့်မိတာ မှားသွားသည်။





'ဝသုန္ဓရမည်သစ် ဤမွှယ်စောအံနတ်သည်လည်း သက်သေခံသည် ဖြစ်သတေ'

''ဟဲ့...ဘာတွေတုန်း''

''အသံထွက်ဖတ်ကြည့်လေ''

''ဘယ်လိုအသံထွက်ရမလဲတောင် မသိဘူး''

မိဝါ၏ အဖြေစကားကြောင့် သက်မွန်နွယ်က ရယ်သည်။ မိဝါလည်း ရှက်ရယ် ရယ်လိုက်ရသည်။ နောက်ထပ်ပေချပ်တွေကို မကိုင်ရဲတော့ချေ။

ထိုအခန်းထဲမှာပဲ စည်သူ့ကို ထိုင်စောင့်ရင်း စိတ်ပြေလက်ပျောက်အဖြစ် ဟိုရောက်သည်ရောက် စကားထိုင်ပြောနေလိုက်ကြတော့သည်။ အတန်ကြာတော့ မိဝါက...

''ဟဲ့...ဘာသံတွေလဲ၊ ဆူညံဆူညံနဲ့''

ထွက်ကြည့်မိတော့ စည်းကမ်းထိမ်းသိမ်းရေး ဘုန်းတော်ကြီးကို ရှစ်ပွစိတိုင်ကြားသည့် အမျိုးသမီးကြီးသုံးယောက်ကို တွေ့ရသည်။ အမျိုးသမီးကြီးသုံးယောက်က ပွစိပွစိနှင့် တစ်ယောက်တစ်ပေါက် ပြောကြားနေကြသည်။

''ကျွန်မတို့ သမီးတွေက အပျိုနုနုထွတ်ထွတ်လေးတွေ''

''ဟုတ်တယ်...။ အဲ့ဒါကို ဒီစည်သူဆိုတဲ့ကောင်က အကုန်လုံးကို ရည်းစားစာ လိုက်ပေးတာ ကောင်းလား''

''တစ်ယောက်တည်းကို ပေးတာဆိုရင် တော်သေးတယ်။ ဒါဆို ခင်တောင် လာတိုင်ရမှာပဲ''

''ပြီးတော့...ရည်းစားစာကလည်း တစ်စောင်တည်းကို ဒါမည် မတပ်ဘဲ လိုက်ပေးနေတာ''

ဦးဇင်းကြီးကတော့ ဖျောင်းဖျပြောဆိုပါသည်။

''အေးပါ...ဒကာမကြီးရယ်။ ဒီကောင် လာရင် ကောင်းကောင်း ဆုံးမလိုက်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးသုံးဦးတို့ ပုတ်သိုးသောမျက်နှာများဖြင့် ထွက်သွားကြသည်။ ပုတ်လည်းပုတ်၊ သိုးလည်းသိုးသော မျက်နှာများဖြစ်၍ မည်သို့မှ ကြည့်ပျော်ရှုပျော်မရှိတော့တာ သေချာသည်။ ထိုအမျိုးသမီးကြီးများ အဝေးသို့ ရောက်သွားတော့မှ ဦးဇင်းကြီးက…

''ဒီကောင် စည်သူဟာ တော်တော်ရှုပ်တဲ့ ကောင်ပဲ…။ ခက်တယ်''

ထိုသို့ သူ ညည်းတွားနေစဉ်မှာပဲ စည်သူက သူ့ရှေ့သို့ ဘွားခနဲ ရောက်လာသည်။

''ဟဲ့အကောင်။ အခုပဲ နင့်ပြဿနာတွေ လာသွားတယ်''

''သိတယ် ဘုရား''

''ဘာလဲ…။ လမ်းမှာ တိုးလာလို့လား။ နင့်ကို ဝိုင်းမရိုက်ကြဘူးလား''

''မဟုတ်ဘူး။ သူတို့ရောက်ကတည်းက တပည့်တော် ဒီနားမှာပဲ ရှိတယ်ဘုရား။ အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်ချင်လို့ ပုန်းနေလိုက်တာ''

''ဟင်…။ နင် တော်တော်လူပါးဝတဲ့ကောင်ပါလား''

ဦးဇင်းကြီးက စည်သူ့ကို နားဘန်ကျင်းရန် ရွယ်ပြီးမှ…

''နေဦး…ခုမှ သတိရတယ်၊ နင့်ဧည့်သည် ကလေးမနှစ်ယောက် ရောက်နေတယ်။ နင့်အခန်းထဲကနေ စောင့်နေတယ်။ သွားလိုက်ဦး''

''တင်ပါ့ ဘုရား။ တပည့်တော် ခြေထောက်နဲ့ပဲ သွားလိုက်မယ်နော်''

''အောင်မာ…။ ဟဲ့အကောင်။ နင်က ဘာနဲ့ သွားချင်သေးလို့လဲ''

စည်သူက တဟားဟားအော်ရယ်ပြီး သူမတို့ရှိရာ သူ့အခန်းထဲသို့ ရောက်လာသည်။ တွေ့တော့ အံ့သြဟန်လည်း မပြပါ။ မိဝါကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး သက်မွန်နွယ်ကို…





''နင်…လို့ ငါထင်သားပဲ''

''အေး…။ နင့်အချိုးကတော့ နည်းနည်းမှ မပြောင်းဘူးနော်''

''ဘယ်လိုလုပ်ပြီး ပြောင်းလို့ရမှာလဲ၊ ငါ့မှာ ဒီတစ်ချိုးပဲ ရှိတယ်''

''အေး…အေး…ထားပါ။ ဒီမှာ သူငယ်ချင်းတစ်ယောက် ပါလာတယ်''

''အေး…မြင်တယ်လေ''

သက်မွန်နွယ်က စည်သူ့ကို မျက်စောင်းတစ်ချက်ထိုးပြီး…

''သူနဲ့ နင့်ကို ကိစ္စလေး အဲ…ကိစ္စကြီးလားတော့ မသိဘူး အဲ့ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ ငါ ခေါ်လာတာ။ နင်တို့ချင်း စကားပြောကြည့်ပါဦး''

စည်သူက မိဝါကို တစ်ချက်စူးကြည့်ပြီး…

''ပြောကြည့်လေ''

ဘာကြောင့်လဲ မသိ၊ မိဝါ အနေခက်သလို ခံစားရပြီးမှ စည်သူ့ကို မေးခွန်းအချို့ မေးကြည့်သည်။ (ထိုအမေးအဖြေများကို ရှေ့ဆုံးတွင် ဖော်ပြပြီးဖြစ်သည်) မိဝါ အစမ်းသဘော မေးမြန်းသမျှကို စည်သူက ထိုသို့ ထိုပုံ ပြန်ဖြေပြီးနောက် တစ်ခွန်းပြန်မေးသည်။

''ကျွန်တော့်နာမည်ကို ပြန်ပြောပြီးပြီ။ ခင်ဗျားနာမည်ကကော''

''မိဝါလို့ပဲ ခေါ်ကြတယ်။ ဒါပေမဲ့ နာမည်အပြည့်အစုံက စပယ်ဝါ''

စည်သူက ခပ်ငေးငေးတစ်ချက်ကြည့်လာသဖြင့် မိဝါ အနေခက်ရပြန်သည်။ သည်လူ ဘယ်လိုလုပ်မှန်းလည်း မသိ။ သူမက အပျိုရွယ် ခိန်းကလေးတစ်ယောက်ဆိုတာကိုကော သူသိရဲ့လား။

စည်သူက တွေးတွေးဆဆအမူအရာဖြင့်…

''အင်း…စပယ်ဝါ။ တွေ့ချင်နေတာ ကြာပြီ။ အခုမှပဲ တွေ့ရတော့တယ်''

''ရှင်…''



www.burmeseclassic.com

www.burmeseclassic.com



''နင်က သူ့ကို အရင်က သိလို့လား''

''အင်း...''

''ဘယ်လို...။ ဘယ်လို သိလို့လဲ''

''ဒီလိုဟ...။ စပယ်ပန်းက အမျိုးအစားများတယ်၊ စပယ်ဖြူ (၁၄)မျိုးရှိပြီး စပယ်ဝါ (၄)မျိုးရှိတယ်။ စပယ်ဝါတွေက တရုတ်တို့၊ နီပေါတို့၊ မြေထဲပင်လယ်တို့ ဘောင်ဥရောပတို့ပဲ အပေါက်အံရောက်များတယ်။ ငါတွေ့ချင်တာ ကြာပြီ၊ အခုမှ လူယောင်ဖန်ဆင်းပြီး ငါ့ရှေ့ရောက်လာတယ် ထင်စရာ ဖြစ်နေလို့ပါ''

သက်မွန်နွယ်က မိဝါကို တစ်ချက်လှည့်ကြည့်ပြီး...

''မိဝါ...။ ဟုတ်လား''

''ဟဲ့...ကိုယ့်ဘာသာကိုယ်တောင် စပါယ်ဝါဆိုတဲ့ပန်း အပြင်မှာ တကယ်ရှိမှန်း မသိဘူး''

ရယ်ဖြစ်ကြသည်၊ အရယ်အဆုံးမှာ သက်မွန်နွယ်က...

''ကဲ...မိဝါ။ နင့်ကိစ္စကြီး ဒီကောင့်ကို ပြောပြလိုက်ပါဦး''

မိဝါက ခေါင်းလေးတစ်ချက်ညိတ်ပြီး စည်သူ့ကို မရဲတရဲကြည့်သည်။ စည်သူက 'ပြောမှာသာပြောပါ'ဆိုသော အမူအရာမျိုးဖြင့် ခေါင်းဆတ်ပြသည်။ ထို့ကြောင့် မိဝါကလည်း ဖြစ်ပျက်သမျှကို စုံစုံစေ့စေ့ပင် ပြောပြလိုက်သည်။ စည်သူက မျက်နှာအမူအရာမပျက်ဘဲ နားထောင်သည်။

မိဝါ၏ စကားအဆုံးမှာ ဘာမှပြန်မပြောသေး။ တစ်စုံတစ်ရာကို တွေးနေပုံ ရသည်။ မိဝါနှင့်သက်မွန်နွယ်ကလည်း သူ့မျက်နှာကို ငေးကြည့်ပြီး နားစွင့်နေသည်။ ထို့ကြောင့် အခန်းထဲမှာ တိတ်ဆိတ်နေသည်။

''ခင်ဗျားတို့က အဲလေ...နင်တို့က ငါ့ကို ဒီလိုပြဿနာကြီးမှာ လာအားကိုးနေတာကို။ နင်တို့ အထင်ကြီးကြတာကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါ့လို ပရဗိုဇီတစ်ယောက်က နင်တို့ကို ကူအားမရှိလှဘူး ထင်တယ်။ ငါ့မှာ ဘာမှ မပြည့်စုံဘူး''





မိဝါ နဖဝတိမ်တောင် ဖြစ်သွားသည်၊

''ဘာလဲ ပရဗိုဇီဆိုတာ...''

''ကပ်မိစားသောက် နေရသူပေါ့ဟာ... ကပ်ဖြစ်အကောင်ကို ...ပြောတာ။ ငါက ဘုန်းကြီးကျောင်းကို အမှီပြု နေထိုင်နေရတာ၊ နင်တို့ကို ကူဖို့ မလွယ်ဘူး''

''အဲ့ဒီအတွက် အစစအရာရာ ငါက ဘာဝန်ယူမယ်ဟာ...။ ...င် ကူညီဖြေရှင်းပေးမလား''

ထိုအချိန်မှာပဲ ကပ္ပိယတစ်ဦးက သူတို့ကို ကာဖီဖြင့် လာရောက် ...ည့်ခံသည်။ စည်သူက...

''ဘယ်သူဖျော်တာလဲ''

ကပ္ပိယကြီးက 'ငါ...ဖျော်တာပေါ့ဟ''ဟု တုန့်ပြန်ဖြေကြား ...ီး လှည့်ထွက်သွားသည်။ စည်သူ့မျက်နှာ ရှုံ့မဲ့သွားသည်။ တစ်ကိုယ် ...ည်း ပြောသလိုလို ညည်းဘွား၏။

''အင်း...ကာယေျစသနကလည်း မကောင်း၊ ဘာဝပေယျပါနကလည်း မကောင်း''

သက်မွန်နွယ်က စိတ်ပျက်လက်ပျက်နှင့် ရယ်ပြီး...

''ရှင်းပြပါဦး''

''ကာဖီထည့်ခွက်က မကောင်း၊ ကာဖီကလည်း မကောင်းလို့ ...ပြောတာ...''

သောက်ကြည့်တော့လည်း သူပြောသည့်အတိုင်း ဖြစ်နေ၍ ရယ် ...ရသေးသည်။ သို့သော်လည်း ကာဖီပွဲက အရေးမကြီးပါ။ မိဝါ၏ ...ကိစ္စက အရေးကြီး၏။ မိဝါက...

''စည်သူ''

''ဟင်''

''နင်...ဒီကိစ္စကို ဖြေရှင်းပေးနိုင်မယ် မဟုတ်လား''

စည်သူက ပျင်းကြောဆန့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဘာပဲ"

မိဝါ အားတက်သွားသည်။

"နင်...တကယ်ပြောတာနော်"

"အဲ့ဒါကိုလည်း ထင်တာပဲ"

မိဝါ မျက်နှာပျက်သွားသည်။ လေသံခပ်တိမ်တိမ်ဖြင့်...

"ငါက...နင်ဖြေရှင်းပေးနိုင်မယ် ထင်နေတာ"

"အင်း...။ နင်ထင်တာဆိုရင်တော့ မှန်နိုင်ပါတယ်"





(၇)

ဝမ်းမြောက်ဝမ်းသာ အိမ်ကိုပြန်လာကာမှ မိဝါတစ်ယောက် အိမ်မှာ စိတ်ရှုပ်စရာနှင့် တိုးသေး၏။ ပန်တျာရဲဝင်း ရောက်နေခြင်း ဖြစ်သည်။ သူက သည်တစ်ခါကျတော့ မေမေနှင့် စကားလက်ဆုံကျ နေသည်။

"ဒေါ်ဒေါ်က အသက်နဲ့စာရင် နုတယ်နော်။ အရွယ်တင်တယ်"

ဟော...ကြည့်။ မေမေ့ကို သူ ဖားနေပြီ။

"ဒုက္ခကို တွေ့ရင်လည်း ဟာသနဲ့ ရင်ဆိုင်တတ်ရင် အရွယ်တင် ပါတယ် ဒေါ်ဒေါ်ရဲ့"

ပန်တျာရဲဝင်းကလည်း ပြဇာတ်ထဲမှ စကားလုံးများ သုံးလာ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ အုံးဆံအတိုင်း မိဝါ အိမ်ထဲသို့ ခြေဆောင့်နင်းပြီး ဝင်လိုက်သည်။ ကိုရဲဝင်းက ဆိုင်မလို ထမလို ဖြစ်သွားသည်။ ပြုံးမလို ရယ်မလို ဟန်ကိုသည်း ပြု၏။

ကံကောင်းထောက်မစွာ ဖုန်းလာသည်။

``သမီး ကိုင်လိုက်မယ် မေမေ``

ပိုပြီး ကံကောင်းထောက်မ သွားသည်က ဇင်မာမိုး၏ ဖုန်း ဖြစ်နေသည်။ ဇင်မာမိုးက ဖုန်းပြောလျှင် လေရှည်တတ်သည်။ ``ဇင်မာ့ ဆီက``ဟု လှည့်ပြောလိုက်တော့ မေမေလည်း သက်ပြင်းရှည်ကြီး ချသည်။

``နင့်ကို ငါ ပြောပြစရာရှိတယ်။ သိလား...ဇင်မာ။ နင် အခု ဖုန်းဆက်တာနဲ့ အတော်ပဲ``

``ဘာလဲ...။ နင့် ဟိုကိစ္စကြီးက ထူးပြီလား``

``ထူးတော့မယ် ထင်တာပဲ``

``နင်ပြောတာကို ငါ သဘောမပေါက်ဘူး``

``နင် ခဏဖုန်းချလိုက်။ ငါ...အိပ်ခန်းထဲကနေ ပြန်ခေါ်လိုက် မယ်``

``အေး...ဟုတ်ပြီ။ ငါလည်း အဲဒီကိစ္စကို စိတ်ဝင်စားနေတာ``

မေမေနှင့် ကိုရဲဝင်းကို ငါးချုပြုံးလေး လှည့်ပြုံးပြရင်း အိပ်ခန်း တွင်းသို့ အောင်မြင်စွာ ပြေးဝင်လိုက်သည်။ ဇင်မာမိုးနှင့် ဖုန်းအကြာကြီး ပြောပစ်လိုက်သည်။ စည်သူ့အကြောင်းကိုလည်း ငယ်ပေါင်းကြီးဖော် ပမာ ပြောပြလိုက်သည်။

``အဲ့ဒါ နင်တို့ ဘယ်လို စလုပ်ကြမလဲ``

``နက်ဖြန်ခါ ငါတို့ အဲ့ဒီဘုန်းကြီးကျောင်းမှာ စည်သူ့ကို သွားခေါ် ကြမယ်``

``ငါတို့လည်း လိုက်ခဲ့မယ်လေ``

သူမ ပြောသည့် 'ငါတို့' ဆိုသည်က သူမနှင့်မျိုးမြတ်စုကို





ဆိုလိုခြင်း ဖြစ်သည်။

``အေး...လိုက်ခဲ့လေ။ ကောင်းတာပေါ့``

အချိန်နှင့် နေရာကို အချိန်းအချက်လုပ်ကြ၏။ မိဝါ ရေမိုးချိုး အဝတ်အစားလဲပြီး ညနေခန်းဘက်ထွက်လာတော့ ကိုရဲဝင်း မရှိတော့။

``မေမေ...။ ကိုရဲဝင်း ပြန်သွားပြီလား``

မေမေက မျက်စောင်းထိုး၏။ သို့သော် မိဝါက မထိအောင်ရှောင် နိုင်သည်။ မသိသယောင်ဖြင့် သတင်းစာတစ်စောင်ကို ဆွဲယူပြီး ခပ်ကြီးမဲ့ကြီး ဖတ်ရှုနေလိုက်သည်။ ဖေဖေကလည်း မြို့ထဲမှ ပြန်လာချိန် နှင့် ကြုံသည်။ ဖေဖေ့ထံမှ ယမကာနံ့ ရ၏။ မေမေ့မျက်စောင်းက ဖေဖေ့ကို လှည့်ထိုးသည်။ သို့သော် ဤတစ်ကြိမ်တွင်လည်း (ဖေဖေက မူးပြီး ခေါင်းယိုင်ကာ အလိုလိုရှောင်ပြီးသား ဖြစ်နေသောကြောင့်) မထိ။ သိပင် မသိဘဲ သူ့ဘာသာ ရေချိုးခန်းထဲ တန်းဝင်သွားသည်။

လမ်းစိုးသောကြောင့် စိတ်မချသဖြင့် မေမေလိုက်သွားသည်။ ထို့သို့ဖြင့် ထိုတစ်ည ကုန်ဆုံးသွားသည်။ အိပ်မက်ထဲမှာ စည်သူက ဝတ်နှင့် ကုန်းဘောင်ဝတ်ဆီ လိုက်သွားပြီး ပေဒင်ဆရာနှစ်ယောက် နှင့် စီးချင်းပြိုင်သည်။ ပေဒင်ဆရာနှစ်ယောက်က သံချပ်အကျီဝတ်ပြီး အမောင်း လှံရှည်ကိုင်ကာ ဟန်နှင့်ပန်နှင့် ထွက်လာသော်လည်း စည်သူ့ကို မြင် သည်နှင့် အူယားဖားယား ထွက်ပြေးကြသည်။

သူတို့က မြင်းစီးထွက်လာခြင်းဖြစ်သော်လည်း စည်သူက ဒိုင်နို ဆောကြီးစီးကာ ထွက်လာသောကြောင့် ဖြစ်သည်။ သူတို့ မရှိတော့မှ စည်သူက 'တွေ့လား...ငါနိုင်သွားပြီ'ဟုဆိုကာ မိဝါဆီ လှည့်လာသည်။ သူ့ ဒိုင်နိုဆောကြီးကို ကြောက်သဖြင့် မိဝါကိုယ်တိုင်လည်း ထွက်ပြေးရ သည်။

အိပ်မက်ထဲမှာ မောလိုက်တာ။ မိုးလင်းမှ ပြန်တွေးပြီး ပြုံးရသည်။

သက်မွန်နွယ်ဆီ ဖုန်းချိတ်ရသည်။ ဟိုမိန်းမနှစ်ယောက်ပါ လိုက်မည့် အကြောင်း...။

www.burmeseclassic.com

www.burmeseclassic.com



''ငါ နင့်ဆီ ညကတည်းက ဖုန်းခေါ်တာ၊ မရလို့''

''သူတို့လိုက်တာလည်း လိုက်ပေါ့...ဘာဖြစ်လဲ။ ဒါပေမဲ့ တော်ကြာ သူတို့က စည်သူ့ကို ကြိုက်သွားရင် ခက်နေဦးမယ်''

''ကြိုက်ပစေပေါ့၊ ဘာဖြစ်လဲ''

''ဒါ...နင့်ရင်ထဲကလာတဲ့စကား ဟုတ်လို့လား''

''ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ''

''ငါ မြင်ယောင်နေတယ်နော် မိန်းမ၊ ဟွန်း...ဟွန်း''

''တော်...တော်...ဒါပဲ၊ နင် ပြင်ထားနှင့်တော့၊ ငါဝင်ခေါ်မယ်''

ထိုသို့ဖြင့် သူမတို့လေးယောက်သား စည်သူ ကွန်းခိုရာ ဘုန်းကြီးကျောင်းဆီသို့ ချီတက်သွားကြသည်။ ဟိုရောက်တော့ စည်သူကလည်း သူ့ဒုက္ခနှင့်သူ...။

သူမတို့က ဆရာတော်ကြီးကို ဦးစွာဝင်ဖူးမျှော်ကြ၏။ စည်သူက ဆရာတော်ကြီး အခန်းထဲသို့ ရောက်နေသည်။ သူ့အပြင် တောသူကြီး ပုံစံ အဘိုးကြီးကိုလည်း တွေ့ရ၏။ ဆရာတော်ကြီးက လှဲလျောင်းနေပြီး သူမတို့ကို...

''အေး...အေး...ထိုင်ကြဦး''ဟု ပြောသည်။ စည်သူ့ပုံစံ ကြည့်ရတာ အတော်ခက်သည်။ အဘိုးကြီးက လက်ထဲမှာ စာတစ်စောင် ကိုင်ထားသည်။

''စည်သူ''

''ခင်ဗျာ''

''နွားကျောင်း၊ ဆိတ်ကျောင်းရတာ မခက်ဘူး၊ မင်းကို ထိန်းကျောင်းရတာ အတော်ခက်ပါလား၊ မင်းကို မသန်းစိန်နဲ့ နေရာချထားပေးမှ ဖြစ်တော့မယ်''

''ဘကြီးကလည်းဗျာ...''

မိဝါက သက်မွန်နွယ်ကို တီးတိုးမေးသည်။

''အဲ့ဒါ သူ့ဘကြီးလား''





''အေး...ဟုတ်တယ်၊ တောသူဌေးကြီးပေါ့၊ ဒီကျောင်းဆောင်ကြီးရဲ့ ဒကာလေ၊ အခု တောကနေ ခဏတက်လာပုံရတယ်၊ စည်သူ့ကို အရမ်းချစ်တာ...''

သူတို့ တူအရီးထံ ပြန်အာရုံစိုက်လိုက်ကြသည်။ ဘကြီးဖြစ်သူက သက်ထဲမှစာကို ထောင်ပြရင်း...

''ကောင်မလေးတွေကို လိုက်ပေးတယ်ဆိုတာ ဒီစာလား''

''ဟုတ်ကဲ့''

''ကောင်မလေးတိုင်းကို ဒီစာတစ်စောင်တည်းချည်း လိုက်ပေးနေတာဆို''

''ဟုတ်ကဲ့''

''မင်းဟာက ဘယ်လိုကြီးလဲ''

''အများကြီးရေးရမှာ၊ ခဏခဏရေးနေရမှာ ပျင်းလို့''

''ဘယ်ကောင်မလေးမှ မယူကြဘူးလား''

''ဟုတ်ကဲ့''

သူ့ဘကြီးက နှာခေါင်းရှုံ့သည်။

''ဟွန့်...အဖြစ်လည်း မရှိဘူး''

''သူတို့က အလကားပေးတာမှန်း မသိကြဘူး ဘကြီးရဲ့''

စည်သူ့ အဖြေစကားကြောင့် (ဆရာတော်ကြီးမှအပ) အားလုံး ရယ်ရခက် ငိုရခက်ဖြစ်သွားသည်။ ဘကြီးက မျက်နှာထားကို တင်းလိုက်ပြီး...

''နေပါဦး...၊ မင်းစာကို ငါ ဖတ်ကြည့်ပါဦးမယ်၊ ဘာတွေ ရေးထားတာလဲလို့''

ထို့နောက် ဘကြီးက စာကို အသံထွက်၍ တစ်လုံးချင်း ဖတ်လေသည်။

မင်းကို ချစ်မိလို့ ကိုယ့်ရဲ့ ဆင်ခြင်တုံတရားတွေဟာလည်း လွင့်ပြယ်သွားပြီ ကွာချစ်ရယ်..။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီး မှတ်ချက်ချသည်။

''အစကတည်းက ဆင်ခြင်တုံတရား မရှိတဲ့ ကောင်ကများ''

ထို့နောက် ဆက်ဖတ်သည်။

[illegible] မြန်မာလောကဓာတ်ကို ဆရာက ကိုယ့်ကို လှမ်းပေးခဲ့ပါပြီ...။

''ဟွန့်...။ မအိပ်နိုင်၊ မစားနိုင်လို့ဘဲ တော်တော့တယ်။ မပြောလိုက်ချင်ဘူး''

ကိုယ်က အောင်မြင်ကျော်ကြားမှုတွေ များခဲ့ပြီ။ [illegible] လို့ သိနိုင်တယ်။

''အောင်မလေး။ လာ...လာချည်သေးဗျာ။ ဘုရား...ဘုရား''

ဘကြီးက တစ်ကြောင်းချင်းရွတ်ပြီး တစ်ကြောင်းချင်း ဝေဖန်နေသည်။ မိဝါတို့လည်း မအောင့်အည်းနိုင်သဖြင့် တခစ်ခစ်ရယ်မိကြသည်။ စာဖတ်၍ အဆုံးမှာ ဘကြီးက (စာက အတန်ငယ်ရှည်၍ အကျယ် မဖော်ပြတော့ပါ)

''စေည်သူ''

''ဗျာ...ဘကြီး''

''ဘာတွေ လျှောက်ရေးထားတာလဲ။ မင်း ရူးနေပြီလား''

''အဲ့ဒါကိုပြောချင်တာ ဘကြီးရဲ...။ အဲ့ဒါ ကျွန်တော်ရေးတဲ့စာ မဟုတ်ဘူး''

''ဒါဖြင့် ဘာလဲ''

''နပိုလီယံဘိုနာပတ်က သူရည်းစားကို ရေးတဲ့စာ။ ကျွန်တော်က သူတို့ကို လိုက်ပြတာ။ ဒီစာ အသွားအလာကို ဘယ်လိုသဘောရသလဲလို့''

''ရှုပ်ရှုပ်ရှက်ရှက်ကွာ...။ နောက်မလုပ်နဲ့''

''ဟုတ်ကဲ့...။ မလုပ်တော့ပါဘူး''

''နောက်ပြီး...မင်းပြောတဲ့ ခုနကကောင် ဘာပတ်''

''နပိုလီယံဘိုနာပတ်ပါ''

''အေး...။ ဘာပတ်ပတ်၊ ဒီကောင့်ကိုလည်း ကိုယ့်ရည်းစားစာ





ကိုယ့်ဘာသာ သေသေချာချာသိမ်းထားလို့ ပြောလိုက်။ ဘယ်နှယ့်... သူတကာကို လိုက်ပြနိုင်းရတယ်လို့''

''ဟုတ်...ဟုတ်ကဲ့။ ပြောလိုက်ပါ့မယ်''

မိဝါတို့ ရယ်ရလွန်းလို့ မျက်နှာတွေ နီလာသည်။

''အခု ဒီစာကို ငါသိမ်းသွားမယ်''

ဘကြီးက စာကို သူ့တိုက်ပုံအင်္ကျီထဲ ထည့်သည်။ ထိုအချိန်မှာ စည်သူက သူ့နောက်နားမှာ ထိုင်နေသည့် မိဝါလက်ထဲသို့ တစ်စုံတစ်ရာ သုမ်းထည့်သည်။ မြန်ဆန်လွန်းသဖြင့် မည်သူမှ မတွေ့လိုက်။

အင်္ကျီအိတ်ထဲ လက်ရောက်သွားသော ဘကြီး၏ မျက်နှာက ပျက်သွားသည်။ သူ့တစ်ကိုယ်လုံးကို သူ့ဘာသာ ဟိုစမ်းဒီစမ်း စမ်းသည်။ သူ့မျက်နှာက နားလည်ရ ခက်ပုံမျိုး။ တစ်ချိန်လုံး အေးဆေးငြိမ်သက်နေသော ဆရာတော်က...

''ဘာဖြစ်လို့လဲ ဒကာကြီး''

''တပည့်တော်က ဒီကိုလာတာ ရောက်ပြန်ပဲ ဘုရား။ လာကတည်းက ပြန်ဖို့ စီစဉ်ထားပြီးသား''

''အေးလေ...။ ဒါကို ကျုပ်သိပါတယ်။ ခု...ဘာဖြစ်နေတာလဲ''

''တပည့်တော်ရဲ့ ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်ခံလိုက်ရပြီ''

''ဟဲ့...သေချာအောင် စစ်ပါဦး''

''သေချာပါတယ်ဘုရား။ တစ်ခု ထူးဆန်းနေတယ်''

''ဘာလဲ''

''ခါးပိုက်နှိုက်က တပည့်တော်ကို အပြန်လမ်းစရိတ်နဲ့ လက်ဖက်ရည်ဖိုးကိုတော့ ချန်ပေးသွားတယ်။ တစ်မျိုးကြီးပဲ''

မိဝါ ရိုပ်မိလိုက်ပြီ။ မလုံမလဲနှင့်ပင် လုံလဲအောင် ကိုယ်နေဟန်ဆား ပြင်ရသည်။ သို့သော် ဘကြီးက ဆရာတော်နှင့် သူမတို့ရှေ့မှာ ခဲ့ဘ်ရုတ်သည်းသည်းဖြစ်အောင် မလုပ်ပါ။ ဆရာတော်ကို ဦး[illegible] ခဲ့သည်။ မပြန်ခင်မှာ သက်မွှန်နွယ်ကို...

''မွှန်မွှန်''

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



``ရှင်...ဘကြီး``

``ဒီကောင် စည်သူ မဟုတ်တရုတ် လုပ်တာတွေ့ရင် ငါ့ဆီ တရေးစမ်း``

``ဟုတ်ကဲ့``

``နှင့် အဖေအမေတွေကော နေကောင်းတယ် မဟုတ်လား``

စည်သူက ဝင်ဖြေသည်။

``အလတ်ကြီးတွေပဲ ဘကြီး``

``မင်းပါးစပ်ကို ပိတ်ထား။ အေး...တစ်ခုရှိတယ်။ မင်းကိုငါ မုန့်ဖိုးမပေးနိုင်တော့ဘူး။ ရွာကမှ လှမ်းပို့ပေးလိုက်မယ်``

စည်သူက မျက်နှာသေလေးနှင့်...

``ရပါတယ် ဘကြီးရယ်...။ လောကဓံပေါ့``

``ကြီးကြီးကျယ်ကျယ်က လုပ်လာပြန်ပြီ။ မင်းသူငယ်ချင်းတွေလည်း ရောက်နေတယ်၊ ငါ့ကို လိုက်ပို့မနေနဲ့တော့။ သူငယ်ချင်းတွေနဲ့လည်း တည့်အောင်နေ``

``ဟုတ်ကဲ့...။ သူတို့က စောင်းနေရင်တောင် ကျွန်တော် တည့်အောင်နေပါ့မယ်``

ဘကြီး ပြန်သွားမှပဲ မိဝါ စိတ်ပေါ့သွား၏။

ဆရာတော့်ကို ဦးချနှုတ်ဆက်ပြီး စည်သူ့ကို ခေါ်ထုတ်ကာ သူမတို့ ထွက်လာခဲ့ကြ၏။ လမ်းမှာ သက်မွန်နွယ်က စည်သူ့ကို မေးသည်။

``နှင် ထမင်းစားပြီးပြီလား``

``အေး...။ ဆွမ်းကျန်ဟင်းကျန်လေးတော့ စားပြီးပြီ``

``နှင်ဟာလေ...။ ငါတို့က နှင့်ကို မစားရသေးရင် ကျွေးမလို့ မေးတာ``

``ငါ့ဘာသာ ဝယ်စားနိုင်ပါတယ်``

``နှင့်မှာ အဲ့ဒီလိုအနေအထားမရှိဘူးဆို။ နှင်ပဲ ပြောတာ``

``အခုရှိပြီ``





သက်မွန်နွယ်က စည်သူ့ကို မသင်္ကာသလို ကြည့်သဖြင့် မိဝါ က...

``ဟုတ်တယ်...သက်မွန်``

``အောင်မာ...။ နင်က ဘယ်လိုလုပ် သိလဲ``

``သူ့ဘကြီး ပိုက်ဆံအိတ်ကို သူခါးပိုက်နှိုက်ထားတာလေ``

``ဟယ်...။ ဟုတ်လား``

မိဝါက ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ စည်သူ သူမကို ပေးထားသော ပိုက်ဆံအိတ်ကို စည်သူ့ထံ ပြန်ကမ်းပေးလိုက်သည်။ သက်မွန်နွယ်က ရင်ဘတ်ကို လက်ကလေးနဲ့ဖိကာ...

``ဟယ်...စည်သူရယ်၊ နင် ဘယ်အချိန်က နှိုက်လိုက်တာလဲ``

``အစကတည်းက နှိုက်ထားတာ၊ ထားလိုက်ပါဟာ...။ ဒါတွေ က အရေးမကြီးပါဘူး။ ဟိုနှစ်ယောက်က နင်တို့ပြောတဲ့ ဖင်မာမိုးနဲ့ ချိုးမြတ်စု ဆိုတာလား``

``အေး...ဟုတ်တယ်``

``ခု...ငါ့ကို နင်တို့ရဲ့နေရာတွေဆီ ခေါ်သွား။ ဖင်မာမိုးခေါင်းပေါ် ဘီးကန်းအသေ ပြုတ်ကျတဲ့နေရာကစပြီး ဟိုအဘွားကြီး ကြွေပေဒင် ဟောတဲ့နေရာအထိ``

``လိုလို့လား``

``နင်တို့ မသိပါဘူး။ ဒီနည်းကို **အာဂုတ္တိနည်း** လို့ခေါ်တယ်၊ ပြန်လည် ငုံကြည့်တဲ့သဘောကို ဆောင်တယ်။ ပြီးမှ **အစိကာရနည်း** နဲ့ ရှေ့ဆက်လိုက်ရမယ်။ အခု ငါပြောတဲ့အတိုင်းသာလုပ်``

မိဝါက မျက်မှောင် ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း...

``နှင့်ဟာက ရှေးဟောင်း စုံထောက်နည်းတွေလား``

``ပြန်မမေးနဲ့ဦးဟာ။ ငါပြောတဲ့အတိုင်းသာ လုပ်စမ်းပါ``

``အေးပါဟာ...အေးပါ``

စည်သူ့ကို ဘာမှပြန်မမေးရဲတော့ဘဲ သူပြောသည့်နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားရ၏။

''ဖင်မာမိုးခေါင်းပေါ် ကျိုးကန်းပြုတ်ကျတာ ဒီနေရာ''

စည်သူက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်၏။ ဘေးပတ်ဝန်းကျင်မှာ သစ်ပင်တွေ၊ အဆောက်အဦတွေ ဘာမှမရှိ။ ဘာမှ မသက်ဆရာမရှိ။ ရှေ့ဆက်လျှောက်၏။

''ဒါက ငါတို့ ဝင်ထိုင်တဲ့ အအေးဆိုင်''

''အေး...။ ငါတို့ ဝင်ထိုင်ကြမယ်''

မိဝါနှင့် သက်မွန်နွယ်တို့က မည်သို့မှ မနေသော်လည်း ဖင်မာမိုးနှင့် မျိုးမြင့်စတို့က မဝင်လိုကြ။ စည်သူက အတင်းခေါ်သည်။ သူနှင့်အခုမှသိသော ပြောမနာဆိုမနာတွေလို။

''လာလေ...။ နင်တို့က ဘာတွန့်ဆုတ်တွန့်ဆုတ် လုပ်နေတာလဲ''

မဝင်ချင့် ဝင်ချင့်နှင့် ဝင်ကြရသည်။ ဆိုင်ထဲတွင် လူရှင်းနေသည်။ စားပွဲထိုးလေးတစ်ယောက်ကလည်း မျိုးမြတ်စကိုမြင်တော့မှ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

''ကောင်လေး...။ လာလေ''

ထိုစားပွဲထိုးလေးကိုမှ စည်သူကလည်း လှမ်းခေါ်သည်။ ကောင်လေးကလည်း မလာချင့်လာချင့် လာရသည်။ စည်သူက...

''မင်း သူတို့ကို မှတ်မိလား''

စားပွဲထိုးလေးက...

''ဟုတ်ကဲ့။ မှတ်မိပါတယ်''

''တစ်ယောက်က ဆိုင်ထဲရောက်ရောက်ချင်း အိမ်သာဆီပြေးပြီး နောက်တစ်ယောက်က တံတွေးမျိုချတယ်လေ''

ထိုစကားကြောင့် မျိုးမြတ်စ ဆွေ့ဆွေ့ခုန်သွားသည်။

''စည်သူနော်...။ နင် ဘာပြောတာလဲ၊ သူ အိမ်သာသွားတာကိုပဲ ငါက တံတွေးမျို ချနေသလိုလို။ ငါတံတွေးမျိုချတာက...''





စည်သူက ဝင်ဖြတ်ပြောသည်။

''ရှေ့ရင်အေးကို မဟုတ်လား''

''ဟုတ်တယ်...ဟာ...မဟုတ်ဘူး။ ငါ့ဘာသာငါ မျိုချတာ''

ဖင်မာမိုးကလည်း စည်သူ့ကို ရန်တွေ့သည်။

''ငါ အိမ်သာထဲဝင်တာက ငါ့အကြောင်းနဲ့ငါ''

''သြော်...အဲ့ဒီလိုလား။ နင်က အေးလေ...မိန်းကလေးဆိုတော့''

''နင်နော်...။ အဲ့ဒါမျိုးလည်း မဟုတ်ဘဲနဲ့''

မိဝါက ဝင်ထိန်းရတော့သည်။

''ကဲပါ စည်သူရယ်...။ လျှောက်နောက်မနေပါနဲ့တော့၊ သွား...သွား...မောင်လေး။ ထောပတ်သီးဖျော်ရည် ငါးခွက်ပေး''

ဒါတောင် စည်သူ့ပါးစပ်က အငြိမ်မနေ။

''ထောပတ်ဆိုတော့ ထပ်ပေါဦးမယ်ပေါ့လေ...''

သူ့ကို မည်သူမှ နှုတ်လှန်မထိုးကြတော့။ ဖျော်ရည်သောက်ပြီးသည်အထိ အားလုံး ငြိမ်သက်နေကြသည်။ စည်သူကပဲ...

''ကဲ...သောက်လိုက်ပြီးရင် သွားကြမယ်''

''ဘယ်ကို ဆက်သွားမလဲ''

''နင်တို့ရဲ့ ကြွေဗေဒင် မယ်တော်ကြီးဆီလေ''

ထိုသို့ပင် ခရီးဆက်ခဲ့ကြသည်။ သို့သော်လည်း ဤခရီးက မဝေးပါ။ ထို့ကြောင့် ခဏလေးနှင့် ရောက်လေသည်။ အဘွားကြီးက သစ်ရိပ်အောက်မှာ...။

''ဟိုမှာ...ဟိုမှာ''

မိဝါက ခပ်လှမ်းလှမ်းမှပင် ညွှန်ပြ၏။ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသည်။ ဖင်မာမိုးနှင့် မျိုးမြတ်စတို့ကလည်း ထိုအတိုင်း။

ဤအချိန်တွင်တော့ စည်သူက နောက်ပြောင်မှု မရှိ။ နား သည်မှု ရှိသည်လား၊ ပါးရည်နပ်ရည်ရှိစွာ အကွက်ဆင်ပြီလား မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်။

''နင်တို့သုံးယောက် နေရစ်ခဲ့။ မွန်မွန် ငါနဲ့လိုက်ခဲ့''

စည်သူနှင့် သက်မွန်နွယ်တို့ အဘွားကြီးရှေ့သို့ ရောက်သွားကြသည်။ သစ်ငုတ်တိုအမကြီးလို ငြိမ်ထိုင်နေသည့် အဘွားအိုက...

''ဗေဒင်မေးကြမလို့လား''

စည်သူက...

''ဟုတ်ကဲ့''

''ကြွေပစ်ပေါ့''

စည်သူက ကြွေစေ့များကို ကြဲချလိုက်သည်။ အဘွားအိုက ကြွေစေ့များကို ကြည့်ပြီး စာအိတ်တစ်အိတ်ကို ကမ်းပေးသည်။ ဖွင့်ဖတ်လိုက်တော့...

ကိုဇာတာ မကောင်းပါ။

စည်သူက တစ်ချက်ပြုံးပြီး အဘွားအိုကို အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်၏။ အဘွားအိုကတော့ သူ့ကို ပြန်မကြည့်ချေ။

''မွန်မွန်...။ နင်လည်း ကြွေပစ်လိုက်''

အကြောင်းရှိ၍ စည်သူက နိုင်းခြင်းဖြစ်မှန်းသိ၍ သက်မွန်နွယ်ကလည်း မငြင်းပါ။ ကြွေစေ့များကို ဆွဲယူပစ်ကြဲလိုက်သည်။ သူမရသောစာအိတ်ကို ဖတ်တော့...

ချစ်သူနှင့် စိတ်ဝမ်းကွဲလိမ့်မည်။

မျက်နှာရှုံ့မဲ့သွားသည်။ သူမမှာ ချစ်သူမှ မရှိဘဲ။ အဘွားအိုကို ငွေရှင်းပေးခဲ့ပြီး သူတို့နှစ်ယောက် မိဝါတို့ထံ ပြန်ရောက်လာသည်။ စည်သူက...

''ကဲ...ရပြီ။ ငါတို့ ပြန်ကြစို့''

မိဝါက...

''ဘာဆက်လုပ်ကြဦးမလဲ''

''ဟိုဆိုင်မှာပဲ ခဏ ပြန်ဝင်ထိုင်မယ်''





''ဟင်...ထပ်ဝင်ဦးမလို့လား။ ကောင်းပါ့မလား''

''ဘာမကောင်းစရာ ရှိလို့လဲ''

''အေးလေ...ပြီးရော''

ဤနားမှာလည်း ထိုင်စရာ ဤတစ်ဆိုင်ပဲ ရှိသည်ကိုး။ အဘွားကြီးက ဘာတွေဟောလိုက်သနည်းဆိုသည်ကို မေးလိုစိတ် ဇောနေသော်လည်း လမ်းမှာ မမေးဖြစ်။ ဆိုင်ရောက်မှပဲ မေးဖြစ်တော့သည်။ မျိုးမြတ်စုက တဲတွေးမျိုချရင်း မေးခြင်းဖြစ်သည်။

''ဟဲ့...။ နင်တို့ကို ဘာတွေ ဟောလိုက်သလဲ''

သက်မွန်နွယ်က အောက်သိုးသိုးလေသံဖြင့် ပြန်ပြောသည်။

''နင်တို့ ဗေဒင်ကြီးကလည်း မမှန်ပါဘူးဟာ''

''ဘာဖြစ်လို့လဲ''

''ငါ့မှာဖြင့် ရည်းစားတောင် မရှိဘူး။ အဲ့ဒါကိုများ ချစ်သူနှင့် စိတ်ဝမ်းကွဲလိမ့်မည်တဲ့။ ဘာလဲဟ''

မျိုးမြတ်စုနှင့်အတူ မိဝါနှင့် ဇင်မာမိုးပါ မျက်မှောင်ကြုတ်သွားသည်။ ဟုတ်သည်ပဲ။ ဟောချက်က တလွဲကြီး။ သို့သော် မျိုးမြတ်စုက စိတ်မလျှော့သေးပါ။

''စည်သူကကော...''

''ငါ့ကိုတော့ မှန်ရင် မှန်မယ်''

''ဘယ်လိုဟောလဲ''

''အိုဇာတာ မကောင်းဘူး...တဲ့''

''ဟင်...အဲ့ဒါကြီးကလည်း လူလည်ကျသလို ဟောချက်ကြီးပဲ။ ဟုတ် မဟုတ် ဘယ်လိုပြောနိုင်ဦးမှာလဲ''

စည်သူက ခပ်ဟဟရယ်ရင်း...

''တကယ်တော့ လူတိုင်းဟာ အိုဇာတာ မကောင်းဘူးဟ''

''ဘာဖြစ်လို့လဲ''

''ဘယ်လိုမှ ပြန်ငယ်လို့ မရတော့လို့''



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းမျက်စောင်းခဲသည်ကို မသိသယောင်ပြုပြီး စည်သူက…

''ကဲ…ကဲ။ နက်ဖြန်ခါကျမှ ပြန်ဆုံကြမယ်။ အခု နင်တို့ သွားတော့''

''နင်က မလိုက်ဘူးလား…။ ဘာကိစ္စ နေခဲ့မှာလဲ''

''ငါက တစ်ခေါက်ပြန်သွားဦးမယ်''

''ဘယ်လို…''

ဘာရယ်မဟုတ်တဲ သူမတို့တွေ ကြောက်ရွံ့သလို ဖြစ်မိကြသည်။ စည်သူ့အတွက်လည်း စိုးရိမ်မိသဖြင့်…

''စည်သူ…။ အန္တရာယ်ရှိနိုင်ရင် မသွားပါနဲ့ဟာ''

''ဘာမှ မဖြစ်ပါဘူး။ သွား…သွား…။ နင်တို့သွားကြတော့''

သူမတို့ စိတ်လေးလံစွာ ထထွက်ခဲ့ကြရသည်။ စည်သူ့ကိုလည်း သိပ်စိတ်မချ။ သူ ဘာထူးခြားချက်ကိုများ မြင်လိုက်လို့လဲ။ ဘာကို စမ်းသပ်မလို့လဲ။

သူမတို့ ထွက်သွားတော့မှ စည်သူက စားပွဲထိုးကလေးကို ခေါ်ကာ မေးခွန်းတစ်ချို့ တီးတိုးမေးသည်။ ထို့နောက် ဗေဒင်ဟောသည့် အဘွားအိုထံ ပြန်ထွက်လာခဲ့သည်။

အဘွားအိုက သစ်ရိပ်အောက်မှာ မလှုပ်မယှက် ထိုင်နေဆဲ။ သူမရှေ့မှာ စည်သူ လာရပ်သည်ကို မော့မကြည့်၊ စည်သူက နူးညံ့သိမ်မွေ့သောအသံဖြင့် အသံပြုလိုက်သည်။

''ဗေဒင် မေးချင်ပါသေးတယ်''

အဘွားအိုကလည်း တိုးညင်းသော်လည်း ပီသသောအသံဖြင့်

''ကြွေပစ်ပါ''

''ကိုယ်မေးချင်တဲ့ မေးခွန်းကိုပဲ ရည်ရွယ်ပြီး ပစ်လို့ရမလား''

''ရတယ်…။ ကြွေပစ်ပါ''

စည်သူက အပြုံးတစ်စဖြင့် ကြွေစေ့လေးများကို ပစ်ကြဲလိုက်





သည်။ ထို့နောက် အဘွားအိုကို ခပ်စူးစူးကြည့်ကာ ပြတ်သားစွာ မေးသည်။

''ခင်ဗျား…ဘယ်သူလဲ''



www.burmeseclassic.com

www.burmeseclassic.com

## (၈)

``ဖေဖေ...။ ဖီးနစ်ငှက်အကြောင်း ဘယ်စာအုပ်တွေထဲမှာ ရှာဘိရမလဲ''

``အီဂျစ်ဒဏ္ဍာရီထဲက နတ်သမီးရဲ့...အဲ့ဒီဆိုင်ရာ စာအုပ်တွေထဲမှာ ရှာပေါ့''

``ဖေဖေသိသလောက် ပြောပြပါလား''

``ကွယ်...ဖေဖေကလည်း သိပ်မသိပါဘူး။ သိသမျှကိုလည်း မေ့ကုန်ပါပြီ။ အကြမ်းဖျင်းပြောရရင်တော့ အဲ့ဒီငှက်က ရရာပစ္စည်းအတိုအစနဲ့ အသိုက်ဆောက်နိုင်တဲ့ ငှက်မျိုးပေါ့။ နှစ် ၅၀၀ ထိ အသက်ရှင်နိုင်တယ်။ အဲ...သူအိုလာပြီဆိုလို့ရှိရင် သူ့ကိုယ်သူ မီးရှို့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြာပုံထဲကမှ အစိဋ္ဌာန်ပြုချက်နဲ့ အသက်ပြန်ဝင်လာတယ်။ အဲ့ဒီအခါကျရင်တော့ နုပျိုတဲ့ခန္ဓာကိုယ် ဖြစ်နေပြီ''

''သူ့ဘဝက အဆင်ပြေသွားပဲနော်''

''သြော်...ပုံပြင်ထဲက ငှက်ပါ သမီးရယ်၊ ဒီထက်တောင် ရေးပြလို့ ရဦးမယ်၊ ဒီနေရာမှာ ဖေဖေပြောချင်တာ ရှိတယ် သမီးရဲ့''

''ပြောပေါ့...ဖေဖေရဲ့''

ညဦးပိုင်းမှာ သားအဖနှစ်ယောက် စကားကောင်းနေကြခြင်းဖြစ်သည်။ မေမေက ဘုရားရှိခိုးနေသည်။ မေမေဘုရားရှိခိုးလျှင် ကြာတတ်သည်။ ဘုရားကို နည်းနည်းရှိခိုးပြီး သူ့အတွက် များများဆုတောင်းသည်။ သူမသည် သမ္မာအာဇီဝ ရတနာပွဲစားတစ်ယောက်ဖြစ်ကြောင်းကိုလည်း မြတ်[illegible]များကို [illegible]တည်တတ်သည်။

''ဆိုတော့ ငှက်တစ်မျိုးရှိတယ် သမီးရဲ့။ ပုံပြင်ထဲကငှက်မဟုတ်ဘူး။ အပြင်မှာ တကယ်ရှိတဲ့ငှက်...''

''သူက စွမ်းလို့လား ဖေဖေ''

''စွမ်းတာပေါ့...။ သုံးနှစ်ကနေ ဆယ်နှစ်အထိ လေထဲမှာ မရပ်မနား ပျံသန်းနိုင်တယ်။ ပင်လယ်တွေ၊ သမုဒ္ဒရာတွေကို ဖြတ်ပျံနိုင်တယ်''

''ကောင်းတာပေါ့။ သူက ပုံပြင်မဆန်တဲ လက်တွေ့ဆန်တာပေါ့''

''ဒါပေါ့...။ သူကမှ လေးစားဖို့ ကောင်းတာ''

ဖေဖေနှင့် စကားကောင်းနေတုန်း ဖုန်းဝင်လာသည်။ ကောက်ကိုင်လိုက်တော့ သက်မွန်နွယ်၏ဖုန်း။ မိဝါ ဝမ်းသာသွားသည်။ ကမူးရှူးထိုးဖြင့်...

''ဟဲ့...ပြောပါဦး။ ဘာထူးသေးလဲ။ ဟိုကောင် ဘာတွေဖြစ်သလဲ''

''ဟယ်...။ ငါတို့က နင့်ကို မေးမလို့။ ဒီကောင် နင့်ဆီကိုဖုန်းဆက်ပြီး တစ်ခုခုပြောမယ် ထင်နေတာ''





''တောက်တီးတောက်တဲ့ဟယ်...။ နေပါဦး။ ငါတို့ဆိုတော့...''

''အေးလေ...။ ခု ဖုန်းဘောဇ်မှာ ဖင်မာမိုးနဲ့ မျိုးမြတ်စုပါ ရောက်နေတယ်။ သူတို့ကလည်း ဘာထူးခြားလဲလို့ သိချင်နေတယ်''

''ဒီကောင် အေး...ငါဘာဆက်ပြောရမလဲ မသိဘူး''

''ဒါဖြင့်လည်း မတတ်နိုင်ဘူးဟာ...။ နက်ဖြန်မှ သူ့ကျောင်းကိုပဲ လိုက်သွားပြီး ခေါ်ရမှာပဲ။ ဒီညတော့ ပျော်အောင် အိပ်ကြရုံ ရှိတော့တာပဲ''

''အေးပေါ့ဟာ''

နောက်တစ်နေ့ စည်သူရှိရာ ဘုန်းကြီးကျောင်းသို့ သူမတို့လေးယောက် သွားကြတော့ လမ်းမှာ မိဝါက သက်မွန်နွယ်ကို မေးသည်။

''အဲ့ဒီ ဘုန်းကြီးကျောင်းမှာ တယ်လီဖုန်း မရှိဘူးလား''

''မရှိလို့ပေါ့...။ ရှိရင် ငါ ညကတည်းက ဖုန်းဆက်ပြီးပြီ''

''ဒီကောင် ကျောင်းကိုကော ပြန်ရောက်ရဲ့လား မသိ''

မိဝါ၏ မှတ်ချက်စကားကြောင့် ကျန်သူများပါ နေမထိ ထိုင်မသိ ဖြစ်သွားသည်။ ဘုန်းကြီးကျောင်းနားရောက်လေ စိတ်ရှုပ်ပူပင်ရလေဖြစ်မိသည်။

''ဟဲ့...။ ဟိုမှာ စည်သူ မဟုတ်လား''

''ဟုတ်ပါရဲ့''

ဘုန်းကြီးကျောင်းနှင့် မလှမ်းမကမ်း မြက်ခင်းပြင်ပေါ်တွင် စည်သူက သူမတို့ကို ကျောပေး ရပ်နေသည်။ သူ့ရှေ့မှာ လူတစ်ယောက်မြက်ခင်းပေါ်မှာ လေးဘက်ထောက်ပြီး ဟိုကြည့် သည်ကြည့် လုပ်နေသည်။

''ဟဲ့...စည်သူ''

မိဝါခေါ်လိုက်တော့မှ စည်သူက လှည့်ကြည့်ပြီး သူမတို့ဆီသို့ လျှောက်လာသည်။ မျက်နှာက ပြုံးစိစိနှင့်...

''အေး...ငါလည်း နင်တို့ကို စောင့်နေတာ''

သူမတို့ကသာ စိတ်ပူနေရသည်၊ သူကတော့ ဘာမှမဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



''ငါ...ဒီနေ့ နင်တို့နဲ့ လိုက်လို့မရသေးဘူးဟ။ နက်ဖြန် ကျောင်းမှာ အလှူတစ်ခုရှိလို့ လုပ်စရာရှိတာတွေ လုပ်ပေးရဦးမယ်။ ဒီနားက တစ်ဆိုင်ဆိုင်မှာပဲ စကားပြောရအောင်''

''နေပါဦး...။ ဟိုလူက ဘာဖြစ်နေတာလဲ''

စည်သူ့ပုံစံက ပေါ့ပေါ့ပါးပါးမို့ သူမတို့ စိတ်အေးသွားကြသည်။ စကားဝိုင်းမှာ တစ်ခုခုကို သိရမည်ဖြစ်ကြောင်းလည်း နားလည်လိုက်သည်။ ထို့ကြောင့် လေးဘက်ထောက်နေသော လူအကြောင်းကိုသာ စိတ်ဝင်တစား မေးမိကြသည်။

''လာပါ...။ သွားရင်း ပြောကြမယ်''

လမ်းမှာ စည်သူ ပြောပြ၏။

''ငါက ငါ့ဘာသာ လေးဖက်ထောက်ပြီး တီကောင်ကို ကြည့်နေတာ...''

''ဘာကို...''

''တီကောင်ကို...တီကောင်ကို''

''မမြင်ဖူးလို့လား''

''မြင်ဖူးတယ်လေ...။ ဒါပေမဲ့ ငါတွေးမိတယ်။ တီကောင်တွေ အချင်းချင်း ရန်ဖြစ်တတ်သလားလို့။ ရန်ဖြစ်ရင် ဘယ်လိုသတ်ပုတ် ကြသလဲလို့။ သူတို့မှာဖြင့် ဘာမှလည်း မရှိဘဲနဲ့''

သူပြောကာမှ တွေးမိပြီး ရယ်ကြရလေသည်။

''ဒါဖြင့် နင့်ကို သူက ကူကြည့်ပေးနေတာပေါ့လေ''

''မဟုတ်ဘူး...။ ငါ အဲ့ဒီလို ကြည့်နေတာကို သူက လာမေးတယ်။ ဘာရှာတာလဲတဲ့''

''အဲ့ဒီတော့...''

''ငါက ပြောလိုက်တယ်။ ကျောင်းကိုလာတဲ့ ဒကာမကြီးတစ်ယောက် ဒီနားမှာ ရွှေနားကပ် ကျပျောက်သွားတယ်။ အဲ့ဒါကို ရှာနေတာ။ တွေ့ရင်တော့ အပွပဲလို့။ အဲ့ဒီမှာ သူက သဲကြီးမဲကြီး





လိုက်ရှာတော့တာပဲ။ အံမယ်...ငါ့ကိုတောင် တွန်းထုတ်ပစ်သေးတယ်''

''ဟယ်...''

''အဲ့ဒီလိုနဲ့ သူ ဒီပုံစံကြီး ဖြစ်နေတာ။ ငါက မတ်တပ်ပြန်ရပ်ပြီး သူ့ကို ကြည့်နေတာ''

''စည်သူရယ်...။ နင်ကတော့ တကယ့်ကောင်ပဲ''

မျိုးမြတ်စုကလည်း မျက်လုံးပေကလပ် ပေကလပ်နှင့် အူကြောင်ကြောင် မေးသည်။

''ဒါဆို... သူ ရွှေနားကပ် ဘယ်တွေ့မလဲ''

''ဘာဆိုင်လို့လဲ...။ တီကောင်ပဲ တွေ့မယ်''

သက်မွန်နွယ်က ရယ်ရင်းနှင့် ပြောသည်။

''စည်သူရယ်...မကောင်းပါဘူး။ လူတစ်ဖက်သားကို''

''သူ့ဘာသာ လောဘဇော မသတ်နိုင်ဘဲ ဖြစ်တဲ့ကိစ္စလေ...။ ငါ မတတ်နိုင်ဘူး။ နောက်ပြီး ဒီလူက ကောင်းတဲ့လူလည်း မဟုတ်ဘူး။ အလကား...မဇ္ဈပ''

''ဘာလဲ...။ **မဇ္ဈပ**ဆိုတာ''

''အရက်သမားလို့ ပြောတာ။ တစ်နေ့တစ်နေ့ **ဇာဏီယာ**တွေ သောက်လိုက်၊ **ဝါဒိက္ခရာ**တွေ သောက်လိုက်နဲ့ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတဲ့လူ''

''ဘာလဲဟာ...ဇာဏီယာတွေကော၊ ဝါဒိက္ခရာတွေကော ရှုပ်နေတာပဲ''

မိဝါက ထိုသို့ဝင်ပြောတော့ စည်သူက ခပ်အေးအေးပင် ပြန်ပြောသည်။

''ဇာဏီယာဆိုတာက ရမ်ကိုပြောတာ။ ဝါဒိက္ခရာဆိုတာက ဒီစကီ''

သူမတို့ စည်သူ့ကို ဘာပြောရမည်မှန်း မသိတော့။ ရယ်၍သာ နေမိကြတော့သည်။ စည်သူကတော့ ခပ်တည်တည်ပင် တခဲခဲနေရာ



www.burmeseclassic.com

www.burmeseclassic.com



အရောက်မှာ...

"ဒီဆိုင်မှာပဲ ထိုင်ကြရအောင်"

လက်ဖက်သုပ်၊ ချင်းသုပ်ရောင်းသော လမ်းဘေးဆိုင်ကလေး ဖြစ်ပါသည်။ မိဝါက စည်သူ့ကို ကြိုတင်ခွင့်ပန်စကား ဆိုရ၏။

"ဒါမျိုးဆိုတာက မိန်းကလေးတွေ ကြိုက်ပါတယ်ဟာနော်။ ငါတို့ပဲ မှာလိုက်ပါရစေ။ တော်ကြာ...နင်က ပါဠိလိုဟွေ မှာနေမှာစိုးလို့ပါ"

စည်သူက ရေနွေးငှဲ့သောက်ရင်း...

"ဘာဘောပဲ မိကောင်းညို"

ပြစ်ရပြန်ပြီ။ မေးရပြန်သည်။

"ဘာလဲဟ...။ မိကောင်းညိုဆိုတာက ဘယ်သူလဲ"

"အလောင်းဘုရား လက်ထက်က တောင်ဘီလူးရွာရဲ့ သူကြီးမ" (မနိုင်လွန်း၍) စိတ်ပျက်လက်ပျက်နှင့်သာ ရယ်မောကြရတော့သည်။ လက်ဖက်သုပ်၊ ချင်းသုပ်ကို တစ်ဖွန်းနှစ်ဖွန်းစားပြီး သူမတို့ သိချင်တာတွေကို မေးရန်ပြန်သည်။

"စည်သူ"

ထိုသို့ စကားစလိုက်သောအခါ စည်သူက လက်ကာပြသည်။ သူ့မျက်နှာက တည်တည်ကြည်ကြည်ရှိနေ၍ အားလုံး အရှိန်သတ်လိုက်ကြရသည်။ စည်သူက ပြောသည်။

"နင်တို့ ဘာကိုသိချင်နေတယ်၊ ဘာကိုမေးမယ်ဆိုတာ ငါသိတယ်"

ထို့နောက် သူကပင် ဆက်ပြောသည်။

"ဒါပေမဲ့ ငါပြောတာကိုပဲ အရင်နားထောင်ပါ...။ ဟုတ်လား"

ဤလိုနေရာမျိုးတွင်တော့ သူ့အသံက ဩဇာသံပါနေသဖြင့် အားလုံးက အလိုအလျောက် ခေါင်းညိတ်လျက်သား ဖြစ်သွားသည်။ လက်ဖက်သုပ်၊ ချင်းသုပ်တို့ကို တို့ကနန်း၊ ဆိတ်ကနန်း ဟန်ပြစားရင်း





သူ့စကားကို နားထောင်ကြရ၏။

"မိဝါ ပြောတာကို စနားထောင်ရကတည်းက 'သူ့ကိစ္စကြီးဟာ မဟုတ်မှန်ဘူး။ မရိုးသားမှုတွေ ပါဝင်နေတယ်ဆိုတာကို ငါသိတယ်"

ထိုသို့ အစချီပြီး ဆက်ပြော၏။

"ဘဝဟောင်းက ကျိန်စာခေါင်းလောင်းထိုးပြီး ဆုအတူတူ တောင်းခဲ့ကြလို့ ဒီဘဝမှာ ပြန်လည်ပေါင်းဖက်ရမယ့် ချစ်သူတွေ ဖြစ်တယ်ဆိုတာ အလကားပါ၊ မဖြစ်နိုင်ပါဘူး။ ဖြစ်မယ်ဆိုရင်လည်း အင်မတန် ဖြစ်နိုင်ခဲတဲ့ ကိစ္စတွေပါ။ ... ... ... ... ... ... ... ... ... ...

... ... ဖြေရှင်းလို့မရတဲ့ သဘာဝလွန်ကိစ္စတွေ ရှိခဲ့တာပါပဲ။ မဖြစ်နိုင်ဘူးလို့လည်း အတည်မပြောသင့်ဘူးလို့ ဆင်ခြေတက်စရာကိစ္စတွေ ရှိပါတယ်။ အဲ့ဒါဆိုရင်လည်း အဲ့ဒီဘက်ကပဲ စဉ်းစားကြမယ်။ အဖြေ တစ်ဝက် ထွက်လာတယ်။ ... ... ... ... ... ... ... ... ... ... ... ...

... ... လောကစက်နိယာမ၊ သံသရာ ဥပဒေသတွေဆိုတာ ရှိပါတယ်။ သျှို့ဝှက်တဲ့ စွမ်းအင်တွေ ကိန်းအောင်းနေပါတယ်။ လိုချင်တိုင်းလည်း မရပါဘူး။ ဖြစ်ချင်တိုင်းလည်း မဖြစ်ပါဘူး။ ကဲ... ရခဲ့ပြီ ဖြစ်ခဲ့ပြီ ဆိုပါတော့။ ဒါရဲ့ ကိစ္စကြီးမှာ အမှားတွေ ပါနေတယ်။ ... ... ... ... ... ...

... ... ...ပုဂံခေတ်က ဆုတောင်းခဲ့တဲ့ ချစ်သူနဲ့ ကုန်းဘောင်ခေတ်မှာ ဆုတောင်းခဲ့တဲ့ ချစ်သူဟာ ဒီဘဝမှာ တစ်ထပ်တည်းလာကျတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ အင်မတန် စွမ်းအင်ကြီးတဲ့ ဒီလျှို့ဝှက် သဘာဝတရားတွေထဲမှာ အဲ့ဒီလို မှားယွင်းတတ်တဲ့သဘော၊ နောက်ပြောင်တတ်တဲ့သဘော မရှိဘူး။ လေးနက်တိကျပြီး ခိုင်ခန့်တဲ့ သဘောပဲရှိတယ်၊ ... ... ...ခုလိုမျိုး ခေတ်နှစ်ခေတ်က ဆုပန်ချစ်သူတွေ ဒီဘဝမှာ တစ်ထပ်တည်း လာကျတယ်ဆိုတာမျိုး လုပ်လိုက်တော့ မရိုးသားတဲ့ လုပ်ရပ်ဆိုတာ သိသာသွားတယ်။ ဒီဇေဒင်ဆရာနဲ့ ပယောဂ်ဆိုတာကလည်း သူများခိုင်းလို့လုပ်ရတဲ့ လက်အောက်ခံ လက်သက်တွေပါ။ ဒီကိစ္စတွေကို ကြိုးကိုင်စီစဉ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ သီးသန့် ရှိနေတယ်။

ဘာကြောင့် ဒီလိုလုပ်ရသလဲ...။ အကြောင်းရှိမယ်...။ တစ်ခုရှိတာကတော့ ဒီနှစ်အတွင်းမှာ လျှာထားခံရတဲ့ မိဝါရဲ့အိမ်ထောင်ရေးကို အကြောင်းခံမှုရှိတယ်။ အဲ့ဒါတွေကို ဆက်ဖော်ထုတ်ရမယ်။ ဒီတော့... မိဝါရဲ့ စိတ်ထဲမှာ ဘဝဟောင်းကချစ်သူဆိုတဲ့ ခြောက်လှန့်မှုကြီးကို မေ့ပစ်လိုက်ပါ''

''ဒါ...ဒါဆိုရင်''

မိဝါက ဝင်ပြောရန် ပြင်သော်လည်း လက်ကာပြပြီး သူကပဲ ဆက်ပြောသည်။

''ဘယ်သူက ဘာကြောင့် ဒီလိုကိစ္စကြီးကို ဖန်တီးတယ်ဆိုတာကလည်း ဖော်ထုတ်ဖို့ မခက်ပါဘူး။ ကြောက်လန့်စရာ မလိုပါဘူး။ **ဝိဇ္ဇမအန္တွေသန** ဆိုတဲ့ အမှားရှာနည်းကို သုံးလို့ ရပါတယ်။ တစ်ခြားနည်းပရိယာယ်တွေလည်း ရှိပါတယ်''

ပင့်သက်ရှိုက်ပြီး...

''နောက်ပြီး ငါတစ်ယောက်လုံး ရှိပါတယ်''

သူ့စကားကို နားလိုက်၏။ ထိုအခါကျမှ အားလုံးက အသက်ဝင်သလို ဖြစ်သွား၏။

''ဟယ်...အဲ့ဒါဆိုရင် ဘယ်သူကများ လုပ်တာပါလိမ့်''

''ဟုတ်ပါရဲ့...။ ထူးထူးခြားခြားကြီး''

''ဘာအကြံအစည်နဲ့ပါလိမ့်''

ကာယကံရှင် မိဝါကတော့ သူစိုးရိမ်သည့်အချက်ကို ဝင်မေးသည်။

''စည်သူ...။ ဒါဆိုရင် ငါ့မှာ အသက်အန္တရာယ် ရှိနိုင်လား''

စည်သူက ခေါင်းခါပြသည်။ ပြီး...

''အသက်အန္တရာယ်တော့ မရှိပါဘူး။ ဒါပေမဲ့...''

''ဒါပေမဲ့...ဘာဖြစ်လဲ''





''ဘဝအန္တရာယ်တော့ ရှိနိုင်တယ်''

မိဝါ မျက်နှာလေး ငယ်သွားသည်။

''ဟယ်...လုပ်ကြပါဦး''

အားလုံးက ဝိုင်းအားပေးကြရသည်။

''စည်သူရှိပါတယ်ဟာ...။ ပြီး ငါတို့တွေလည်း ရှိတာပဲ'' -

စည်သူကတော့ ခပ်ပြုံးပြုံး လုပ်နေသည်။

''မိဝါက ရဲရင့်မလိုလို့နဲ့ စိတ်အား ငယ်တတ်လိုက်တာ''

''ခု...ခုဟာက ငါ့ကို ဝိုင်းလုပ်ကြံကြမလို ဖြစ်နေတာကိုဟ''

ထိုအခါကျမှ စည်သူက တဟားဟား ထရယ်တော့သည်။

''သူ့ကိုယ်သူ ဗိုလ်ချုပ်အောင်ဆန်း ကျနေတာပဲ''

မိဝါ၏ စိတ်ထဲမှာ စည်သူ့ကိုသာ ထုရိုက်ချင်နေတော့သည်။ သတိဝင်လာပြီး မေးလိုက်၏။

''နင်...နင် ဟိုအဘွားကြီးဆီ သွားတော့ကော...''

''ထားဦး...ထားဦး။ နင်တို့ကို အကုန်မပြောသေးဘူး။ ငါ ချန်ထားတဲ့အချက်တွေ ရှိသေးတယ်။ အချိန်တန်တော့ ပြောပြမယ်''

''နင်...နင် ပိုင်ပါတယ်နော်''

''ဩော်...မိဝါရယ်။ ဒီကိစ္စကြီးမှာ ငါဟာ **ပရိက္ခာမ** မလိုတဲ့ **ဂုတ္တမရ** ပါ။ နင် ဘာမှ မစိုးရိမ်ပါနဲ့။ ကိုယ့်ဘာသာ ပျော်ပျော်ရွှင်ရွှင် သာနေ''

''ဘာလဲ *ပိရက္ခာ* မလို့တဲ့ *ဂုတ္တရေ* ဆိုတာ''

''ခြောက်လုံးပြူး ကိုင်စရာမလိုတဲ့ စုံထောက်လို့ ပြောတာအေး...တစ်ခုတော့ရှိတယ်။ ဒီကိစ္စကြီးကို အောင်အောင်မြင်မြင် ဖြေရှင်းထုတ်နိုင်ဖို့အတွက် နင်တို့ရဲ့အကူအညီ နည်းနည်းတော့ လိုတယ်။ အမြဲမကြီးတာလေးတွေပါ''

''ပြောလေ...လုပ်မှပေါ့''

စည်သူက သူ့အစီအစဉ်ကို ပြောပြသည်။ အားလုံးက ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဘညိတ်ညိတ် နားထောင်ကြသည်။ 'လုပ်ပေးနိုင်သည်' ဟုလည်း ကတိပြုကြသည်၊ ထို့နောက် စည်သူက မိဝါကို ပြုံးလျက် ပြော၏။

"အို ကာမိနီ စိန္တယဘယ်တိ မပြစ်ပါနဲ့"

"အဲ...အဲ့ဒါက ဘာပြောတာလဲ"

"အို...ချစ်ဖွယ်ကောင်းသော မိန်းမ။ ကြောက်အား မပိုပါနဲ့ လို့ ပြောတာ"





(၉)

စည်သူ ဘယ်လိုကောင်မှန်း မသိ။ ဒီကြားထဲမှာ ကဗျာတစ်ပုဒ်သာပြသေးသည်။ လူက စိတ်ညစ်နေသည့် ကြားထဲ။ အဲ...တစ်ခုတော့ ရှိသည်။ သူ ၁၅ နှစ်သားအရွယ်က ရေးသည့် ကဗျာဟု ပြောသည်။ မဆိုးလှ...။ ထိုအသက်အရွယ်အရဆိုလျှင် ပါရမီပါသည်ဟု ဆိုနိုင်သည်။

ကျောင်းသန်းမှာ သူ့ကိုငေး

ကျောင်းပြေးလေး မပျော်နိုင်

ကျောင်းစာတွေ ပြန်ကာတွေးလို့

ကျောင်းဘေးမှာမှိုင်

ကျောင်းကြီးက မြိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမနိုင်တဲ့ သည်လှုံ့ဆိုး
ကျောင်းစာမှာ သိပ်..သိပ်တော်တဲ့
ကျောင်းဖော်သူ ရွှေမင်းသမီးကို
ရင်ဆိုးက ရည်မျှော်တမ်းတယ်
လွမ်းစိတ်နဲ့ ဆို...။

''နင်က ဘယ်ဆိုးလို့လဲ။ အခုကော ရေးသေးလား''

''စိတ်ရှုးပေါက်ရင် ရေးတယ်''

''နင်...ကဗျာဆရာ ဖြစ်နိုင်တာပဲ၊ သေသေချာချာ လုပ်ပါလား''

''မလုပ်ဖြစ်သေးပါဘူး။ ဒီလိုပါပဲ''

''နေပါဦး...။ နင်က အဲ့ဒီ ၁၅ နှစ်သား အရွယ်လောက်ကတည်းက ရည်းစားထားတတ်နေပြီလား''

''ဟင့်အင်း...။ ဘောလုံးကန်ကောင်းတုန်း''

''ကျောင်းစာ သိပ်တော်တဲ့ ရွှေမင်းသမီးကို လွမ်းတယ်ဆို''

''ဩော်...ကဗျာဆိုတာကတော့ ဒီလိုပဲပေါ့ဟာ''

''အခု နင်က ကဗျာဆက်မရေးတော့ဘူးဆိုရင်လည်း ငါ့ကိစ္စကြီးကို ဖြေရှင်းပေးဦးလေဟာ''

''အေးပါ...။ ထူးတော့မှာပါ။ ငါပြောပါ့မယ်... အချိန်တန်ရင်ပေါ့လေ''





(၁၀)

''ဟဲ့...စည်သူ။ ဒါက နင်ဘယ်လဲ''

''လက်ဖက်ရည်ဆိုင်မှာ ဗီဒီယို သွားကြည့်မလို့''

''နင်ကဟာ...။ ငါ့ကိစ္စကို အေးတိအေးစက်ကြီး''

''မဟုတ်ပါဘူးဟာ။ ငါလုပ်ပါတယ်...။ နင်တို့ မသိလို့ပါ''

''ဘာလုပ်တာလဲ ဘာလုပ်တာလဲ''

မိဝါ စိတ်တိုတိုနှင့် အော်ပစ်လိုက်သည်။

စည်သူကတော့ တဟဲဟဲ ရယ်နေ၏။ မြင်ပြင်းကပ်ဖို့ ကောင်းသည်။

နောက်ပိုင်းရက်တွေမှာ သက်မွန်တို့တွေက အမြဲတမ်း မိဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသိုက်နိုင်။ ထို့ကြောင့် မိဝါတစ်ယောက်တည်း စည်သူ့ထံ ထွက်လာကြသည်။ သူတို့နှစ်ယောက်ပဲ တကျက်ကျက် ဖြစ်နေရတော့၏။

"နင် အဲဒီလို အချိန်ဆွဲနေတာနဲ့ပဲ နှစ်ကုန်ပြီး သူတို့ထဲက တစ်ယောက်ယောက်ကို ငါယူရတော့မလို ဖြစ်နေပြီ။ သိလား..."

"မယူရပါဘူး။ မပူပါနဲ့။ ဒါပေမဲ့ ဖူးစာဆိုတာကတော့ ပြောမရဘူးပေါ့ဟယ်။ ဟဲ...ဟဲ"

"လုပ်ပြန်ပြီ။ နင်နော်...။ ငါ့မှာ ဘယ်လောက်စိတ်ပူနေရတယ် အောက်မေ့လဲ။ ဒီကြားထဲ သူတို့က ငါ့ကို အင်းတွေ၊ မန္တာန်တွေနဲ့ စီရင်မှာကို ကြောက်တယ်"

ရယ်ကြဲကြဲလုပ်နေသော စည်သူ့မျက်နှာက တည်သွားသည်။ ခေါင်းတဆတ်ဆတ်ညိတ်လျက် မိဝါ၏ မျက်နှာကို အကဲခတ်သလို ခပ်ကြာကြာကြည့်ပြီးကာမှ...

"အေးပါ...။ နင် သွေးပူမယ်ဆိုတာကို ငါသိပါတယ်"

"ဒါနဲ့များ..."

"နင်က သွေးပူတိုင်း ငါတို့က လိုက်ပူလို့ မဖြစ်ဘူးလေ။ မှားကုန်မှာပေါ့။ ငါတို့က သွေးအေးအေးနဲ့ ဖြေရှင်းပေးမှ နင့်ကို ကူညီရာရောက်မှာပေါ့"

သူပြောတာကလည်း ဟုတ်သလိုလိုမို့ မိဝါ ဘာပြန်ပြောရမှန်း မသိဖြစ်သွားသည်။ စည်သူက ဆက်ပြောသည်။

"နင် အလမ္ပာယ်ဆရာတွေ မြွေကစားပြတာကို မြင်ဖူးလား"

"ငယ်ငယ်က လမ်းဘေးမှာ တစ်ခါမြင်ဖူးဘယ်"

"ပလွေသံကြားရင် မြွေက ယိမ်းနွဲ့ယဉ်ပါးသွားတယ်ဆို"

"ပြောကြတာပဲ"

"အဲဒါ အလကားဟ။ တကယ့်တကယ် မြွေမှာ အကြားအာရုံ မရှိဘူး"

"ဟင်...ဟုတ်လို့လား"





"ဟုတ်တယ်...။ တကယ်တော့ မြွေက အလမ္ပာယ်ဆရာက ယိမ်းသလို လိုက်ယိမ်းတာ"

"အဲဒါ ငါနဲ့ ဘာဆိုင်လဲ"

"သူတို့မှုတ်တဲ့ ပုလွေသံကိုလည်း နင်ကြားရတယ်လို့ မခံယူနဲ့။ အလမ္ပာယ်ဆရာက ယိမ်းတိုင်းလည်း လိုက်မယိမ်းနဲ့။ ကိုယ့်ဟန်ချက်နဲ့ ကိုယ်နေ။ နို့မို့ သူတို့ဆင်တဲ့ခွင်ထဲ ဝင်သွားမယ်။ နင်တို့ လုပ်အားပေးရမယ့်အချိန်ကျရင် ငါပြောပါ့မယ်...ဆို"



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

အစကတော့ စည်သူက သီချင်းလေး တညည်းညည်းဖြင့် ကျောင်းထဲမှ အေးအေးဆေးဆေး ထွက်လာခြင်း ဖြစ်၏။ သို့သော် လန့်ဖျန့်ပြီး စားဖိုဆောင်နောက်သို့ ပြေးဝင်ရသည်။ မြည်းသယောင် ယောင်နှင့် ဟင်းခိုးစားနေပုံရသော ကပ္ပိယကြီးပင်လျှင် လန့်သွားသည်။

''ဟ...ဟ။ ဟော့ကောင် ဘာဖြစ်တာလဲ''

''ရှေ့မှာ ရန်သူ၊ ရှေ့မှာ ရန်သူ''

ကပ္ပိယကြီးက စည်သူညွှန်ပြရာသို့ မျက်မှောင်ကြုတ်ကြည့်ရင်း

''ဘာလဲကွ။ ငါတော့ ကိုရင်ကြီးကိုပဲ တွေ့ပါတယ်''

''ဟုတ်တယ်။ သူ့ကိုပဲ ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲ။ မင်း သူ့ဆီက ငွေချေးထားလို့လား''

''သောက်တီးတောက်တဲ့ဗျာ...။ သူ ပိုက်လာတာတွေကို ခင်ဗျား မတွေ့ဘူးလား''

''တွေ့ပါတယ်ကွ။ စာအုပ်တွေပဲဟာ''

''အဲဒါပဲပေါ့။ ကျွန်တော့်အခန်းဘက်ကို သွားနေတယ်''

''အေးပေါ့။ အဲဒါ ဘာဖြစ်လို့လဲ''

''ကျွန်တော့်ကို တွေ့ရင် သူ စာပေဆွေးနွေးလိမ့်မယ်။ ကဗျာ အကြောင်းတွေ ပြောတော့မယ်''

''ပြောလို[illegible]င်းတာပဲဟာ''

''ဟာ...မ[illegible]ဘူး၊ သူနဲ့ဆွေးနွေးရတာ ပျင်းတယ်။ ဘယ့် နှာကြီးလဲ မသိဘူး။ ပြီး...သူ့ကိုယ်သူ မော်ဒန်၊ ပို့စ်မော်ဒန်ကနေ မဆင်းဘူး''

''မင်းပြောတာ ဘာ...၊ ဘာဒန်''

''ရှင်း မပြအားဘူးဗျာ။ လောလောဆယ် ကိုရင်ကြီးလက်ကနေ လွတ်ဖို့ အရေးကြီးတယ်''

''မင်းကလည်းကွာ...။ အားနာစရာကြီး''

''ကျွန်တော် မအားဘူးဗျ။ သွားစရာ၊ လုပ်စရာ အရေးကြီး ကိစ္စတွေ ရှိတယ်။ သူနဲ့ဆွေးနွေးနေဖို့ အချိန်မရှိဘူး။ ရေကူးဖို့ ထွက်လာ တဲ့အချိန်မှာ ငါးမဖမ်းချင်ဘူးဗျ''

''အောင်မာ...မင်းစကားက တယ်ကောင်းပါလား''

''ကျွန်တော့်စကား မဟုတ်ဘူး။ ရှောင်ကွန်နရီပြောတဲ့ စကား''

''ဘယ်သူ...။ ဘာရီ''

''အို...ခင်ဗျားကို ရှင်းမပြအားဘူးဗျာ။ အလွယ်ပဲပြောပြမယ်။ ဟို...အင်္ဂလိပ်စုံထောက်မင်းသား ဂျိမ်း(စ်)ဘွန်းကို သိတယ်မဟုတ်လား''

''ဇီးရိုး ဇီးရိုး ဆဲဗင်းလား''

''ခင်ဗျား ဒါကျတော့ သိသားပဲ''





''သိပါတယ်ကွ။ မင်းကလည်း ငါ့ကို သိပ်မနှိမ်ပါနဲ့''

''ကဲ...မနှိမ်ပါဘူးဗျာ၊ မနှိမ်ပါဘူး။ ကိုရင်ကြီးကိုသာ ကြည့်ပေး ထားစမ်းပါ''

ကိုရင်ကြီးကလည်း စာအုပ်တွေပိုက်ပြီး စည်သူ့အခန်းရှေ့မှာ ယောင်လည်လည် လုပ်နေသည်။ ကိုယ့်ကို မြင်သွားမည်စိုး၍ စည်သူ ကလည်း ချောင်ကွယ်မှ မထွက်ရဲ။

ဂျိမ်းစ်ဘွန်းအကြောင်း ပြောလိုက်ရ၍လား မသိ။ ကပ္ပိယကြီး အမူအရာက စုံထောက်တစ်ယောက်လို ဖြစ်သွားသည်။ ကိုရင်ကြီးကို မျက်ခြေမပြတ် စောင့်ကြည့်နေရင်း...

''ငါ အချက်ပြမှ မင်းထွက်လာခဲ့''

''ဘာရယ်...။ ခင်ဗျားက ဘယ်လိုအချက်ပြမှာလဲ''

ကပ္ပိယကြီးက တစ်ချက်အမြန်စဉ်းစားပြီး...

''ငါ ငှက်အော်သံ ပေးလိုက်မယ်''

''ဟာဗျာ...။ ခင်ဗျားကလည်း ဒီအတိုင်း 'ဟေ့ကောင် ရပြီ ထွက်ခဲ့တော့' လို့ လှမ်းပြောလိုက်ရင်လည်း ရနေတဲ့ဟာကို''

ထိုသို့ ငြင်းရင်း ခုန်ရင်းနှင့်ပင် ကပ္ပိယကြီး၏ ကူညီမှုကိုယူကာ စည်သူတစ်ယောက် ကျောင်းအပြင်သို့ လွတ်မြောက်ရောက်ရှိသွားသည်။

ပထမရှေးဦးစွာ သူ့ခြေလှမ်းများက ဆရာမိုးသောက်ဆီ။

ဟိုရောက်တော့ ဆရာမိုးသောက်က မရှိ၊ စာရေးဟု ထင်ရသူ သူငယ်တစ်ယောက်ကိုပဲ ရေးကြီးခွင်ကျယ် ငူငိုင်လျက် တွေ့ရသည်။ ပါးစပ်ကို လက်ဝါးနှင့် အုပ်ပြီး အားရပါးရ သမ်းဝေနေသည်။

''ဆရာမိုးသောက်နဲ့ တွေ့ချင်လို့ပါ''

''ဧဒင်မေးဖို့လား''

''ဆိုပါတော့''

''မရှိဘူး ခင်ဗျ။ အပြင်သွားတယ်''

''ဟင်...။ ဒီနေ့ ဧဒင်ဟောခန်း ဖွင့်တဲ့ရက် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



``ဟုတ်ပါတယ်''

``အခုဟာကလည်း ရုံးချိန် မဟုတ်လား''

``ဟုတ်ပါတယ်...။ အဲ မဟုတ်ပါဘူး။ ဒီနေ့ဆိုရင် သူက နေ့တစ်ဝက်ပဲ လာတတ်တယ်။ ဘုရားကို သွားလေ့ရှိပါတယ်''

``ဘယ်ဘုရားလဲ။ ကျွန်တော် လိုက်သွားလိုက်မယ်''

``ဟာ...။ အဲ့ဒီလိုလည်း သူလက်ခံမယ် မထင်ဘူးဗျ။ သူသွားတာက `...စေတီ'ကိုပါ။ ဒါပေမဲ့ ဒီအချိန်မှာ ဘယ်သူ့ကိုမှ သူလက်ခံတွေ့ဆုံမှာ မဟုတ်ဘူး။ ဒီဘဝမှာ ပြန်ဆုံတွေ့မယ့် သူ့ဘဝဟောင်းက ချစ်သူအတွက် ဆုတောင်းစာ သွားရွတ်တာ''

``ခင်ဗျားဟာက အထူးအဆန်းကြီးပါလား''

``ဟုတ်တယ်...အထူးအဆန်းပဲ။ ဒါပေမဲ့ ကျွန်တော့်ဟာ မဟုတ်ဘူး။ သူဟာ...''

``ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ။ ကဲ...ကျွန်တော်သွားလိုက်ပါဦးမယ်''

``ကောင်းပါပြီ''

ဆရာမင်းညိုရှင်ဆိုသော ပုဂ္ဂိုလ်ကြီးထံ သွားရပြန်သည်။အဝေးကြီးသွားရပြီး ဟိုရောက်တော့ `သူ'ကြီးလည်း မရှိပြန်။ ဆရာမိုးသောက် သွားသော စေတီကိုပဲ သူကလည်း သွားပြီး အလှူဒါန ပြုနေသည်တဲ့...။ ခုဘဝမှာ ပြန်ဆုံမယ့် ဘဝဟောင်းက ချစ်သူအတွက်တဲ့။

ကိုယ်ပင် ဇဝေဇဝါ ဖြစ်လာသည်။

``ဘယ့်နှာတွေလဲဟ''

ရယ်လည်း ရယ်ချင်လာသည်။

မထူးတော့ပြီဖြစ်၍ ထိုစေတီသို့ပင် အချိန်မီ လိုက်သွားရလေသည်။ တွေ့ချင်မြင်ချင်လွန်းလှ၍ မဟုတ်ပါ။ သူတို့နှစ်ယောက်လုံး ဘဝဟောင်းက ကိုယ့်ယောက်ဖတွေလည်း မဟုတ်ပါ။ (ဟုတ်မည်မထင်ပါ) သို့သော်လည်း သွားမှတော့ ရောက်အောင်သွားရပါတော့မည်။

ထိုသို့ဖြင့် ရောက်သွားပါသည်။ ရှာကြည့်တော့ တွေ့ပါသည်။





နှစ်ယောက်စလုံးကို တွေ့ပါသည်။ စေတီ၏ ဟိုဘက်ခြမ်း သည်ဘက်ခြမ်းမှာ ပုတီးကိုယ်စီရွေ့ချ၍ ကျကျနနထိုင်ပြီး ဘာတွေကိုမှန်းမသိ ရွတ်ဖတ်သရဇ္ဈာယ်နေကြ၏။ အတော်ကြာဦးမည့် ပုံစံတွေ ရှိသည်။

မိန်းမတစ်ယောက် ရဖို့အရေးများ ဘုရားကိုပဲ စစ်ကူတောင်းသလိုလို...။

စေတီအောက်ဘက်မှ ဘုရားဈေးတန်းမှာ ဝယ်စရာရှိသည်များကို ဝယ်ခြမ်းကာ ပြန်တက်လာခဲ့သည်။ ဆရာသမားနှစ်ယောက်၏ ကိစ္စပြီးကို စောင့်နေရ၏။ သူတို့နှစ်ယောက်က ခိုစာကျွေးတာတွေ၊ ဝတ္ထုငွေ လှူဒါန်းတာတွေကို လုပ်နေကြသေး၏။ သူတို့ပြန်ဆင်းခါနီးကျမှ...

``ဆရာ...ဆရာ''

နှစ်ယောက်လုံးက လှည့်ကြည့်၏။ စည်သူ့ကို ကြည့်ပြီး မသိသလို သူတို့ချင်းလည်း တစ်ယောက်ကိုတစ်ယောက် သိဟန်မရှိ။ သို့သော် နှစ်ယောက်လုံးက ပြိုင်တူပင်...

``ဆို...''

``ရှေးဘဝဟောင်းက ရည်းစားနဲ့ ဒီဘဝမှာ ပြန်ဆုံစည်းမယ်လို့ ကြိုသိနေတာ ဆရာတို့ နှစ်ယောက်ထဲက ဘယ်သူလဲခင်ဗျ''

နှစ်ယောက်လုံးက ပြိုင်တူပင်...

``ငါပဲ''

ထို့နောက် နှစ်ယောက်လုံးက တစ်ယောက်ကိုတစ်ယောက် ကြောင်ကြောင် လှည့်ကြည့်ကြပြန်သည်။ မသင်္ကာသလိုလို၊ ရဲတင်းခါသလိုလို အကြည့်မျိုးတွေ...။

``ဒါဆို ဆရာ့ပညာက သိပ်ကောင်းမှာပဲနော်''

``အေး''

``အေး''

``ရှေးခေတ်က ချစ်သူနဲ့ ဒီဘဝမှာ ပြန်ဆုံမယ်ဆိုတာ တကယ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေါ့''

''ဒါပေါ့''

''ဘယ်တော့လဲဟင်''

''ဒီနှစ်ထဲ''

''ဒီနှစ်ထဲ''

''ကျွန်တော် ဒီလောက်တော်တဲ့ ဆရာသမားကို ပစ္စည်းတစ်ခု နဲ့ ကန်တော့ချင်လို့။ လှူဒါန်းတယ်လို့ ဆိုချင်လည်း ဆိုပါ။ လက်ခံပါ

နှစ်ယောက်လုံး စည်သူ့ကို အကဲခတ်သလို ကြည့်ပြီး…

''အေးလေ…လက်ခံရတာပေါ့''

''အေးလေ…လက်ခံရတာပေါ့''

တစ်ယောက်ကိုတစ်ယောက် ဘုကြည့် လှည့်ကြည့်ကြပြန်သည်။ ဒေါသဖြစ်သော်လည်း သည်းခံနေသေးသော မျက်လုံးများနှင့်…။

အိတ်ထဲမှ စည်သူ ဆွဲထုတ်လိုက်သည့်ပစ္စည်းက နှစ်ခု။ ငါးဖ ပြုံးလေးက ပြုံးလိုက်သေးသည်။ ထုကာမှ ပိုမာမည့် အပြုံးမျိုး။

''ဆရာတို့က ရှေးခေတ်က ဆရာကြီးတွေပေါ့နော်။ ရှေးဘ ကနေ ဒီအထိ လိုက်လာနိုင်တယ်။ ရှေးခေတ်က ဆရာကြီးတို့ ဖေ တွက်တဲ့ပစ္စည်းကို လက်ဆောင်ကန်တော့တာပါ။ လက်ခံကြပါ''

ရှေးခေတ်က ဆရာကြီးနှစ်ယောက် ယောင်မှားပြီး ယူမိကြသည် တစ်ယောက်လျှင် ကျောက်သင်ပုန်းကြီး တစ်ချပ်စီ၊ ဝတ်ကောင်းစား ကိုယ်စီနှင့် ကျောက်သင်ပုန်းကိုယ်စီကိုင်ပြီး စည်သူ့ကို အံ့သြကြော ငေးပြီး ကြည့်နေကြသည်။

''ကျွန်တော့်ကို သွားခွင့်ပြုကြပါဦး''

စည်သူ လှည့်ထွက်သွား၏။ ဆရာကြီးနှစ်ယောက်က သူ့ကျေ ပြင်ကို ကြည့်ငေး ကျန်ခဲ့သည်။ ထိုအချိန်မှာပဲ စည်သူက ချာခနဲ လှည့်လာပြန်သည်။

''စိတ်မရှိနဲ့နော်။ ပစ္စည်းပေးတာ ကျန်ခဲ့လို့''





ပြီး…ကျောက်တံကြီးတစ်ချောင်းစီ ထပ်ထုတ်ပေးသည်။ ဆရာကြီးနှစ်ယောက်ကလည်း အမှတ်မရှိ၊ ယောင်မှားပြီး ယူမိကြပြန်သည်။

''သွားပြီနော်…။ ဒီတစ်ခါတော့ တကယ်ခင်ဗျ''

ပြောပြီးသည်နှင့် ပျောက်သွားတော့၏။ ဆရာကြီးနှစ်ယောက်သည်း ကျောက်သင်ပုန်း၊ ကျောက်တံကိုယ်စီနှင့် တစ်ယောက်ကိုယ်ဘစ်ယောက် မိုက်ကြည့် ကြည့်ပြီး ကိုယ့်လမ်းကိုယ် ထွက်သွားကြတော့သည်။ အိမ်ရောက်မှ အပြန်အလှန် ခါတ်ရိုက်ကြတော့မည် ထင်သည်။

သူတို့ဘာသာ ဘာပဲဖြစ်ဖြစ် စည်သူကတော့ မိဝါတို့ဆီရောက်သွားပြီ။

မိဝါတို့က ဒီနေ့ လူစုံသည်။ ကြိုတင်ချိန်းထားသည့်အတိုင်း အအေးဆိုင်မှာ စည်သူ့ကို အချိန်ကိုက် စောင့်နေကြသည်။ စည်သူ့ကို မြင်တော့ စိတ်လှုပ်ရှားသွားကြသည်။ ရှေးဘဝမှ ဆရာကြီးနှစ်ယောက်ကို ဤယနေ့တွင် စည်သူ သွားတွေ့မည်ဖြစ်ကြောင်း သူတို့ သိကြသည်။

မိဝါက ကသောကမျောမေးသည်။

''စည်သူ…။ အခြေအနေက ဘယ်လိုလဲ''

စည်သူက သက်ပြင်းချပြီး ပြန်ဖြေသည်။

''အခြေအနေကတော့ ဆရာတော်က အမိကပဲဟေ့''

''ဘာလဲ…။ ငါတို့ကို ရှင်းအောင်ပြောဦး''

''ဆရာတော်က ငါးပါးသီလလုံမှ ကြိုက်တယ်ဟ''

''အဲ့ဒီတော့…''

''ညက ငါ့ခြင်ထောင်ထဲကို ခြင်တစ်ကောင် ဝင်လာတယ်။ အဖော်လည်း မပါဘူး။ သူတစ်ကောင်ထဲ ဘယ်လိုဝင်လာသလဲ မသိဘူး။ ပြီး…ငါ့ကို နားနားကပ်ပြီး 'ညီညီ…ညီညီ'နဲ့ လာခေါ်တယ်။ ငါ့နာမည်က စည်သူပဲ။ ညီညီမှ မဟုတ်ဘဲ။ ပြီး…ငါ့ကို ကိုက်လည်း ကိုက်တယ်''

''အေး…စကားကို ဆက်ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရိုက်သတ် ပစ်လိုက်ချင်တယ်။ သူ့ကိုယ်သေးသေးလေးနဲ့ ငါ့ခွေးကို စုတ်နိုင်ရင် တစ်စက်နှစ်စက်ပေါ့။ ဒီအတိုင်း ရိုးရိုးတောင်းရင်လည်း ငါပေးပါတယ်။ ခုလိုမျိုး အိပ်မရအောင် လာလုပ်နေတာကတော့ မကောင်းဘူးဟ။ ဒါပေမဲ့ ဆရာတော်ကလည်း သတ်တာ၊ ဖြတ်တာတွေ မလုပ်ရဘူးဆိုတော့ ငါ ငြိမ်နေရတယ်"

"လိုရင်းကိုပြော"

"အဲ့ဒါပဲလေ…။ ငါခံနေရတယ် တစ်ညလုံးပဲ"

"ငါမေးနေတာ နင်နဲ့ ဟိုပေဒင်ဆရာနှစ်ယောက်နဲ့ ဘယ်လိုဖြစ်ကြသလဲဆိုတာ…"

"ဪ…အဲ့ဒါလား။ နင်က ရှင်းအောင်မှ မမေးတာ"

မိဝါ နှုတ်ခမ်းလှုပ်ပြီး အသံမထွက်ဘဲ ဆဲတော့ စည်သူက ထုံးစံအတိုင်း တဟဲဟဲရယ်သည်။ ပြီး…

"သူတို့နှစ်ယောက်လုံးကို ငါတွေ့ပြီးပါပြီ"

အားလုံးက စိတ်ဝင်တစား ဝိုင်းမေးကြသည်။

"အေးအေး…။ အဲ့ဒီအဖြစ်အပျက်ကို အတည်ပြောစမ်းပါ"

စည်သူက စီကာပတ်ကုံး ပြောပြပါသည်။ မိဝါမှအပ အားလုံးက ရယ်ကြသည်။ ထိုဆရာကြီးနှစ်ယောက်ကို မမြင်ဘူးသေးသော ဇင်မာမိုးနှင့် မျိုးမြတ်စုက မိန်းမပျိုမလေးများ ပီသစွာ…

"အဲ့ဒီ လူကြီးတွေက ချောလားဟင်"

"အို…တစ်ယောက်က **ဥဂ္ဂနာသိက**"

"ဘာလဲ **ဥဂ္ဂနာသိက**"

"နှာခေါင်းကြီးတယ်လို့ ပြောတာ"

"နောက်တစ်ယောက်ကကော…"

"**ပုဏ္ဏသိရောမတ္တက**"

"အဲ့ဒါကကော…ဘာလဲ"

"ထိပ်ပြောင်"





'မိဝါရယ်…။ နင့်အဖြစ်ကလဲ'ဟုဆိုပြီး အားလုံးက **ဝိုင်းရယ်ကြ**ပြန်သည်။ စည်သူက မိဝါကို နှာခေါင်းရှုံ့ကြည့်ပြီး…

"သူက **နိရယက ဘဇ္ဇိနာကာရေန** သွားလုပ်လို့ ဖြစ်မှာပေါ့"

"အဲ့ဒါကကော ဘာပြောတာလဲ"

"မခိုးတရို့ သွားလုပ်တယ်လို့ ပြောတာ"

"ဘာ…ဘာ…စည်သူ။ နင်က ငါ့ကို…"

မိဝါ စည်သူ့ကို တဘုန်းဘုန်း ထထုတော့သည်။ အရယ်အမော အပြောင်အနောက်တွေ စဲသွားတော့မှ အားလုံးထဲတွင် လူကြီး အဆန်ဆုံးဖြစ်သူ သက်မွန်က…

"ကဲ…စည်သူ အကောင်းပြောစမ်း။ နင်…ဘယ်လို ဆက်လုပ်မလဲ"

"**ဝိဇ္ဇေသန** လို့ခေါ်တဲ့ နည်းကိုသုံးမယ်။ အပိုင်းပိုင်းအပြတ်ပြတ်လိုးဖြတ်တဲ့နည်းလို့ အဓိပ္ပါယ်ရတယ်။ နင်တို့ ဝင်လှုပ်ရှားရမယ့်အပိုင်း ရောက်လာပြီ"

"ဒါဆို အသေးစိတ် တိုင်ပင်ရတော့မှာပေါ့"

"ဒါပေါ့"

သူမတို့အားလုံး စည်သူပြောသမျှကို တုန့်ပြန် ဆွေးနွေးနားထောင်ကြသည်။ အကုန်လုံး ကျေကျေညက်ညက် နားလည်မှုရပြီးကာမှ…

"ကဲ…ငါပြန်မယ်"

သူ့ဘာသာ ရိုးရိုးမပြန်။ သီချင်း ညည်းသွားသေးသည်။ **စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ** ဇာတ်စာဖြစ်မည်။ ကိုယ်နှင့်မဆိုင်သော်လည်း သူမတို့ အောင့်သက်သက် ဖြစ်ရသေးသည်။

**'ပေဒါ…နင်ဘူးကို ဘယ်သူချဲ့…ပြောတဲ့ ပေဒါ။ မိပေဒါ'တဲ့။**



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"ဟယ်...သမီးတို့။ လာကြ...လာကြ။ မိဂါတော့ မရှိဘူး။ မြို့ထဲသွားတယ်"

"သူသွားတာ ကြာပြီလား အန်တီ"

"ခုနကမှ ထွက်သွားတာ"

"မြို့ထဲမှာကော ကြာမှာလား"

"နိုင်ငံခြားက လုပ်းမှာတာတွေကို လိုက်လုပ်ပေးရမှာဆိုတော့ ကြာကောင်းကြာမယ်"

"ဒါဖြင့်လည်း အန်တီနဲ့ပဲ စကားထိုင်ပြောတော့မယ်"

"အို...ပြောမှာပါ။ အန်တီကလည်း တစ်ယောက်တည်း ပျင်း



www.burmeseclassic.com

www.burmeseclassic.com



နေတာ။ သမီးတို့ အနက်ကယ်လ်ကလည်း သူ့ထုတ်ဝေသူဆီ သွားတယ်လေ''

သိသားပဲ...။ ဒေါ်ရွှေဝါဖူး(မိဝါတို့အမေ) အထူးအဆန်း ရှင်းပြနေရော မသိုပါ။ အစကတည်းက သူမတို့ ဆင်လိုက်ကြသည့်အကွက် ပေပဲကိုး။ ဇင်မာမိုးနှင့် မျိုးမြတ်စုတို့ စိတ်ထဲမှ ကြိတ်ပြုံးမိကြသည်။

''သမီးတို့ ခဏထိုင်ကြဦး။ အန်တီ သမီးတို့ စားဖို့သောက်ဖို့ တစ်ခုခုသွား စီစဉ်လိုက်ဦးမယ်''

''သမီးတို့မှာ ဗိုက်ထုပ်ပါတယ်''

''အို...မဟုတ်တာ။ အန်တီ သွားလုပ်လိုက်ဦးမယ်၊ ထိုင်ကြဦး။ သမီးတို့ကို အန်တီ မေးစရာရှိလို့''

''ဟုတ်...။ သမီးတို့ကလည်း အန်တီ့ကို ပြောစရာရှိတယ်''

ဒေါ်ရွှေဝါဖူး စိတ်လှုပ်ရှားသွားသည်။

''အေး...အေး...မကြာဘူး။ အန်တီ ပြန်ထွက်လာမယ်''

အမှန်တကယ်လည်း မကြာပါ။ သူမတို့ ဧည့်ခန်းမှာ ခဏပဲထိုင်စောင့်လိုက်ရသည်၊ ပဲခြမ်းသုပ်ပန်းကန်ကို ကိုင်ပြီး ဒေါ်ရွှေဝါဖူး ပြန်ထွက်လာသည်။ သူမတို့ ဝိုင်းဖွဲ့ထိုင်မိချိန်မှာ...

''ကဲ...ဆိုပါဦး။ သမီးတို့ အန်တီ့ကို ဘာပြောမလို့လဲ''

''အန်တီ မေးမယ်ဆိုတဲ့ကိစ္စကို အရင်မေးပါ အန်တီရဲ့။ သမီးတို့ ပြောမယ်ဆိုတဲ့ကိစ္စက နည်းနည်းကြာမယ်''

''အေး...အေး။ အန်တီကတော့ သမီးတို့ သူငယ်ချင်း အကြောင်း မေးချင်တာပါပဲကွယ်။ ခုတလော မိဝါကို ကြည့်ရတာ တစ်မျိုးပဲ''

''တစ်မျိုးပဲဆိုတာ ဘယ်လိုလဲ အန်တီ''

''အရင်လို လွတ်လပ်ရွှင်ပျတာမျိုး မရှိဘူးကွယ်။ စိတ်ရှုပ်နေတဲ့ ပုံစံမျိုးရှိတယ်။ အကြောင်းတစ်ခုခုပြပြီး အိမ်ကနေ လစ်ခနဲ လစ်ခနဲ ထွက်သွားတတ်တယ်''





''ဟုတ်ကဲ့''

''အန်တီတို့က သူ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်နေတာ။ အမြန်ဆုံးပေါ့လေ။ အခု သူ့ပုံစံက ရည်စားပူမိနေသလိုပဲ။ ခြေလှမ်းပျက်နေတာတော့ အမှန်ပဲ။ အဲဒါ သမီးတို့ သိထားတာလေးတွေရှိရင် အန်တီ့ကို နည်းနည်းပါးပါး ပြောပြပါဦး''

''အန်တီတို့က သူ့ကို ဘယ်သူနဲ့ ပေးစားဖို့ ရည်ရွယ်ထားလဲ''

''ပန်းတျာရဲဝင်းနဲ့လေကွယ်...။ ဘယ်လောက်သင့်တော်သလဲ။ နာမည်ကျော် ငွေရှိ သူ့ကိုလည်း ချစ်ရှာသူနဲ့။ ဟိုက သူ့ကို အလိုလိုက်ပါဘိနဲ့''

''သူက အဲဒီလူကို မယူချင်ဘူး အန်တီရဲ့''

''အဲဒီကောင်မလေးကလည်းလေ...။ လူကြီးက ကောင်းမယ်ထင်လို့ စီစဉ်တာကို...။ အန်တီတို့လည်း ငယ်ရာက ကြီးလာတာပါ''

ဤစကားကို အခါခါအထပ်ထပ် ကြားရဖူးပါသည်။ သို့သော် အချို့သည် ငယ်ရာမှကြီးလာခြင်းမျိုး မဟုတ်၊ ပိန်ရာမှ ပွလာခြင်းမျိုးသာ ဖြစ်သည်။ မတူပါ။ မည်သို့ပင်ဖြစ်စေ...မဝေဖန်လိုပါ။ သူမတို့ ပြောစရာရှိတာကိုသာ(ဗျူဟာအရ) ပြောရပါတော့မည်။

''သမီးတို့ကလည်း အဲဒါတွေနဲ့ ပတ်သက်ပြီး ပြောပြဖို့ လာတာ အန်တီရဲ့''

ဒေါ်ရွှေဝါဖူးက ကိုယ်နေဟန်ထားကို ပန်းတျာရဲဝင်းလို့ ပြင်ထိုင်ရင်း...

''အေး...အေး...။ ပြောကြပါဦးကွယ်''

''သူက တစ်နေ့မှာ ဗေဒင်သွားမေးတယ်။ အန်တီ ဗေဒင်ကို ယုံလား''

''မယုံလို့ ဘယ်ဖြစ်မလဲကွယ်။ အန်တီတို့ ရတနာပွဲစား အလုပ်ဆိုတာကလည်း ဗေဒင်ယတြာ အဆောင်လက်ဖွဲ့တွေနဲ့ ညှိနှိုင်းလုပ်ရတာ ရှိတယ်။ သမီးတို့ စကားကို ဆက်ပြောပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"မိဝါက ပေဒင်မေးတာကို ဝါသနာမပါဘူး။ ဒါပေမဲ့ သူ့ကို အိမ်ထောင်ဖက် ဘယ်သူလဲဆိုတာ သိချင်လို့ စိတ်ထွေထွေနဲ့ သွားမေးတာ..."

"အေး...။ အဲ့ဒီတော့ ပေဒင်က ဘာပြောလဲ"

"ဒီနှစ်အတွင်းမှာ သူ အိမ်ထောင်ကျမယ်တဲ့"

"ဖူးစာဖက်ကို ဘယ်လိုဟောသလဲ။ နေပါဦး...ဘယ်မှာ သွားမေးတာလဲ"

"ဒီမြို့ထဲမှာပဲ"

"မဟုတ်ဘူးလေ...။ ဘယ်ပေဒင်ဆရာလဲ"

"ဆရာမိုးသောက်...တဲ့"

ဒေါ်ရွှေဝါဖူးက တွေခနဲဖြစ်သွားပြီးမှ ခေါင်းခါသည်။

"မကြားဖူးဘူးကွယ်"

"အရမ်းမှန်တယ်တဲ့...။ မိဝါကိုဟောတဲ့ အချက်တွေကလည်း သွေးထွက်အောင် မှန်တယ်"

"အေး...အေး...ပြောပါဦးကွယ်။ ဖူးစာဖက်ကို ဘယ်လိုဟောသလဲ"

"သူ...တဲ့"

"ဘာရယ်..."

"မိဝါက သူနဲ့ ရမှာတဲ့"

"မြတ်စွာဘုရား"

"ဟုတ်တယ်...။ သူက အဲ့ဒါလည်း ပြောတယ်။ မိဝါနဲ့ သူက ဘုရားမှာ ခေါင်းလောင်းထိုးပြီး ဆုတောင်းသစ္စာဆိုထားတဲ့ ချစ်သူတွေတဲ့"

"တောက်တီးတောက်တဲ့။ ဘယ်တုန်းကလဲ"

"ပုဂံခေတ်တုန်းက...တဲ့"

"ဗုဒ္ဓေါ..."

ဒေါ်ရွှေဝါဖူး ဘုရားတရပြန်သည်။





"ဟုတ်ရဲ့လား သမီးတို့ရယ်"

"သူကတော့ ဟုတ်တယ်လို့ ပြောတာပဲ"

"သူဆိုတာ ဘယ်သူလဲ"

"အဲ့ဒီ ပေဒင်ဆရာလေ"

"သူက ဘယ်အချက်ကို ထောက်ပြီး အဲ့ဒါကို ပြောတာလဲ"

"မသိဘူးလေ"

"မိဝါကကော လက်ခံသလား"

"တစ်ခြားဟောတဲ့အချက်တွေက အပီအပြင် မှန်ထားတော့ သူလည်း ဇဝေဇဝါ ဖြစ်တာပေါ့။ ဒါပေမဲ့ အဲ့ဒီပေဒင်ဆရာကို သူ မကြိုက်ပါဘူး။ မယုံချင်ဘူး။ အဲ့ဒါကို စိတ်ညစ်နေတာ"

"အဲ့ဒီပေဒင်ဆရာကို သမီးတို့ကော မြင်ဖူးလား"

"မမြင်ဖူးဘူး။ ဒါပေမဲ့ ဥပဓိရုပ် သိပ်မစွံဘူးလို့ ပြောတယ်။ အသက်လည်း ကြီးပြီတဲ့"

ဒေါ်ရွှေဝါဖူးက 'အင်း'ဟု သံရှည်ဆွဲကာ စဉ်းစားဟန်ပြုသည်။ ပြီး...

"သူ့ရုံးခန်းကို သမီးတို့ သိလား"

"မရောက်ဖူးဘူး။ လိပ်စာတော့ သိတယ်"

"သွားကြည့်ရအောင်။ ပေဒင်မေးတဲ့အနေနဲ့ပဲ သွားမယ်။ သမီးတို့ပါ လိုက်ခဲ့လေ"

"ဟုတ်ကဲ့..."

သူမတို့တွေ ဆရာမိုးသောက်ဆီ ချီတက်ခဲ့ကြလေသည်။ 'ဘယ်ညာ ဘယ်ညာ'ဟု မအော်ရုံတမယ်ရှိသည်။

ထိုအချိန်မှာ သက်မွန်နွယ်ကလည်း သူ့တာဝန်ယူထားသော ဦးနီကို (မိဝါ၏အဖေ)ကို တစ်ဖက်သတ် စည်းရုံးပြီးသား ဖြစ်နေသည်။

ဦးနီကိုက အကြောက်အကန် ငြင်းပါသေးသည်။

"အန်ကယ်လ်က ပေဒင်မေးတာကို ဝါသနာမပါဘူး သမီး



www.burmeseclassic.com

www.burmeseclassic.com



ချယ်”

“မဟုတ်ဘူး အန်ကယ်လ်ရဲ့။ အဲ့ဒီ ဆရာမင်းညိုရှင်က သိပ်မှန်တာ”

“မှန်လည်း မမေးတော့ပါဘူးကွယ်။ ဒီအရွယ်ကြီးကျမှ”

“မဟုတ်သေးဘူး။ သမီးက အကြောင်းရှိလို့ ပြောနေတာ”

“ဘာအကြောင်းလဲ”

“ဟိုရောက်ရင် အန်ကယ်လ် သိပါလိမ့်မယ်။ အန်ကယ်လ်တို့ မိသားစုအတွက် အရေးကြီးလို့ပါ”

ဦးနီကိုက သက်မွန်နွယ်ကို ဇဝေဇဝါဖြင့် ကြည့်သည်။

“လာပါ အန်ကယ်လ်ရယ်…။ သမီး Taxi ငှားလာတယ်။ ကားက စောင့်နေရတာ”

သက်ပြင်းကြီးချကာ ဦးနီကို အားနာပါးနာနှင့် လိုက်သွားရတော့သည်။ ဟိုရောက်တော့ သက်မွန်နွယ်က အထဲလိုက်မဝင်။ တံ့ဆိုင်းဆိုင်းနှင့်…။

“ကဲ…အန်ကယ်လ် ဝင်သွားလေ”

“ညည်းကကော…”

“ဒီကပဲ စောင့်နေမယ်”

ဘာလဲဟ…။ ဦးနီကို အူကြောင်ကြောင်နှင့် ဝင်သွားရသည်။ အမှောင်ရိပ်ထဲမှ ဆရာမင်းညိုရှင်ကို သူခမျာ ကောင်းကောင်းပင် မမြင်ရ[?] မနည်းရှာယူရသည်။

ထိုသို့ဖြင့်…

ထိုသို့ဖြင့်…

ထိုညနေ ဦးနီကို အိမ်ပြန်ရောက်တော့ ဆီးကြိုသူ ဇနီးဖြစ်သူ[?] မျက်နှာက တစ်မျိုးကြီးဖြစ်နေသည်ကို သတိထားမိသည်။ ဒေါ်ရွှေဝါ[?] ကလည်း ခင်ပွန်းသည် ငူတူငေါင်တောင်ကြီး ပြန်လာသည်ကို ရိပ်မိသည်။ အတော်ကြာသည်အထိ တစ်ယောက်ကိုတစ်ယောက် စကားမဆိုမိကြ[?]





နောက်မှ ဦးနီကိုက…

“သမီး…နောက်ကျနေပါလား”

“ရောက်လှပါပြီ…။ ဒါ့ထက် ကျွန်မ ရှင့်ကို ပြောစရာရှိတယ်”

“အေး…ငါလည်း မင်းကို ပြောစရာရှိတယ်”

“ကျွန်မပြောမှာက သမီးအကြောင်း…”

“ငါကလည်း သမီးအကြောင်းပဲ”

“ကျွန်မပြောမှာက အထူးအဆန်းကြီး”

ဦးနီကိုက ကုလားထိုင်မှာ ကျော့မှီ ထိုင်လိုက်ပြီး…

“ဒါဆိုရင် ငါသိပြီးပါပြီ”

“ဟုတ်လား…။ ဘာကို သိတာလဲ”

“ဗေဒင်ဆရာတစ်ယောက် သမီးကို ဘဝဟောင်းက သူ့ချစ်သူလို့ပြောပြီး နှစ်မကုန်ခင် လက်ထပ်ဖြစ်မယ်လို့ ဆိုတယ် မဟုတ်လား”

“ရှင် တကယ်သိပြီးပြီကို။ ကျွန်မကတော့ အဲ့ဒီ မိုးသောက်ဆိုဘဲ့လူနဲ့ သမီးကို သဘောမတူနိုင်ဘူး…”

“ဘယ်က မိုးသောက်တုန်း…”

“အဲ့ဒီ…သမီးရဲ့ ရှေးဘဝက ချစ်သူဆိုတဲ့ ဗေဒင်ဆရာလေ”

“မင်းညိုရှင်ပါကွ”

“မိုးသောက်ပါတော်”

“ဩော်…မင်းညိုရှင်ပါဆို”

“ကျွန်မက လူကိုယ်တိုင် တွေ့ပြီးပြီ။ ဇင်မာမိုးတို့လည်း ပါတယ်။ မိုးသောက်”

“ဟောဗျာ…။ ငါက ခုပဲ ပြန်လာတာ။ သက်မွန်နွယ် လိုက်ပို့ပေးတာ မင်းညိုရှင်”

“ဟောတော်…”

လင်မယားနှစ်ယောက် အပြန်အလှန် စကားရှင်းယူကြရသည်။ အဖြေထွက်သွားတော့ နှစ်ယောက်လုံး တုန်လှုပ်ခြောက်ခြားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုတွေ ဖြစ်ရတာတုန်းရှင်''

''ငါလည်း တော်တော်နားလည်ရ ခက်နေပြီ''

''သမီးကို မေးကြည့်ရင် ကောင်းမယ်ထင်တယ်''

''အင်း...''

ခဏအကြာမှာ စပယ်ဝါ ပြန်ရောက်လာသည်။ ဖေဖေမေမေတို့က သူမကို တစ်ခုခုမေးတော့မည်မှန်း မိဝါ သိပါသည်။ သို့သော် မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။

''ဖေဖေတို့ ဘာဖြစ်နေကြတာလဲ''

''သမီး...ဖေဖေတို့ကို ရှင်းအောင်ပြောပြရမယ့်ကိစ္စ ရှိနေတယ်''

ရှင်းပြလိုက်ပါသည်။

သို့သော် ကိစ္စကြီးက ရှုပ်နေဆဲ...။



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

မနက်အိပ်ရာထတော့ ပန်တျာရဲဝင်း၏ စိတ်ထဲမှာ သိပ်မကြည်သင်လှ။ ညက ကိစ္စကို ပြန်တွေးပြီး တအံ့နွေးနွေး ရှက်ရွံ့နေမိသည်။ ဘဝမှာ ဒါမျိုးကို တစ်ခါမှ မကြုံဖူးပါ။ အခုတော့ အဖြစ်ဆိုးရပြီ...။

ညတုန်းက ညှော်ခံပွဲတစ်ခုကို သွားရသည်။ ထိုပွဲတွင် သူ ဘီယာအသောက်များခဲ့၏။ အိမ်နားရောက်ခါနီးမှ မခံမရပ်နိုင်သောက်အောင် ဆီးအောင့်သည်။ တစ်လမ်းလုံး ထိန်းလာခဲ့သမျှ ကိုယ့်အိမ်နားရောက်ခါနီးမှပဲ လမ်းပင်ဆက်လျှောက်၍ မရအောင် ဖြစ်လာသည်။

အနီးအပါးကို လှည့်ပတ်ကြည့်မိတော့ ပုဏ္ဏာရိတ်ခြင်းစပ်ခင်နေရာကို တွေ့ရ၏။ သူတစ်ပါးအိမ်မှ ခြံစည်းရိုးထောင့်ခပ်ခနေရာ

www.burmeseclassic.com

www.burmeseclassic.com



မှန်းလည်း သိသည်။ သို့သော် မတတ်နိုင်တော့။ ဝေဒနာကား တား၍ မရပြီ...။ ထို့ကြောင့် ထိုခြံစပ်မှာပဲ ကိစ္စကို ရှင်းရန် ဆုံးဖြတ်လိုက်သည်။

ထိုခြံစပ်မှာ သွားအထိုင်၊ ကိစ္စကို ရှင်းလုရှင်းခင်...

"အား"

ပန်တျာရဲဝင်း အကြီးအကျယ် တုန်လှုပ်ခြောက်ခြားသွားရသည်။ ပုဏ္ဏရိတ်ပင်များအကြားမှ ထွက်လာသည်က ဆံပင်ဖားလျားနှင့် မိန်းမ တစ်ယောက်။ ဝတ်ရုံရှည်ကြီး ခြုံထားကာ အမွှေးတိုင်ကို လက်မှာ ကိုင်ထားသည်။ သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

"သရဲ...သ...သရဲမကြီး"

"ဘာ"

"သ...သရဲ"

"ဘာ...သရဲလဲရှင့်"

ထိုအခါကျမှ ပန်တျာရဲဝင်း သတိဝင်လာပြီး အသေအချာ မျက်လုံးပွတ်ကြည့်ရသည်။

"ဒေါ်...ဒေါ်နိုင်နိုင်ဝင်း"

"ဟုတ်တယ်"

ခြံပိုင်ရှင်အမျိုးသမီးကြီး ဖြစ်၏။ လည်ဖျားမှ ခြေဖျားအထိ ရှည်သော ညဝတ်အင်္ကျီကို ဝတ်ထားသည်။ အတော် ဒေါသထွက်နေပုံ လည်း ရသည်။

"ဒီမှာ ကိုရဲဝင်း"

"ဟုတ်...ဟုတ်ကဲ့"

"ရှင်...ဒါဘာလုပ်တာလဲ"

"ကျွန်...ကျွန်တော်"

"လမ်းနည်းနည်း ဆက်လျှောက်သွားရင်ပဲ ရှင့်အိမ်ကိုရောက် နေပြီ။ ဘာကြောင့် ဒီနေရာမှာ ဒီလို လာလုပ်ရတာလဲ"

"ဟို...ဟို..."





"ဒီထောင့်မှာ ကျွန်မကိုးကွယ်တဲ့ ခြံတောင်ပို့ ရှိတယ်။ အခုပဲ အမွှေးတိုင်ထွန်းပြီး ပူဇော်မလို့။ ဒီနေရာကို ရှင်က ဒီလိုလာလုပ်လို့ ကောင်းမလား"

"မလုပ်ရသေးပါဘူး"

"လုပ်ဖို့ အဆင်သင့် ဖြစ်နေပြီလေ...။ ကျွန်မ အချိန်မီလို့ပေါ့"

"ဒါဆို ခင်ဗျား မြင်သွားတာပေါ့။ ဟုတ်...ဟုတ်လား"

"ဘာကိုလဲ။ ဩော်...ဒါလား။ မြင်တာပေါ့...။ ဟိုဘက်က ဘာကြီးပါလိမ့်လို့ ကိုယ့်မျက်နှာရှေ့တည့်တည့်မှာပဲဟာ...။ နောက်မှ သဘောပေါက်ပြီး ထတားရတာ"

"ခင်...ခင်ဗျားဗျာ..."

ပန်တျာရဲဝင်း ဘာမှ ဆက်မပြောနိုင်တော့ဘဲ အရှက်သည်းစွာ ဖြင့် တစ်ချီတည်း လှည့်ထွက်လာတော့၏။ ဒေါ်နိုင်နိုင်ဝင်းက နောက်မှ မြည်တွန်းတောက်တီးရင်း ကျန်ခဲ့သည်။

"ဟွန်း...ဒါမျိုးကျတော့လည်း ရှက်တတ်သကိုး"

ပန်တျာရဲဝင်းတစ်ယောက် အိပ်ရာထဲမှာ အိပ်၍မပျော်၊ ကိုယ့် အဖြစ်ကို ကိုယ် အတော်ရင်နာနေမိသည်။ တောက်...ရိုင်းလိုက်လေခြင်း

မိုးလင်းတော့ အိမ်ထဲမှ အိမ်အပြင်ကို မထွက်ချင်။ သို့သော် ပြဇာတ်ဒါရိုက်တာ နွားထိုးကြီးမောင်မောင်နှင့် ဈေးထိပ် လက်ဖက်ရည်ဆိုင် မှာ ချိန်းထားသဖြင့် ထွက်လာခဲ့ရသည်။ ဒေါ်နိုင်နိုင်ဝင်းတို့ အိမ်ရှေ့မှ မဖြတ်လို၍ အခြားလမ်းမှ ပတ်သွားရသောကြောင့် အနည်းငယ် မောသွား သည်။

(အချိန်အတန်ငယ်စောနေသဖြင့်) လက်ဖက်ရည်ဆိုင်မှာ နွားထိုး ကြီးမောင်မောင်က မရောက်သေး။ စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်စောင့်နေလိုက်သည်။ ထိုင်၍မှ ဖင်မပူသေးခင် လက်ဖက်ရည်ကိုမှ မသောက်ရသေးခင်...

"ထိုင်မယ်နော်"

ခွင့်ပန်သံနှင့်အတူ လူငယ်တစ်ယောက်က သူ့စားပွဲခုံ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူငယ့်ပုံစံကတော့ သနားကမားပါပဲ။ သို့သော် သူ အနှောင့်အယှက် ဖြစ်သွားသည်။ သူနှင့် နွားထိုးကြီးမောင်မောင်က သူတို့ဇာတ်အဖွဲ့၏ အတွင်းရေးကိစ္စများကို တိုင်ပင်စရာ ရှိနေသည်။

မည်သို့ပင်ဖြစ်စေ...

သူ့အနေနှင့် ငြင်း၍လည်းမရ။ ဤဆိုင်က သာမန်လက်ဖက်ရည်ဆိုင်မျိုး မဟုတ်။ စားကောင်းသောက်ဖွယ် အကုန်အစုံရသော နာမည်ကြီးဆိုင်မျိုးဖြစ်သည်။ မိသားစုတွေလည်း လာထိုင်သည်။ မိန်းကလေးတွေလည်း အုပ်စုလိုက် လာထိုင်သည်။ စုံတွဲတွေလည်း လာထိုင်သည်။ လူစည်သည်။

ယခု လူစည်ချိန်ကို ရောက်ပြီ။ စားပွဲလွတ်က မရှိတော့။ ဤလူငယ် သူ့စားပွဲတွင် လာထိုင်သည်ကို သူ့အနေနှင့် တား၍မရချေ။

"ကော်ဖီတစ်ခွက်"

လူငယ်က စားပွဲထိုးကို မှာပြီး သူ့ကို ပြုံးပြကာ...

"အစ်ကိုကြီးကို ကျွန်တော် မြင်ဖူးသလိုပဲ"

"ဖြစ်နိုင်ပါတယ်"

'ငါက ပန်တျာရဲဝင်းကိုကွ'ဟုလည်း စိတ်ထဲမှ တွေးမိ၏။ သူ့အတွေးပင် မဆုံးလိုက်ပါ၊ လူငယ်က ချက်ချင်း မှတ်မိသွားသည်။

"ဟာ...သိပြီ။ အစ်ကိုကြီးက ပန်ကာရဲဝင်းပဲ"

ဂုဏ်ယူမိမလိုလို ဖြစ်ပြီးမှ အောင့်သက်သက် ဖြစ်ရသည်။

"ပန်တျာရဲဝင်းပါကွ"

"ဟုတ်ကဲ့ ဆောရီး...ဆောရီး။ ကျွန်တော် အပြောလောသွားလို့။ ဂုဏ်ယူစရာကြီးဗျာ...။ ဒီစားပွဲမှာ ဝင်ထိုင်မိတာ"

ထိုအချိန်မှာပဲ သူမှာထားသောကော်ဖီ ရောက်လာသဖြင့် လူငယ်က တစ်ငုံသောက်သည်။ ပြီးမှ သူ့စကားကို ဆက်သည်။

"ဒါဆို ခုနက ကျွန်တော်တွေ့လိုက်တာ နွားထိုးကြီးမောင်မောင်ပေါ့"





"ဟုတ်လား...။ မင်း ဒီကောင့်ကို ဘယ်မှာတွေ့လိုက် တာလဲ"

"ဈေးဟိုဘက်ထိပ်မှာ..."

"ဘာလုပ်နေသတုန်း..."

"အမျိုးသမီး ခပ်လှလှတစ်ယောက်နဲ့ စကားရပ်ပြောနေတာပဲ"

"အေးကွာ...။ဒီကောင်က လူတော်ဆိုပေမဲ့ မိန်းမတွေနဲ့ ပတ်သက်ရင် အားနည်းချက်ရှိတယ်။ အဲ့ဒါလေးကိုတော့ ခွင့်လွှတ်ထားရတာပေါ့"

လူငယ်က နားလည်မှုရှိသလို ပြုံးပြီး...

"အစ်ကိုကြီးကို ကျွန်တော် စကားနည်းနည်းပြောချင်လို့ ရမလား..."

"ငါ...အချိန်တော့ သိပ်မရှိဘူး"

"ဟုတ်ကဲ့...။ ကျွန်တော် လိုရင်းကိုပဲ ပြောမှာပါ"

"အေး...ပြော...ပြော"

"ကျွန်တော့်နာမည်က စည်သူပါ"

"အေး"

စည်သူက သူ့စကားကို ရှေ့ဆက်မည်အလုပ် ဘေးဝိုင်းမှ အသံထွက်လာသည်။

"အခု...လာနေတဲ့ကောင်က ချစ်ကိုကိုမောင်လေ"

"ဩော်...။ ဟို မော်ဒယ်ဘိုဝင်းလား"

"အေး...။ မနေ့ကထွက်တဲ့ ဂျာနယ်ထဲမှာတောင် ပါသေးတယ်"

စည်သူကော၊ ပန်တျာရဲဝင်းပါ သူတို့ ညွှန်ပြပြောဆိုနေသည့် သူထံ လှမ်းကြည့်မိသည်။ စည်သူထက် အတန်ငယ် ငယ်ရွယ်ပုံရသော သူငယ်တစ်ယောက် ဖြစ်သည်။ နုနုရွရွ ဝတ်စားဆင်ယင်ထားပြီး ဆံပင်နှင့် အရေပြားကို တစ်စုံတစ်ရာလိမ်းထားပုံ ရသည်။ (လက်သည်းကိုတော့ ဆေးဆိုးမထားသေးပါ)

လူကလည်း မိန်းမချော ချောသူဖြစ်သည်။ ပန်တျာရဲဝင်းက



www.burmeseclassic.com

www.burmeseclassic.com



အဒေးသားကြည့်နေမိရင်း (ကိုယ့်ပုံစံနှင့်ကိုယ်) အဆွေးပွားကာ နံဘေးအားသော စည်သူ့ကို မေ့နေသည်။ စည်သူက...

''အစ်ကိုကြီး...အစ်ကိုကြီး''

ထိုအခါကျမှ...

''ဟေ...ဟေ...။ ဘာလဲဟ''

''ကျွန်တော့်ကို ခဏလေးစောင့်နော်''

''မင်းက ဘယ်သွားမှာ မို့လို့လဲ''

''ကျွန်တော် သူ့ကို စကားလိုက်ပြောမလို့။ သူ့ကို အခုလို တစ်ယောက်တည်း လမ်းပေါ်မှာ တွေ့ဖို့ဆိုတာ မလွယ်ဘူးလေ။ သူတို့က မာမီတွေ အမြဲပါတတ်တာ''

ထိုသို့ပြောပြီး စည်သူက လှစ်ခနဲ ထွက်သွားသည်။ ပန်တျာရဲဝင်းက မျက်လုံးအပြူးသားနှင့် ငေးကြည့်ကျန်ရစ်သည်။ 'ခေတ်လူငယ်တွေက ဘယ်လိုတွေလဲဟ'ဟုလည်း စဉ်းစားမိသည်။ စည်သူ ချစ်ကိုကိုမောင်အနားကို ဖတ်ခနဲ ရောက်ရှိသွားပုံက ရာမမင်း သမင်လိုက်ပုံနှင့်လည်း မတူသောကြောင့်ဖြစ်သည်။

''ညီလေး...ညီလေး''

ချစ်ကိုကိုမောင်က ဟန်ပါပါနှင့်ကြည့်ပြီး...

''သားကို ခေါ်တာလား''

''ဩော်...အေး...။ သားကိုခေါ်တာ''

''ဦး...ဘာပြောမလို့လဲ''

သေဟ။ ကိုယ်ဖြင့် သူ့ထက်ကြီးမှ ၂နှစ် ၃ နှစ်ပေါ့...။

''ဦးက သားရဲ့ပရိတ်သတ်ပါ''

''ဩော်...အင်း...။ ကျေးဇူးတင်ပါတယ်နော်''

''အားပေးမှာပေါ့ကွယ်...။ သားကလေ...ရှေ့ကကြည့်ရင် အဆိုတော် မင်းအောင်နဲ့ တူတယ်။ နောက်ကကြည့်တော့ အနိုင်၊ ဘေးကကြည့်တော့ အောင်သူ၊ တစ်ကိုယ်လုံးခြုံကြည့်တော့ လွှမ်းမိုး၊ ကိုယ်နေ





ဟန်ထား လှုပ်ရှားမှုက ထူးအိမ်သင်နဲ့ တူတယ်ကွယ်''

ချစ်ကိုကိုမောင် အူဝေဝေဖြစ်နေသည်။ ပြီးမှ...

''ဦးပြောတာက တစ်မျိုးကြီးပဲ''

''ဘယ်လို တစ်မျိုးကြီးပဲလဲ''

''သားက သူတို့နဲ့ တူမှမတူတာ...။ ပြီးတော့...''

''ပြီးတော့ ဘာဖြစ်လဲ''

''သူ...သူတို့က ဆုံးပါးသွားပြီသား ဆရာသမားတွေ။ သားက သူတို့နဲ့ တူနေတယ်ဆိုတော့ အို...တစ်မျိုးကြီးပါပဲ ဦးရယ်။ သားက ဘာဖြစ်သွားသလဲလို့''

ဒင်းကပဲ နာရတယ် ရှိသေး။

''ဦး''

''ပြော...''

''ဆက်မလိုက်ခဲ့နဲ့တော့နော်။ ဘေးမှာ လူတွေ ဝိုင်းကြည့်ကုန်ပြီ''

စည်သူ လက်ဖက်ရည်ဆိုင်ထဲ ပြန်ရောက်တော့ နွားထိုးကြီးမောင်မောင်က မရောက်သေး။ ပန်တျာရဲဝင်းက မျက်လုံးယိုးဒယားအကနှင့် စည်သူ့ကို ကြည့်ပြီး...

''မင်း...ဘာတွေ သွားလိုက်ပြောနေတာလဲ''

စည်သူက အေးစက်လုပြီဖြစ်သည့် လက်ကျန်ကော်ဖီကို မော့သောက်ပြီး...

''မိတ်ဆက်တာပါ''

''မင်း မိတ်ဆက်တာလည်း ကောင်မလေးတစ်ယောက်ကို ရည်းစားစကားလိုက်ပြောတာ ကျနေတာပဲ''

''အင်း...ထင်စရာပေါ့''

''ထင်စရာ မဟုတ်ဘူး။ မြင်ကို မြင်နေရတာ''

''ကျွန်တော်က ယောက်ျားဖြစ်ပြီး သိပ်ချွဲနေတဲ့လူတွေကို မကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ''

အတ်စင်ပေါ်မှာ မိတ်ကပ်လိမ်းပြီး ကရတတ်သည့် ပန်တျာရဲဝင်း ပင် ဘုန်းခနဲပြစ်သွားပြီး မှန်သောစကားဖြင့် တားမြစ်သည်။

''အနုပညာ၊ အလှပညာဆိုတာကတော့ သူ့သဘာဝနဲ့သူ ရှိတာပဲကွ''

''သြော်...အင်း...။ ပြောရမယ့်စကားတောင် မပြောရသေးဘူး။ သိချင်တာ အရင်မေးရဦးမယ်''

''အေး...ဘာပြောမှာလဲ ပြောကွာ...။ မေးစရာရှိရင်လည်း မေး''

''အစ်ကိုကြီးက ဇုဋ္ဌါဝိဟာဝိတ လားဟင်''

ပန်တျာရဲဝင်း၏ မျက်ခုံးများ အတွန့်ချိုးသွားသည်။

''မင်း...ဘာပြောတာလဲ''

''အစ်ကိုကြီးက လူပျိုကြီးလားလို့ မေးတာ''

''အဲ့ဒါ...မင်းနဲ့ ဘာဆိုင်လဲ''

''အနုပညာမှာ လူပျိုဆို စန်းပိုရှိသလားဆိုတာ သိချင်လို့''

''ရှိသင့်သလောက်တော့ ရှိတယ်''

''တလဘာဝတောဒါသ ကြောင့် ပေမသု ကျခဲ့ဘူးရင်တော့ အနုပညာ အာရုံသက်ဝင်မှုမှာ အကျိုးရှိနိုင်လား ခင်ဗျာ''

''ဗမာလို ပြောကွာ''

''သြော်...ငယ်ချစ်ကြောင့် မျက်ရည်ကျခဲ့ဘူးရင်ကော အနုပညာ မှော်ဝင်မှုမှာ အကျိုးရှိသလားလို့''

''သက်ဆိုင်တဲ့နေရာမှာ ရှိတယ်''

''အိုကေ...။ အဲ့ဒါဆိုရင် ကျွန်တော်ပြောချင်တာကို ပြောလို့ရပြီ''

ထိုသို့ဆိုပြီး စည်သူက မျက်နှာကို ပြုံးဖြီးဖြီးကြီး လုပ်ပြသည်။ သူ့အပြုံးက တစ်မျိုးကြီးဖြစ်နေ၍ ပန်တျာရဲဝင်း တွန့်သွားသည်။

''အဲ့ဒါဆိုရင်လည်း မြန်မြန်ပြောကွာ''





''ခုနက ကျွန်တော်ပြောတဲ့အချက်တွေ အကုန်လုံး ကျွန်တော့်မှာ ညီတယ်၊ ကိုက်တယ်''

ပြောပြီး မျက်စေ့တစ်ဖက် မှိတ်ပြပြန်သည်။

''ဟာ...ဘယ်နှာလဲဟ''

''အဲ့ဒါ...ကျွန်တော် ပြဇာတ်မင်းသား လုပ်ချင်လို့''

စကားအဆုံးမှာ လျှာထုတ်ပြ၏။

''ဒီကောင် ဘယ်လိုကောင်လဲ''

''အစ်ကိုကြီးတို့ ဇာတ်ထဲမှာ လုပ်လို့ရမလား''

ခေါင်းကို ရေ့တိုးပြီး နှာခေါင်း ရှုံ့ပွရှုံ့ပွလုပ်ပြသည်။ ပန်တျာရဲဝင်း ဒေါ်ပွလာ၏။

''ဟေ့ကောင်။ မင်း ငါ့ကို လာပြောင်နေတာလား။ ဒါမှမဟုတ် သူငယ်နာ မစင်ဘူးလား''

''အို...အို...။ အဲ့ဒီလိုမဟုတ်ပါဘူး အစ်ကိုကြီးရဲ့။ အစ်ကိုကြီးကိုက ကျွန်တော် စကားအကောင်းပြောတာပါ။ ဟိုဘက်ဝိုင်းက ကောင်မလေးက ဘီရိုမှန်ထဲက ကျွန်တော့်ကို လိုက်ကြည့်နေလို့ ကျွန်တော်က သူ့ကို ပြန်ပြောင်ပြနေတာ''

ပန်တျာရဲဝင်းက စည်သူညွှန်ပြသောဝိုင်းကို မသိမသာ လှည့်ကြည့်တော့ ဟုတ်သည်။ ခေတ်ဆန်ဆန် ဝတ်စားပြင်ဆင်ထားသော ကောင်မလေးတစ်ယောက်က စည်သူ့ကို ဘီရိုမှန်ထဲမှနေ စည်သူ့ကို လိုက်ကြည့်နေသည်။ သူကလည်း စည်သူ့ကို ပြန်...ပြန်ပြောင်ပြနေသည်။

ပန်တျာရဲဝင်း ငိုချင်သွားသည်။ စည်သူ့ကိုပဲ ရှုံးမဲဆန်ဆန် မဲရ၏။

''မင်းကိုကလည်း ပေလွန်း၊ ရွတ်လွန်းပါတယ်ကွာ။ ကဲ...သွားတော့ သွားတော့။ ဟိုမှာ နွားထိုးကြီးမောင်မောင် လာနေပြီ။ ငါတို့ချင်း ဆွေးနွေးစရာတွေ ရှိတယ်။ အေး...ကျေးဇူးပဲ''



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ညက ဖေဖေ တော်တော်နှင့် မအိပ်။ ဝရံတာမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ အချိန်က သန်းခေါင်ကျော်လွန်ပြီး အေးစိမ့်စပြုပြီ။ ထိုအချိန်ကျမှ မေမေက တစ်ရေးနိုးထလာပြီး ဖေဖေ့ကို သွားခေါ်သည်။

``အဖေကြီး...မအိပ်သေးဘူးလား။ ညဉ့်နက်လှပြီ။ အေးလည်း အေးနေပြီ``

``ငါ သမီးရဲ့ကိစ္စကို စဉ်းစားနေတာ``

``ကျွန်မလည်း အဲ့ဒီအတွက် ခေါင်းရှုပ်နေတာပါပဲ။ ဒါပေမဲ့ အိပ်ပါတော့ အဖေကြီးရယ်။ တော်ကြာ ကျန်းမာရေးကို ထိခိုက်နေမယ်``

ကြော့ခင်နှစ်ကော(မ်)စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖေဖေ့ကို ချော့မော့ပြီး ခေါ်သွားသည်။ အိပ်ရာထဲမှနေ မိဂါက အခြေအနေအားလုံးကို သိနေ၊ ကြားနေသည်။ ဖေဖေ့ဉာဏ် ပညာကို လည်း အထင်ကြီးသည်။ သို့သော် သူမအတွက် ဖေဖေ့ဖြေ့ချမှု ဟင်းပန်းနေသည်ကိုလည်း စိတ်ထဲမှာ မကောင်း။ ဟိုတွေး သည်တွေးနှင့် တော်တော်နှင့်အိပ်မပျော်။

မိုးလင်း အိပ်ရာမှ နိုးထတော့ ဖေဖေနှင့်မေမေက သူမကို နံနက် လက်ဖက်ရည်သောက်ရန် စောင့်ဆိုင်းနေကြပြီ။ မိဘဆိုသည်က တော့ မိဘပဲဖြစ်သည်။ ဘာနှင့်မှ လဲ၍မရ။ ဖေဖေက...

''သမီး...ဒီနေ့ အိပ်ရာထ နောက်ကျပါလား''

''ဟုတ်...။ ညက တော်တော်နဲ့ အိပ်မပျော်ဘူး''

လက်ဖက်ရည်သောက်ပြီးချိန်ကျမှ ဖေဖေက ရယ်ရွှန်းပတ်ရွှန်း ပြောသည်။

''သမီးကို ဖေဖေတို့က အိမ်ထောင်ချပေးမယ်လို့ စီစဉ်ထားတာ 'စီစဉ်စဉ်းစားရုံ' ရှိပါသေးရဲ့ကွယ်၊ ခုတော့...ဟား...ဟား...ညောင်ပင်မှ မစိုက်ရသေးဘူး ရုက္ခစိုးတွေက ဝိုင်းနေတယ်။ ဟား...ဟား''

မိဂါနှင့်မေမေကလည်း ဖေဖေနှင့်အတူ လိုက်ရယ်မောပါသည်။ သို့သော် အသက်မပါ။ ဖေဖေက အဝေးကို အတန်ကြာငေးပြီး ဆက် ပြောသည်။

''အိမ်ထောင်ရေးဆိုတာက ခက်တော့ခက်တယ်သမီးရဲ့။ ဖေဖေ က စာရေးဆရာဆိုတော့ စာရေးဆရာစကားပဲ ပြောရမှာပဲ။ မိုနာလီဇာ ပန်းချီကားကို ဆွဲခဲ့တဲ့ လီယိုနာဒိုဒါဗင်ချီက စကားတစ်ခွန်း ပြောသွားတယ်။ အိမ်ထောင်ရေးဆိုတာ ငါးရှဉ့်ရှိမယ်ထင်မိပြီး မြွေပချုပ်ထဲကို လက်နှိုက်တာ ပဲတဲ့''

ခါတိုင်းအချိန်ဆိုတော့ မေမေက ဤစကားပြောချက်နှင့် ပတ်သက်ပြီး ဖေဖေ့ကို မျက်စောင်းထိုးနိုင်သည်။ ခုတော့ ငြိမ်နေသည်။

''မြွေပချုပ်ဆိုလို့ 'စပ်မိပြီး ပြောရဦးမယ်' သမီးရဲ့''





ဖေဖေက သူ့စကားကို ဆက်သည်။

''ကမ္ဘာကျော် အချစ်သူရဲကောင်းတွေနဲ့ ပတ်သက်ပြီး စကား ပြောဆိုတဲ့အခါမှာ ကလီယိုပက်ထရာဟာ ဘယ်တော့မှ မပါဘူး။ ဂျူးလီးယက်ဆီဇာတို့ မက်အန်ထော်နီတို့လို စစ်သူရဲကောင်းကြီးတွေဟာ သူ့ရဲ့ မာယာနဲ့ အညှို့ခံခဲ့ရတယ်။ ဂျူးလီးယက်ဆီဇာ လုပ်ကြံခံရပြီးတော့ သူဟာ မက်အန်ထော်နီကို သိမ်းသွင်းထားတယ်။ မက်အန်

သေသွားတဲ့အခါမှာ ကလီယိုပက်ထရာဟာ မြွေပချုပ်ထဲကို လက်

အသေခံလိုက်တယ်''

''ဩော်...အင်း...ဟုတ်ကဲ့''

''ဒါပေမဲ့ သူဟာ အချစ်သူရဲကောင်း မဖြစ်ခဲ့ဘူး။ မာယာ နတ်သမီးပဲ ဖြစ်ခဲ့တယ်။ သူ့ကိုယ်သူ သတ်သေတယ်ဆိုတာကလည်း ချစ်ခြင်းတရားအတွက် မဟုတ်ဘူး။ ဒီလူ မရှိတော့ရင် သူလည်း မရှုယ် ဘူး။ အဲဒီအချိန်မှာ သူတို့ခေတ်ရဲ့ စစ်ရေး၊ နိုင်ငံရေး အနေအထားတွေ အရ သူ့ကိုယ်သူမသတ်ရင် သူများတွေ၊ ရန်သူတွေက သူ့ကို သတ် တော့မယ်။ အဲဒါကြောင့် အဲဒီလို လုပ်သွားရတာ။ အထင်ကြီးစရာ မဟုတ်ဘူး''

''ဟုတ်ကဲ့''

''ဖေဖေပြောချင်တာကတော့ မေတ္တာရေး၊ အိမ်ထောင်ရေး ဆိုတာ ကျယ်ဝန်းရှုပ်ထွေးပါတယ်။ သမီးအနေနဲ့ ဘာကိုမှ အလျင်စလို မဆုံးဖြတ်ပါနဲ့ဦး''

''ဟုတ်ကဲ့ ဖေဖေ။ သမီးနားလည်ပါတယ်''

ခေတ်မီသော အဖေနှင့် ခေတ်ဆန်သော သမီးဖြစ်၍သာ ဤသို့ ပြောနိုင်ခြင်း ဖြစ်လိမ့်မည်။ လက်ဖက်ရည်ဝိုင်းမှ အထမှာပဲ ပန်တျာရဲဝင်းက ရောက်လာသည်။ မိဂါကလည်း ထမပြေးတော့ပါ။ အဘယ်ကြောင့် ဆိုသော် သူတို့ ဘာတွေပြောကြမည်ဆိုတာကို သိလိုသောကြောင့်

ပန်တျာရဲဝင်းကို ဖေဖေနှင့်မေမေက လှိုက်လှိုက်လှဲလှဲ ကြိုဆို



www.burmeseclassic.com

www.burmeseclassic.com

သည်၊ မိဝါ၏ လက်ရှိကြုံဆုံနေရသော အခက်အခဲကို တိုင်ပင်တီးခေါက်ချင်သောကြောင့် ဖြစ်သည်။ မေမေက...

“မျှော်နေတာနဲ့ အတော်ပဲ...။ ထိုင်စမ်းပါဦးကွယ်”

ပန်တျာရဲဝင်း၏ မျက်နှာက ကမှ မကရသေးဘဲ ပန်းကုံးအစွပ်ခံရသလို ချိုသွားသည်။

“ဟုတ်ကဲ့...။ ကျွန်တော်လည်း သတိရလို့ သက်သက်မယ့်ကို လှည့်ဝင်လာတာ”

ထို့နောက် ဖေဖေ့ကို ပြုံးပြပြီး မိဝါဘက်သို့ လှည့်ကာ...

“မိဝါအတွက် လက်ဆောင်ပစ္စည်း ပါလာတယ်”

မိဝါက ပင့်သက်ရှိုက်ရင်း...

“လုပ်ပြန်ပြီ”

“မဟုတ်ဘူးလေ...။ ဟိုတစ်ခေါက်က မိဝါက တူအကောင်းစားလိုချင်တယ်ဆိုပြီး ပြောနေသံ ကြားလို့ ကိုယ်ဝယ်လာတယ်။ ဒီမှာ...”

မိဝါ အကြီးအကျယ် စိတ်ညစ်သွားသည်။

“ဘာလုပ်ရမှာလဲ အဲ့ဒီတူကြီးကို...”

“အကောင်းစားပါ။ မိဝါ မကြိုက်လို့လား”

“အဲ့ဒီတူကို ယူသွားပြီး ရှင့်ဇာတ်ခုံမှာ ရှင် သံရိုက်ချည်”

“အကောင်းဆုံး အမျိုးအစားပါ မိဝါရယ်”

“ဘာဆိုင်လို့လဲ၊ အဲ့ဒါကြီးက ကျွန်မနဲ့ ဘာဆိုင်လဲ။ ကျွန်မပြောတာက ခေါက်ဆွဲပြုတ်စားဖို့ ‘တူ’ ကိုပြောတာ။ ဒီ သံရိုက်တဲ့ ‘တူ’ ကို ပြောတာမဟုတ်ဘူး”

“ဟင်...”

ပန်တျာရဲဝင်းက ‘ဒီတစ်ခါလည်း လွဲပြန်ပြီ’ ဟူသော မျက်နှာမျိုးဖြင့် ဆိတ်ချိုတူကြီးကို ကိုင်ကာ မတ်တပ်ကြောင်ကြွဲနေသည်။ (ငုတ်တုပ်မေ့မရသောကြောင့် ဖြစ်နိုင်သည်) အခြေအနေကို ဖေဖေက ဝင်ထိန်း၏။ (တကယ်တမ်း အရေးကြုံလာသောအခါတွင်တော့လည်း) ဖခင်၏





(သို့မဟုတ်) အိမ်ဦးနတ်၏ စကားက အရေးပါလေသည်။ သူ့ဘာသာ အေးအေးနေတိုင်း မယားကြောက်ကြီးဟု ပြောမရ။ ပြောခဲ့သူရှိလျှင် အသိဉာဏ် ကျပ်မပြည့်သူသာ ဖြစ်နိုင်သည်။

“ကဲ...သမီး ငြိမ်ငြိမ်နေစမ်း။ မောင်ရင်ကလည်း တူကြီး ဘေးချထားပြီး ခဏထိုင်ပါဦး”

“ဟုတ်...ဟုတ်ကဲ့”

“စကားပြောစရာ၊ ဆွေးနွေးစရာတွေ ရှိတယ်”

“အို...ကောင်းပါတယ်။ ကျွန်တော် အချိန်ရပါတယ်”

ဖေဖေက မေမေ့ကို လှည့်ကြည့်၏။ မေမေက နားလည်စွာ...

“ပန်တျာရဲဝင်းဆိုပြီး နာမည်တစ်လုံးနဲ့ နေတဲ့သူဆိုတော့ကွယ်၊ အတွေ့အကြုံတွေလည်း များမှာပေါ့။ ဘဝအတွေးအခေါ်တွေလည်း ရှိမှာပေါ့။ သိချင်တာလေးကို မေးချင်လို့ပါ”

“မေးပါခင်ဗျ...မေးပါ။ ကျွန်တော် သိသမျှကို ဖြေပေးပါ့မယ်”

“ဗေဒင်ဆိုတာကို ဘယ်လိုသဘောရသလဲ”

“ဘာကိုရည်ရွယ်ပြီး မေးသလဲ မသိပါဘူး”

“ဩော်...။ ယုံကြည်အပ် မယုံကြည်အပ်ပေါ့ကွယ်။ ဘယ်လောက် မှန်သလဲပေါ့”

“အား...မှန်တော့ မှန်တယ်၊ မယုံလို့လည်း မရဘူး”

“ဘယ်လိုကြုံဖူးလဲ”

“ဒီလိုပါပဲ...။ ကျွန်တော်တို့ ဇာတ်သမားဆိုတာကတော့ ဗေဒင်အစီအရင်နဲ့ မကင်းဘူးပေါ့လေ”

“ဘယ်လောက်ထိ ယုံကြည်ရသလဲ”

“နတ်ကတော်တွေ ကန်တော့ပွဲတွေကို ကိုးကွယ်ရသလို ဖြစ်နေပါတယ်”

“အမြင်ပြောပါဦးကွယ်။ ဘယ်လောက်မှန်ကန်မှု ရှိသလဲ”

“ဒါကတော့ ဒီလိုပဲပေါ့။ ကျွန်တော်တို့ မိုးလေဝသ ခန့်မှန်းသလို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အမှန်ဆိုရင် အားလုံးဟာ ဗေဒင်တွေကြီးပါပဲ''

''ဒါဆိုရင် တစ်ခုမေးချင်တယ်။ အဲ့ဒီလမ်းကြောင်းတွေကို ဘယ်လောက်ထိ လိုက်လျှောရမှာလဲ''

''ဩော်...ဒါကတော့ ရိုးရာဆိုတာ မပယ်ကောင်းဘူးလေ။ ထပ်ပြောရရင် ကျွန်တော်တို့ အသက်ရှူတာလည်း ဘယ်ဘက်နှာခေါင်းပေါက်၊ ညာဘက်နှာခေါင်းပေါက် အပြောင်းအလဲနဲ့ ရှူတာ ရှိတယ်။ သူ့အချိန် သူပြောင်းနေတယ်။ အဲ့ဒါ နက္ခတ်ဂြိုလ်ခွင်တွေရဲ့ ထိန်းချုပ်မှုပဲ''

''ဒါဆို ဗေဒင်ဆိုတာကို ယုံသင့်တာပေါ့''

''ဒါပေါ့ ယုံသင့်တာပေါ့...။ ဘာဖြစ်လို့ မေးတာလဲ''

''ဒီလိုကွယ်...သမီးက ဗေဒင်သွားမေးတယ် တော်တော်မှန်တဲ့ ဗေဒင်ဆရာပဲ''

''ဟုတ်ကဲ့''

''ဗေဒင်ဆရာက ဟောတယ်...။ သမီးဟာ ဒီနှစ်အတွင်းမှာ အိမ်ထောင်ကျမယ်တဲ့''

သူ့ကို စကားခေါ်သည်ထင်ပြီး ပန်တျာရဲဝင်း၏မျက်နှာက ပြုံးပြုံးကြီး ဖြစ်သွားသည်။

''ဒါပေါ့...ဒါပေါ့။ ဖြစ်သင့်တာပေါ့''

''အိမ်ထောင်ဖက်ကို မေးကြည့်တော့...''

''ဟုတ်ကဲ့...ဟုတ်ကဲ့။ ပြောသာပြောပါ၊ အားနာစရာ မရှိပါဘူး။ အဟီး...ဟီး''

''သူ...တဲ့ကွယ်''

''ဗျာ...''

''သူနဲ့သမီးက ပုဂံခေတ်ကတည်းက ကွဲခဲ့တဲ့ ချစ်သူတွေတဲ့။ ဒီဘဝမှာ ပြန်ပေါင်းဖက်ကြရမှာတဲ့''

''အို...မဖြစ်နိုင်တာ''

''သမီးက အဲ့ဒါကိုမကျေနပ်လို့ ဗေဒင်ဆရာနောက်တစ်ယောက်





ကို သွားထပ်မေးတယ်။ အဲ့ဒီဗေဒင်ဆရာကလည်း အရမ်းမှန်တယ်''

''ဟုတ်...ဟုတ်ကဲ့''

''သူကလည်း ဟောတယ်။ ဒီနှစ်အတွင်းမှာ သမီးအိမ်ထောင်ကျမှာက ဟုတ်တယ်။ ဒါပေမဲ့ အိမ်ထောင်ဖက်က တစ်ခြားတစ်ယောက်ဖြစ်နေတယ်''

''ဘယ်...ဘယ်သူတဲ့လဲဟင်''

''သူ...တဲ့''

''ဗျာ...ဗျာ''

''သမီးနဲ့ သူက ကုန်းဘောင်ခေတ်မှာကတည်းက ကွဲသွားတဲ့ ချစ်သူတွေတဲ့။ ဒီဘဝမှာ ပေါင်းဖက်ကြရမှာတဲ့''

''အ...အဓိပ္ပါယ် မရှိတာတွေဗျာ''

''ဗေဒင်က ဟောတာလေ''

''အို...ဗေဒင်ကိုများ အယုံအကြည်ထားလို့ ဒေါ်ဒေါ်ရာ...''

''ခုနက မောင်ရဲဝင်းပြောတော့ ဗေဒင်ဆိုတာ ယုံကြည်ရမယ်ဆို''

ပန်တျာရဲဝင်းက အကြီးအကျယ် ထပ်လွဲပြီဆိုသော မျက်နှာမျိုးနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ မေမေက ထပ်ပြောသည်။

''မိုးလေဝသ ခန့်မှန်းချက်လိုပဲ ဆို...''

''အို...သူ့ဘာသာ မိုးလေဝသ ခန့်မှန်းတာပဲ။ ထီးဆောင်းရင်ဆောင်း၊ အနွေးထည်ဝတ်ရင် ဝတ်နည်းလမ်းတွေ ရှိပါတယ်''

''ဒါဆို ဒီကိစ္စကို မောင်ရဲဝင်း ဘယ်လိုမြင်သလဲ''

''ကျွန်တော် မယုံဘူး''

မိဝါ၏ ဖူးစာဖက်သည် သူသာလျှင် ဖြစ်ရမည်ဟု ခိုင်မာသော ယုံကြည်မှု ရှိပုံရသည်။ ထိုအချိန်မှာပဲ အိမ်အပြင်မှ အော်ဟစ်ကြေငြာသံကို ကြားရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်...

''ဗေဒင်ဟောသည်။ ဗေဒင် မမှန်လျှင် ငွေပြန်အမ်းမည်''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မျက်မှောင်ကြုတ်သွားသည်။ မိဝါကို…

''သမီး…သွားကြည့်စမ်း။ ဘယ်လို ဗေဒင်ဆရာလဲ''

မိဝါ အပြင်ထွက်ကြည့်ပြီး…

''အသက်ငါးဆယ်လောက်၊ ရိုးရိုးဖြောင့်ဖြောင့် ပုံမျိုးပဲ ဖေဖေ''

''ခေါ်လိုက်စမ်း''

မိဝါ ထွက်ခေါ်တော့ အညာသားပုံစံလူကြီးတစ်ယောက်၊ တိုက်ပုံ အင်္ကျီဝတ်လျက် ဖိုင်တွဲကိုင်ကာ ပါလာသည်။ ဖေဖေက နေရာပေးပြီး…

''ဆရာကြီး…။ ကျွန်တော့်သမီးကို ဗေဒင်ကြည့်ပေးပါ''

''ကောင်းပါပြီ''

''သမီး…။ ဆရာကြီးကို သမီးဇာတာ ပေးလိုက်''

ဆရာကြီး လက်ဝါးကာသည်။

''နေ…နေ။ ကျွန်တော် အကြားအမြင်နဲ့ ဟောပါ့မယ်''

ထို့နောက် မိဝါကို စူးစူးကြည့်ကာ အကဲခတ်ပြီး မျက်စိမှိတ် အာရုံယူ၏။

သူ့ကို အားလုံးက ဝိုင်းကြည့်ပြီး ငြိမ်သက် တိတ်ဆိတ်နေကြ၏။ အတန်ကြာမှ ဆရာကြီးက နှုတ်တတွတ်တွတ်ရွတ်၏။

''ဒီနှစ်ထဲမှာ ဒီကလေးမ အိမ်ထောင်ကျမယ်''

မေမေက မအောင့်အီးနိုင်ဘဲ ဝင်မေး၏။

''ဘယ်သူနဲ့လဲ ဆရာကြီး…''

''သူ့ဘဝဟောင်းမှာ ကွဲခဲ့ရတဲ့ ချစ်သူနဲ့''

''ဟို…ပုဂံခေတ်က၊ ကုန်းဘောင်ခေတ်တို့က လူကြီးတွေနဲ့ လား''

''မဟုတ်ဘူး။ အင်းဝခေတ်က၊ လူကြီးလည်း မဟုတ်ပါဘူး။ လူငယ်ပါပဲ''

''ဘယ်လိုပုံစံလဲ''

''ကလေးမနဲ့ အသက်မတိမ်းမယိမ်း၊ ဖြူဖြူချောချော၊ အရပ်…



…မြင့်၊ နှာမည်က အဂ်၊ သောကြာ [illegible] …မယ်''

''ရန်ကုန်ကပဲလား ဆရာကြီး''

''နယ်က…။ ဒါပေမဲ့ အခု ရန်ကုန်ရောက်နေတယ်''

ပန်တျာရဲဝင်း အကြီးအကျယ် မျက်နှာပျက်နေသည်။ နာမည်မှာ …သည်း သူ့နေ့နံစာလုံး တစ်လုံးမှ မပါ။ အင်းဝခေတ်က ကွဲခဲ့ရတဲ့ …ချစ်သူတဲ့…။ လာပြန်ပြီ။ ငိုချင်လာပြီနော်။ မနေနိုင်လွန်းသဖြင့် (ကိုယ်နှင့် …သည်း တိုက်ရိုက်မသက်ဆိုင်ဘဲ ဝင်မေးမိသည်) ကြေကွဲဆို့နင့်သံကြီးနှင့် …ဖြစ်သည်။

''ဆရာကြီး…။ ဟ…တကယ် ဟုတ်လို့လားဗျာ''

ဆရာကြီး၏ မျက်လုံးက ဖျက်ခနဲ ပြန်ပွင့်သွားပြီး ဒေါသသံနှင့်…

''ကျုပ်ပြောရင် မလွဲဘူး''

ထို့နောက် ထိုင်ရာမှ ထရပ်ပြီး…

''ကဲ…ကျုပ်ပြန်မယ်''

ဖေဖေက…

''ဆရာကြီးကို ဉာဏ်ပူဇော်ခ ဘယ်လိုပေးရမလဲ''

''စေတနာရှိသလောက် ပေးပါ''

ပန်တျာရဲဝင်း၏ သဘောသာဆိုလျှင် တစ်ပြားမှပင် မပေးချင်။ …ဖေဖေက ပေးလိုက်ပါသည်။ ဘယ်လောက်မှန်းတော့ မသိ။ ထိုဆရာကြီး …ပြန်သွားပြီး အတန်ကြာတော့ ပန်တျာရဲဝင်းက…

''ကဲ…ကျွန်တော်လည်း ပြန်လိုက်ဦးမယ်''

''အေး…အေး…။ ကောင်းပါပြီကွယ်''

သူ့ဆိတ်ချိုတူကြီးကိုတော့ မေမေက ပြန်မပေးလိုက်။ မသိချင် …ယောင်ပြီး ယူထားသည်။ ထိုဆရာကြီးကို လိုက်ထုမည်စိုးသောကြောင့် …ဟု အကြောင်းပြသည်။ ကိုယ့်မိသားစု သုံးယောက်ထဲ ကျွန်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မေမေက...

''အဖေကြီး''

''ပြော...''

''ဒီဆရာကြီးက ပညာတော့ ကောင်းတယ်။ ဒါပေမဲ့ သူ့ဉပမိရုပ်က ဘုန်းကြီးကျောင်းက ကပ္ပိယလိုမျိုးပဲနော်''

မိဝါ တစ်ဘက်လှည့်ပြီး ပြုံးမိလေသည်။





(၁၅)

သက်မွန်နွယ်တို့ကတော့ အစဉ်အလာမပျက် ရယ်ကြမောကြသည်။ ပြီး...သက်မွန်နွယ်က စည်သူ့ကို တံတောင်နှင့်တွတ်ပြီး မေးသည်။

''ကဲ...အင်းဝကိုယ်တော်လေး''

''အင်း...''

စည်သူကတော့ ခပ်တည်တည်၊ ခပ်အေးအေးပါပဲ။

''ရှင်လုပ်လို့လည်း ရှုပ်ကုန်ကြပြီ''

''အင်း...''

''ရှင်ပြောတဲ့အတိုင်း ကျွန်မတို့ တီးတိုးဝါဒဖြန့်ချိမှုတွေလည်း လုပ်လို့ အုတ်အော်သောင်းနင်းနဲ့ လူသိများကုန်ပြီ...။ ဂျာနယ်လစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ရောက်လာမလဲ မသိဘူး''

''အင်း...''

''ဟို...ဗေဒင်ဆရာနှစ်ယောက်လည်း ဘယ်နေ့ ချိန်းရိုက်ကြမလဲ မသိဘူး''

''အင်း...''

''တစ်ခုခုတော့ ထူးသွားနိုင်တယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဘာသဘောလဲဆိုတာ အကျယ်သိရအောင် ပြောပြပါဦးလား''

''ဒီနည်းကို ပဉ္စာဟတီ လို့ခေါ်တယ်။ သူတို့တွေကို အတောင်ပံနဲ့ တဖြန်းဖြန်းရိုက်တာ''

''သူတို့တွေ တဖြန်းဖြန်း ခံရတာပေါ့''

''အင်း...''

''နောက် ဘယ်လိုထူးလဲ''

''အဖြေထွက်မယ်''

''ဟဲ့...ဘယ်လိုထွက်မလဲ။ ပြောစမ်းပါဦး''

''စောင့်ကြည့်ပေါ့''

မိဝါ စိတ်မရှည် ဖြစ်လာသည်။ မျက်လုံးအပြူးသားနှင့် စည်သူ့ကို မကျေမချမ်း စိုက်ကြည့်နေသည်။ စည်သူက သိသော်လည်း မသိသလိုပင်...။

ဖင်မာမိုးက ဝင်မေးသည်။

''စည်သူ...။ နင်က ဘာဖြစ်လို့ ဒီလောက် သွေးအေးတာလဲ''

စည်သူက သူ့စကားကို ချက်ချင်းပြန်မဖြေသေးဘဲ...

''ဒီ...မကျွတ်တာကို ငါ သိပ်ကြည့်မရတော့ဘူး''

''ဘာလဲ မကျွတ်တာ ဆိုတာ''

''ယင်ကောင်''

ကျန်သူတွေ ဝိုင်းရယ်ကြ၏။ စိတ်ကောက်ချင်နေပြီဖြစ်သော မိဝါပင်လျှင် ပြုံးဖြစ်သည်။





သူမတို့တွေ မီးခွက်ဈေးထဲမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်နေကြခြင်းဖြစ်၏။ ဈေးတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖြစ်၍ အထိုက်အလျောက် ယင်ကောင်လာသည်။ လက်ဖက်ရည်သောက်ရင်းတင်မဟုတ်ဘဲ ဟိုဟာသည်ဟာကိုပါ တစ်ဖြုန်စ်ဖြုမှာစားသော စည်သူက...

''ဆိုင်က ဒန္တသောဓနီ ကိုလည်း ချမထားဘူး''

''လုပ်ပြန်ပြီဟာ...။ ဘာလဲ ဒန္တသောဓနီ ဆိုတာ''

''သွားကြားထိုးတံကို ပြောတာ''

ဖင်မာမိုးက စိတ်မရှည်တော့...။

''ငါမေးတာကို ဖြေစမ်းပါ။ နင်က ဘာကြောင့် သွေးအေးနေဘာလဲ။ ဘာကြောင့် ဒီလောက် စိတ်အေးလက်အေး နေတာလဲလို့ မေးတာ''

ထိုအခါကျမှ စည်သူက သူမတို့ကို မကြည့်ဘဲ ဖြေသည်။

''ငါဖြစ်ရပ်က ဘယ်လိုဖြစ်နေလို့လဲ''

''ဟဲ့...လူဆိုတာ ရှန်းကန်ရ ရင်ဆိုင်ရမယ်လေဟာ...။ ကြိုးစား ကျော်ဖြတ်နိုင်ရမယ်''

''အဲဒါဆို ငါ...တစ်ခုပြောပြမယ်''

''ပြော...''

''တစ်ခါက ပင်လယ်ကူးသင်္ဘောကြီးနဲ့ အပန်းဖြေ ထွက်လာတဲ့ သူဌေးကြီးတစ်ယောက်က တံငါသည်တစ်ယောက်ကို အဲ့ဒီလိုပြောမူးဘယ်။ ငါးဖမ်းမထွက်ဘဲ အေးအေးလူလူ ဆေးတံကြီးခဲနေတာကို သူဌေးကြီးက သူနဲ့မဆိုင်ပေမဲ့ စေတနာနဲ့ ဆိုတယ်''

သူ့စကားကို သူမတို့ စိတ်ဝင်စားသွားကြသည်။

''မင်း...ဒီအတိုင်းထိုင်နေမှာလား။ ငါးဖမ်းမထွက်ဘူးလား...တဲ့''

''တစ်နေ့လုံးစာကို မနက်ကတည်းက ဖမ်းလို့ရခဲ့ပြီးပြီ''

''ထပ်ဖမ်းပေးပေါ့''

''ဖမ်းရမယ်...။ ထပ်ဖမ်းရဦးမယ်...။ ဘာလုပ်ဖို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



''ထပ်ဖမ်းတော့ ငါးတွေ ပိုရတာပေါ့။ ပိုက်ဆံတွေပိုရမယ်၊ လှေမှာ စက်တပ်။ အဲ့ဒါဆို ဒီ့ထက် ပိုဖမ်းနိုင်မယ်။ ငွေတွေပိုရပြီး နိုင်လွန်ပိုက်မျိုး တပ်နိုင်မယ်။ ငါးတွေပိုရ၊ ငွေပိုရ၊ ငွေလှေတစ်စီးကနေ နှစ်စီး အို...အများကြီး ထပ်ထပ်တိုးတက်၊ ငါ့လိုသူဌေးကြီး ဖြစ်လာမှာပေါ့''

''အဲ့ဒီတော့ ဘာဖြစ်မလဲ''

''ငါ့လို အေးအေးလူလူ ဇိမ်နဲ့ နေနိုင်မယ်လေ''

''အိုး...ကျွန်တော်ကကော အခု ဘာလုပ်နေလို့ပါလိမ့်...။ အဲ့ဒီလိုပြောပြီး သူ့ဘာသာသူ အေးအေးဆေးဆေးနဲ့ ဆေးတံကြီးကို ဇိမ်နဲ့ ဆက်ခဲနေတယ်တဲ့...''

သူ့စကားအဆုံးမှာ အားလုံးပြုံးဖြစ်ကြသည်။ 'ဟုတ်တော့လည်း ဟုတ်သားပဲ'ဟု တွေးမိရင်း မအောင့်နိုင်သူက ရယ်မိသည်။ ဇင်မာမိုးက...

''တော်ပါပြီ စည်သူရယ်''

''တော်ပါတယ် ဇင်မာမိုးရယ်''

''နှင့်ကိုငါ နိုင်အောင် မပြောနိုင်ပါဘူး''

''သူများကို နိုင်ချင်ရင် ကိုယ်ပင်ပန်းမှာပေါ့''

''နှင့်ကိုငါ အရှုံးပေးပါတယ်''

စည်သူက ပြုံးလျက်...

''အဲ့ဒီစကားကိုက မဟုတ်သေးဘူး''

''ဘာမဟုတ်တာလဲ''

''ငါ...စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်။ တကယ်တော့ အရှုံးပေးတယ်ဆိုတာဟာ ကိုယ့်ကိုအရှုံးပေးပြီး သူက အနိုင်ယူသွားတာပါဘဲ''

ဘယ်လိုမှမနိုင်...။ စည်သူ့ကိုတော့ သူမတို့ လက်မြှောက်ရချေပြီ။

ထိုအချိန်မှာပဲ စည်သူ့မျက်လုံးများက လက်ခနဲ ဖြစ်သွားပြီး





ဆတ်ခနဲ ထရပ်၏။

''နှင်တို့ ဒီကပဲ ငါ့ကို ခဏစောင့်နေ''

ထိုသို့ပြောပြီး ဈေးထဲသို့ တိုးဝင်သွားသည်။ တစ်စုံတစ်ယောက်နောက်လိုက်သည်ဟု ယူဆရသည်။ သူမတို့တွေ နဝတ်မံတောင်နှင့် ကျန်ရစ်ခဲ့ကြသည်။ မျိုးမြတ်စုက...

''တစ်ခုခုတော့ ထူးနေပြီ ထင်တယ်''

ဇင်မာမိုးကလည်း...

''အေး...။ ဘာလဲလို့ ငါ သွားလိုက်ကြည့်ချင်တယ်''

မိဝါက စိတ်မရှည်စွာ ဝင်ပြောသည်။

''အေးအေး...နေစမ်းပါဟာ။ ငါတို့မှာ စည်သူ့ကို စောင့်ရနင့်ကိုပြန်စောင့်ရ ဖြစ်နေရပါဦးမယ်''

သက်မွန်နွယ်ကလည်း 'အေးလေ' ဟု ဝင်ပြောသဖြင့် ငြိမ်သွားသည်။ စည်သူပြန်အလာကိုပဲ စိတ်တမောမောနှင့် စောင့်နေကြရသည်။ နာရီဝက်လောက်ကြာမှ စည်သူ ပြန်ရောက်လာသည်။

မိဝါက...

''စည်သူ...ဘာဖြစ်တာလဲ''

''ဘာမှမဖြစ်ပါဘူး''

''ဘာမှမဖြစ်ဘဲ ခုနက ဘာလုပ်တာလဲ''

''ဘာမှ မလုပ်ပါဘူး''

အီကြာကွေး အကြီးကြီးသာ ရမည်ဆိုလျှင် ထိုအီကြာကွေးကြီးနှင့် စည်သူ့ကို ကိုင်ကိုင်ရိုက်နေချင်တော့သည်။ ကလေးဖက်ခေါင်းအုံးနှင့်ဆိုလျှင်လည်း သင့်တော်သည်။ ယခုတော့ အခြေအနေကမပေး။ စည်သူက ပြောလိုက်သေးသည်။

''မီးခွက်ဈေးဆိုလို့ ငါက မီးခွက်တွေချည်း ရောင်းတဲ့ဈေးလို့ ထင်ခဲ့ဖူးတယ်''

မိဝါ ဆဲထည့်လိုက်သည်။ စည်သူက ပုခုံးတွန့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



“နင့်ကိစ္စကြီး ပြီးဆုံးသွားပါပြီဟ။ ဒီရက်ပိုင်းထဲမှာ မျက်နှာစုံညီ ဖြေရှင်းကြမယ်။ နင်တို့အိမ်မှာပဲ။ နင့်အဖေနဲ့ သူ့သားမက်လောင်း သုံးယောက်ကို ဖိတ်ထားလိုက်”

“ဘာ...။ ဘယ်ကသားမက်လောင်း သုံးယောက်လဲ”

“ပန်းတျာရဲဝင်းရယ်၊ ပန်းတျာ အဲလေ...ဆရာမျိုးသောက်ရယ်၊ ဆရာမြင့်ညိုရှင်ရယ်”

မိဝါ အောင့်သက်သက်နှင့် ငြိမ်ခံနေရသည်။ မတတ်နိုင်။ ပြောလျှင်လည်း ခံရမည်ပဲ။

“သူတို့ကို ခေါ်ထားပြီး ဘာလုပ်ရမှာလဲ”

“ဘာမှမလုပ်ပါနဲ့ဦး။ ငါ လူနှစ်ယောက်ခေါ်ပြီး လာခဲ့မယ်။ အဲ့ဒီမှာ ဖြေရှင်းစရာ ရှိတာတွေကို ဖြေရှင်းပေးမယ်။ အရာအားလုံး ပြီးဆုံးသွားလိမ့်မယ်”

“နင်လာမှာ သေချာတယ်နော်”

“အင်းဝကိုယ်တော်လေးပဲ လာရမှာပေါ့။ ငါကလည်း အကြွေး ဝင်နေတယ်”

စိတ်မဆိုးနိုင်တော့ပါ။ မိဝါ လွတ်လပ်ပေါ့ပါးစွာ ရယ်မိသည်။ အားလုံးလိုက်ရယ်ကြသည်။ မျိုးမြတ်စုက...

“နေ့တွေ၊ ရက်တွေ အသေအချာရွေးဦးနော်”

“နင်ကလည်း တစ်မျိုး၊ ဟိုမှာ ဗေဒင်ဆရာကြီးနှစ်ယောက်လုံး ပါတယ်”

ရယ်မောပျော်ရွှင်ကြရသည်။ ထို့နောက် သက်မွန်နွယ်က...

“ကဲ...မိဝါ။ နင် စည်သူနဲ့ စကားပြောနှင့်ဦး။ ငါတို့သုံးယောက် ဈေးထဲ ဝင်လိုက်ဦးမယ်”

ထိုသို့ပြောပြီး ထွက်သွားကြ၏။ မိဝါနှင့်စည်သူပဲ ကျန်ခဲ့သည်။ မိဝါက စည်သူ့ကို ဤအခါတွင်တော့ စကားကောင်း ပြောပါသည်။

“စည်သူ”





“ပြော...”

“နင်လည်း ကြားရင် ကြားဖူးမှာပေါ့။ နိုင်ငံခြား ပညာရေး လောကမှာ စကားတစ်ခွန်းရှိတယ်”

“အင်း”

“တွန့်ရင် ဇီဝဗေဒ၊ နံ့ရင် ဓာတုဗေဒ၊ ဘာမှမလုပ်ဖြစ်ရင် ရူပဗေဒ၊ နားမလည်ဆိုရင် သင်္ချာတဲ့”

“အဲ့ဒါ ဘာဖြစ်လဲ”

“သြော်...နင်ဟာ ငါ့အတွက်တော့ သင်္ချာပါပဲဟာ။ နားမလည်နိုင်လို့”

စည်သူက ဘာမှပြန်မပြောဘဲ ပြုံးစိစိလုပ်နေသည်။ မိဝါကပဲ ထပ်ပြောဖြစ်သည်။

“စည်သူ...။ နင့်ကိုငါ တစ်ခုမေးပါဦးမယ်”

“အင်း”

“နင်...အခုသုံးတဲ့ ထောက်လှမ်းရေးနည်းတွေက ရှေးခေတ် ထောက်လှမ်းရေးနည်းတွေလား”

“အင်းဝခေတ်က နည်းတွေ ဖြစ်မှာပေါ့”

“အတည်ပြောစမ်းပါဟာ...။ နင်ကလဲ”

စည်သူက ကြည်ကြည်လင်လင် ပြုံးရယ်လိုက်ရင်း...

“ရှေးဟောင်းကဗျာလင်္ကာနည်းစနစ်တွေပါဟာ။ ငါက ထောက်လှမ်းရေးနည်းလို့ သုံးသွားတာ”

မိဝါ အံ့သြသွားမိ၏။ စည်သူ့ ဉာဏ်စွမ်းကိုလည်း စိတ်ထဲမှ ကြိတ်ချီးကျူးမိ၏။

“စည်သူ”

“ပြောလေ...”

“ငါ့ကို နည်းနည်းသင်ပေးပါလား”

“ဘာလုပ်မလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



''တတ်ထားတော့ ကောင်းတာပေါ့ဟာ။ နင့်လိုမျိုး အသုံးချနိုင်တာပေါ့''

စည်သူက ပြုံးတငွေ့ငွေ့ မျက်နှာနှင့်ပဲ...

''ရပါတယ်''

''ဒါဆို...အခု နည်းနည်း ကြိုသင်ပေးထား''

''ရပါတယ်''

သက်မွန်နွယ်တို့ အုပ်စုက အတော်ကြာမှ ပြန်ရောက်လာသည်။ သက်မွန်နွယ်က...

''ကဲ...ကိစ္စတွေ ပြီးပြီဆိုရင် ပြန်ကြမယ်''

''ပြန်တာက ဟုတ်ပါပြီ။ ငါ့ကို ပြန်လိုက်ပို့ပေးကြ။ ငါ မပြန်တတ်ဘူး''

''ရပါတယ်''

စည်သူ့စကားနှင့် သက်မွန်နွယ်၏ အပြေကြောင့် မိဝါ ထရယ်မိလေသည်။





(၁၆)

ပထမဆုံး စိတ်ညစ်ရသူက ဦးနီကို ဖြစ်သည်။

''သမီးရယ်...။ ဘာလုပ်မလို့တုန်း''

''ဖေဖေကလည်း သမီးတောင်းဆိုတဲ့အတိုင်း လုပ်ပေးစမ်းပါ''

''ဖေဖေက အဲ့ဒီဗေဒင်ဆရာနှစ်ယောက်ကို ခေါ်ပြီး ဘာလုပ်ရမှာတုန်း''

''ဖေဖေ ဘာမှလုပ်စရာ မလိုပါဘူး။ သူ့ဘာသာသူ ကိစ္စပြီးသွားလိမ့်မယ်''

''ဒီအိမ်ထဲမှာ ခါးတော့ ထခုတ်ကုန်ရင် ဘယ်လိုလုပ်မလဲ''

မိဝါ ခစ်ခနဲ ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကပ်မနေပါနဲ့ ဖေဖေရယ်။ ကိုရဲဝင်းကိုလည်း ဖိတ်မယ်ဟာပဲ''

''အေး...။ အဲ့ဒီနှစ်ယောက် ခါးချင်းခုတ်တဲ့ကြားမှာ သူက ဘင်္ကနေရင် ပိုခက်မယ်''

စိတ်ညစ်နေသော ဖေဖေ့ကို ကြည့်ပြီး မိဝါ ရယ်ရပြန်သည်။

မေမေကတော့ စိုးရိမ်ပူပန်နေသည်။

''မိဝါရယ်...။ ငါကတော့ ကြောက်သလိုပဲ''

''မကြောက်ပါနဲ့ မေမေရယ်။ ဒီကိစ္စကြီး ပြီးသွားဖို့က ဒီလိုလုပ်မှ ဖြစ်မှာ...''

''ဟိုတစ်ယောက်က ရှိသေးတယ်လေ''

''ဘယ်က ဟိုတစ်ယောက်လဲ''

''အင်းဝခေတ်က ဆိုတာလေ''

''သြော်...အင်း။ သူလည်းလာမှာ''

''မြတ်စွာဘုရား...''

မေမေက တစ်ခြား ဘယ်ကိုထုရမည်မှန်းမသိ၍ ရင်ဘတ်ကိုပဲ ထုသည်။

ဘယ်လိုပဲဖြစ်စေဖြစ်စေ နောက်ဆုံးတော့ မိဝါစကားက အောင် သွားပါသည်။ ထိုသော သက်ဆိုင်သူသုံးယောက်ကို ဖေဖေက တစ်နေ့ တည်း၊ တစ်ချိန်တည်းမှာ ဆိုင်ချိန်းလိုက်ပါသည်။ မေမေက အတွေး ခေါင်နေပါသေး၏။

''ဒီသုံးယောက်မှာ တစ်ယောက်က ပုဂံခေတ်၊ တစ်ယောက်က ကုန်းဘောင်ခေတ်၊ တစ်ယောက်က လက်ရှိခေတ်၊ ဟိုတာက်ကနေ အင်းဝ ဘွားက လာဦးမယ်။ သူတို့ကို ဘာကျွေးရပ့်မလဲ''

သူပြောမှ ဖေဖေနှင့် မိဝါလည်း အူကြောင်ကြောင် ဖြစ်သွား သည်။ မေမေပြောတာ ဟုတ်လည်း ဟုတ်နေသည်။ ခဏကြာမှ ဖေဖေ စိတ်မရှည်သံဖြင့်...

''ဒန်ပေါက် မှာကျွေးလိုက်ကွာ။ မစားဘူးသူတွေလည်း စားဘူး





သွားမှာပေါ့''

မိဝါက ဝင်ပြောရသည်။

''မေမေကလည်း ဘယ်ဘဝက လာလာ လက်ရှိခေတ်ရောက် နေတဲ့ လူတွေချည်းပါပဲ။ ဘာကျွေးကျွေး ရပါတယ်''

ထိုအခါကျမှ လက်စွမ်းပြချင်နေသော မေမေက...

''ဒါဆို ငါ...သူတို့ကို မုန့်ဟင်းခါး ချက်ကျွေးလိုက်မယ်''

ဖေဖေက အပြတ်အသတ်ထောက်ခံသည်။

''ကောင်းတယ်...။ ဒါမှ သူတို့ ပြန်ပြေးကြမှာ''

နောက်ဆုံးတော့လည်း ထိုနေ့၊ ထိုအချိန်သို့ ရောက်လာခဲ့ သည်ပဲ။

ပထမဆုံး အိမ်ထဲရောက်လာသူက ဆရာမိုးသောက်ဖြစ်သည်။

''ကြွပါရှင်...ကြွပါ''

သူ့ဆီမှာ ဧဒင်မေးဖူးသော မေမေက ခရီးဦးကြိုပြုသည်။

ဆရာမိုးသောက်က ဟိတ်ဟန်တစ်ခွဲသားဖြင့် ခေါင်းတစ်ချက် ညိတ်ပြပြီး ဧည့်ခန်းကို အကဲခတ်သလို ကြည့်သည်။ ပြီးမှ သူ့အတွက် ကြိုလ်စီး၊ ကြိုလ်နှင်း ကောင်းမည့် ခုံတွင် ဝင်ထိုင်သည်။

ဆေးတံကြီးခဲကာ သူ့ကို အကဲခတ်သလို ကြည့်နေသော ဖေဖေ့ကို ပြုံးပြသည်။ ဖေဖေကလည်း အိမ်ရှင်၊ ဖိတ်ကြားသူ ပီသစွာ သူ့ကို ပြန်ပြုံးပြသည်။ (မိဝါက အတွင်းခန်းထဲမှ ချောင်းကြည့်ရင်း မြင်နေရခြင်း ဖြစ်သည်။)

ဒုတိယရောက်ရှိလာသူက ဆရာမင်းညိုရှင် ဖြစ်သည်။

''ကြွပါခင်ဗျာ...ကြွပါ''

သူ့ဆီမှာ ဧဒင်မေးဖူးသော ဖေဖေက ခရီးဦးကြိုပြုသည်။

ဆရာမင်းညိုရှင်က ဣန္ဒြေအပြည့်ဖြင့် ပြုံးပြပြီး အခန်းတွင်း ဝင်သည်။ ဆရာမိုးသောက်ကိုတွေ့တော့ မျက်နှာတင်းမာသွားပြီးအခါကို တွက်သည်။ (ဆရာမိုးသောက်ကလည်း ထိုသို့ပင် ဖြစ်လိမ့်မည်) ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းညို့ရှင်က သူနှင့် နက္ခတ်သင့်ရာခုံတွင် ဝင်ထိုင်သည်။

တစ်ယောက်ကိုတစ်ယောက် မလိုတမာမျက်လုံးများဖြင့် စောင်းငဲ့ကြည့်ကြသေးသည်။ ချောင်းကြည့်ရှင်း မိဝါ ရယ်ချင်ဇနသည်။

တတိယရောက်ရှိလာသူက ပန်တျာရဲဝင်း ဖြစ်၏။ သူကတော့ အံမခန့် ရင်းနှီးပြီးသားဖြစ်၍ သူ့ဘာသာ အေးအေးသက်သာ ဝင်လာသည်။ ညှိခန်းတွင်းရောက်တော့ ခန့်ခန့်ကြီးထိုင်နေသော သူစိမ်းနှစ်ဦးကို တွေ့ပြီး မျက်မှောင်ကြုတ်သွားသည်။ မေးခွန်းထုတ်သော မျက်လုံးများနှင့် မေမေ့ကို လှမ်းကြည့်သည်။ မေမေက အဓိပ္ပါယ်ပါပါ ခေါင်းညိတ်ပြသည်။

ပန်တျာရဲဝင်း သဘောပေါက်သည်။ `လက်စသပ်တော့ ဒင်းတို့ကို' ဟူသော မျက်လုံးများဖြင့် နှစ်ယောက်စလုံးကို ကြည့်သည်။ ထို့နောက် ပရိသတ်ကောင်းကောင်းမြင်ရမည့် ခုံတွင် ဝင်ထိုင်သည်။

ညှိခန်းထဲတွင် ခေတ္တတိတ်ဆိတ်နေသည်။ ခဏကြာတော့…

''ဦးရီးတော်…ခင်ဗျား''

''ဦးရီးတော်…ခင်ဗျား''

ဗေဒင်ဆရာနှစ်ယောက်ထံမှ ထွက်လာခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်ကြသည်။ ပြီးမှ ဖေဖေ့ကို ဦးတည်ကာ ဆက်ပြောသည်။

''တူတော်မောင်တို့ကို ဖိတ်ကြားရတဲ့ ကိစ္စကို…''

''တူတော်မောင်တို့ကို ဖိတ်ကြားရတဲ့ ကိစ္စကို…''

တစ်ယောက်ကို တစ်ယောက် မိုက်ကြည့် လှည့်ကြည့်ကြသည်။

''အမိန့်ရှိတော်မူပါ''

''အမိန့်ရှိတော်မူပါ''

ထိုလေယူလေသိမ်းများကို ကြားရတော့ ပန်တျာရဲဝင်းကလည်း နှစ်ပါးသွား `က' ချင်စိတ် ပေါက်လာသည်။

ဖေဖေက…

''ဒီလိုပါ…။ ခင်ဗျားတို့က ကျွန်တော့်သမီးရဲ့ ဘဝဟောင်းက





မုဆိုးစာရှင်တွေလို့ ပြောကြတယ်''

''ဟုတ်ပါတယ် ခင်ဗျ''

''ဟုတ်ပါတယ် ခင်ဗျ''

''ဘယ်သူလဲ''

''ကျွန်တော်ပါ''

''ကျွန်တော်ပါ''

နှစ်ယောက်လုံးက တစ်သံတည်းဖြစ်နေ၍ ဖေဖေ စိတ်ညစ်သွားသည်။

''ကဲ…ကဲ…။ ပုဂံခေတ်က လူက စပြောပါ။ ဖြစ်ပုံ ပျက်ပုံကို ပေါ့''

ထိုအခါ ဆရာမိုးသောက်က ခရားရေလွှတ် တတွတ်တွတ် ပြောတော့၏။ သူနှင့်မိဝါသည် ချစ်သူတွေဖြစ်ကြောင်း၊ အကြောင်းမလှ၍ မပေါင်းခဲ့ရကြောင်း၊ နောင်ဘဝမှာ ပေါင်းရဖို့အတွက် ဘုရားမှာ ခေါင်းလောင်းထိုး၍ သစ္စာဆိုခဲ့ကြောင်း၊ ယခုဘဝမှာ ပြန်ဆုံရကြောင်း…။

ဖေဖေက…

''နေပါဦး…။ အဲဒါတွေကို ခင်ဗျားက ဘယ်လိုသိသတုန်း''

''ကျွန်တော့်ရဲ့ ဂမ္ဘီရ ပညာအရပါ''

ဖေဖေက ပင့်သက်ရှိုက်၏။ ပြီး…ဆရာမင်းညို့ရှင်ဘက် လှည့်ကာ…

''ကဲ…ကုန်းဘောင်ခေတ်က လူကလည်း ပြောပါဦး''

ဆရာမင်းညို့ရှင်ကလည်း နွားငတ်ရေတွင်းထဲကျသလို ပြော၏။ ခက်သည်က သူပြောတာကလည်း ဆရာမိုးသောက်ပြောပုံနှင့် တစ်ထေရာတည်း။ ဖေဖေ့ခမျာ ဆေးတံကြီးကိုသာ ဖွာနေရသည်။ ဖေဖေက ဘာမှ ဆက်မမေးတော့သောအခါ သူတို့က မေမေ့ကို လှမ်းမေး၏။

''နှမတော်လေးကော မရှိဘူးလား''

မေမေကလည်း ယောင်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ရှိ...ရှိပါတယ်။ ထွက်လာတော် မူတော့မှာပါ"

ပြီး...အတွင်းခန်းဘက်လှည့်၍

"သမီးရေ..."

မိဝါက ရှဲ့ချင်သဖြင့်...

"ရှင်...မယ်မယ် ဘုရား"

ထိုအခါကျမှ မေမေ သတိဝင်လာပြီး...

"အေး...။ အပြင်ထွက်လာခဲ့ဦး"

မိဝါက ဘာမှမထူးဆန်းသလိုအမူအရာဖြင့် ထွက်သွားပြီး မေမေ့နံဘေးမှာ ထိုင်သည်။ ဒင်းတို့အားလုံး ငမ်းအားတစ်ထောင်မျက်လုံးဖြင့် မိဝါကို လှမ်းကြည့်ကြ၏။

ကျန်သူနှစ်ယောက်ကို ကြည့်ရပုံမပေါ်သော ပန်တျာရဲဝင်းက မိဝါကို လှမ်းမေးသည်။

"အင်းဝခေတ် ဘဝဟောင်းက ချစ်သူကော..."

"လာလိမ့်မယ်"

"စီးတော်မြင်းနဲ့လား..."

"ဘတ်စ်ကားနဲ့"

"နောက်ကျနေပါလား"

"လာတော်မူပါလိမ့်မယ်"

ထိုစဉ်မှာပဲ...

အိမ်ဝမှာ လူတစ်ယောက် လာရပ်သည်။ လှမ်းကြည့်ပြီး အားလုံး ကြောင်အမ်းအမ်းဖြစ်သွားသည်။ မိဝါ၏ ရင်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွား၏။ သူမ မှတ်မိပါသည်။

အဘွားကြီး...။

သူမကို ကြွေဗေဒင်ဟောလိုက်သည့် အဘွားကြီး...။

အဘွားကြီးက အိမ်ပေါက်ဝမှာ ငူငူကြီး လာရပ်နေသည်။

သို့သော် သူမကို လူတစ်ယောက်က နောက်မှ တွန်းသွင်း





လိုက်သဖြင့် အဘွားကြီး အိမ်ထဲသို့ ရောက်လာသည်။ အဘွားကြီး၏ နောက်မှာ လူတစ်ယောက်။ ထိုလူကို မိဝါ မမြင်ဖူးပါ။ သို့သော်လည်း ပန်တျာရဲဝင်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်းက ဒီကို ဘာလာလုပ်တာလဲ"

"သူ...ခေါ်လာလို့"

နောက်သို့ လက်ညှိုးထိုးပြ၏။ ထိုလူ့နောက်မှာက...

စည်သူ...။

မိဝါ ဝမ်းသာသွားသည်။

"နောက်ကျလိုက်တာ အင်းဝကိုယ်တော်လေးရယ်"

"ဘတ်စ်ကားက ဆင်း...ဆင်း တွန်းနေရလို့"

သူတို့သုံးယောက်လုံး အိမ်ထဲရောက်လာသည်။ မိဝါက ခုံစီစဉ်ပေး၏။ အင်းဝခေတ်က လာသည်ဆိုသော စည်သူ့ကို ဖေဖေ ပုံမှန်မျက်လုံးနှင့်ကြည့်သော်လည်း မေမေက ပြူးဝိုင်းသော မျက်လုံးနှင့် ကြည့်၏။ ပန်တျာရဲဝင်းတို့ သုံးယောက်က သံပြိုင်ပင်...

"မင်းကိုး..."

ပန်တျာရဲဝင်းကတော့ သူ့ကို လာပြောင်သော မျက်နှာရှုံ့အဖြစ် စည်သူ့ကို မှတ်မိနေပြီး ကျန်နှစ်ယောက်ကတော့ သူတို့ကို ကျောက်သင်ပုန်းနှင့် ကျောက်တံလာပေးပြီး အရှက်ခွဲသော သကောင့်သားအဖြစ် စည်သူ့ကို မှတ်မိသည်။ မိဝါက စည်သူ့ကို ဖေဖေ၊ မေမေတို့နှင့် မိတ်ဆက်ပေးလိုက်၏။

စည်သူက...

"ဦးတို့၊ ဒေါ်ဒေါ်တို့ ဒီကိစ္စကြီးနဲ့ ပတ်သက်ပြီး ဘော်ဘော် စိတ်ညစ်နေပြီလား"

ဖေဖေက ခေါင်းညိတ်ရုံ ညိတ်ပြသော်လည်း မေမေ...

"စိတ်ညစ်ပါသကော...အင်းဝကိုယ်တော်လေးရယ်"

စည်သူက ပြုံးရယ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



``ကျွန်တော့်နာမည် စည်သူမင်းပါ``

ထို့နောက် ဆက်၍...

``ဘာမှ စိတ်မညစ်ပါနဲ့တော့။ ပြီးသွားပါပြီ။ ဒီကိစ္စက ဆင်ကွက်ကြီးပါ``

မေမေ့ကိုယ်က ရှေ့သို့ ဆန့်ကိုင်း ထွက်လာ၏။

``ဟင်...ဆင်ကွက်ကြီး။ ဟုတ်လား``

``ဟုတ်ပါတယ်...။ လုပ်ဇာတ်ကြီးပါ။ တကယ်မဟုတ်ပါဘူး``

ပုဂံခေတ်မှလာသော ကိုယ်စားလှယ်နှင့် ကုန်းဘောင်ခေတ်မှ လာသော ကိုယ်စားလှယ်တို့ မျက်စိမျက်နှာ အကြီးအကျယ်ပျက်နေကြ၏။

မေမေက တအံ့တသြနှင့်...

``ရှင်း...ရှင်းစမ်းပါဦး အင်းဝကိုယ်တော်လေးရယ်``

စည်သူ ရယ်လေသည်။

``မဟုတ်ပါဘူး...။ ကျွန်တော်ကလည်း မစပယ်ဝါရဲ့ အင်းဝခေတ်က ကွဲခဲ့တဲ့ ချစ်သူဆိုတာ မဟုတ်ပါဘူး။ ဟို ပုဂံကြီးတွေ...၊ ကုန်းဘောင်ကြီးတွေ ဆိုတာလည်း မဟုတ်ပါဘူး။ အဲ့ဒါတွေက ပြဇာတ် တစ်ပုဒ်အတွက် ခင်းကျင်းပြင်ဆင်မှုတွေပါ။ သူတို့ရဲ့ စမ်းသပ်မှုပါ``

``နားမရှင်းဘူး``

စည်သူက သူခေါ်လာသောသူကို လက်ညှိုးညွှန်ပြပြီး...

``သူက ပြဇာတ်ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာပါ။ နွားထိုးကြီး မောင်မောင်လို့ ခေါ်တယ်``

ပန်တျာရဲဝင်းက မျက်မှောင်ကြုတ် နေလေသည်။ ဖေဖေ ကလည်း အခြေအနေကို မျက်ခြေမပြတ် အကဲခတ်စောင့်ကြည့်နေသည်။

စည်သူက နွားထိုးကြီးမောင်မောင်ကို...

``ကဲ...ခင်ဗျားပဲ ဆက်ရှင်းပြလိုက်ဗျာ``

နွားထိုးကြီးမောင်မောင်က...

``ဒီလိုပါ...။ ကျွန်တော်က ပန်တျာရဲဝင်း ဇာတ်သဘင်အဖွဲ့ကြီး





အတွက် ထူးခြားတဲ့ ပြဇာတ်တစ်ပုဒ်တင်ဖို့ စိတ်ကူးရှိပါတယ်။ ဇာတ် အသွားအလာ ခု ဖြစ်ပျက်တဲ့ အတိုင်းပါပဲ။ ကောင်မလေးတစ်ယောက်ကို ဘဝဟောင်းက ချစ်သူဆိုသူနှစ်ယောက်က [illegible] ဘမ်းကျတော့ မဟုတ်ပါဘူး။ လုပ်ဇာတ်ပါ။ ကောင်မလေးကို [illegible] သဘောတူတဲ့ သူက လုပ်တာပါ။ ကောင်မလေးက သူ့ကို ငြင်းပြင်း နေလို့ သူ့ဘက်ကို ပြန်ဦးလှည့်လာအောင် လုပ်တာပါ။ သူ့အစီအစဉ် အောင်မြင်သွားပါတယ်။ ဟိုနှစ်ယောက်ကို ကြောက်တာနဲ့ပဲ သူ့ကို အားကိုးတကြီးဖြစ်ပြီး နောက်ဆုံး ချစ်သူတွေအဖြစ် ပေါင်းဖက်သွား ကြပါတယ်။ ဇာတ်လမ်းက အဲ့ဒီလိုပါ။ အဲ့ဒီဇာတ်ကို စင်မတင်ခင် ကျွန်တော်က အပြင်မှာ စမ်းကြည့်တာပါ``

``အဲ့ဒါ တစ်ခြားမိန်းကလေးကို သွားလုပ်ပါလားကွယ်။ ဘယ့်နှယ့် ငါ့သမီးကိုမှ လာလုပ်ရတာလဲ``

``အဟဲ့...။ အဲ့ဒါက ကျွန်တော့်ဆရာ ပန်တျာရဲဝင်းကို ကူညီ ချင်လို့ပါ``

ပန်တျာရဲဝင်းက ဝင်ပြောသည်။

``နေပါဦး မောင်မောင်။ သူတို့က ဘယ်သူတွေလဲ``

အဘွားကြီးနှင့် ဗေဒင်ဆရာနှစ်ယောက်ကို ကြည့်ပြီး မေးခြင်း ဖြစ်သည်။

``သူတို့က နောက်နှစ် ကျွန်တော်တို့ဇာတ်ထဲမှာ ထည့်သုံးဖို့ ကျွန်တော်ရွေးထားတဲ့ သရုပ်ဆောင်သစ်တွေပါ။ သူတို့ချင်းလည်း မသိကြ ပါဘူး။ ဒီလို ကျွန်တော် ဇာတ်လမ်းဆင်နေတာမှန်းလည်း မသိကြပါဘူး။ ကျွန်တော်က သူတို့ရဲ့ သရုပ်ဆောင်စွမ်းရည်ကို အကဲခတ်မယ်၊ အပြင်မှာ ဒါတွေ ဒီလို အရင်စမ်းလုပ်ကြည့်စမ်းဆိုပြီး ခိုင်းထားတာပါ``

``ဒီစမ်းသပ်မှုအတွက် ငွေတွေကို မင်း ဘယ်ကရှာသလဲ``

နွားထိုးကြီး မောင်မောင်က သွားဖြဲလေးနှင့် ပြန်ပြော၏။

``အဟဲ့...။ ပြီးခဲ့တဲ့ ပွဲရိုသုံးခွင်စာ ဆရာ့ကို ကျွန်တော် ပြန်မပေး



www.burmeseclassic.com

www.burmeseclassic.com



ရသေးဘူးလေ''

''မင်း…''

ပန်တျာရဲဝင်း အဝေါ်ဒေါ်သထွက်သွားပုံ ရသည်။ ဘေးလူတွေသာမရှိလျှင် နွားထိုးကြီး မောင်မောင်က ပြောင်းပြန်လန်ပြီး မောင်မောင်နွားထိုးကြီး ဖြစ်သွားနိုင်သည်။

နွားထိုးကြီးမောင်မောင်က မျက်နှာငယ်လေးနှင့် ပြောသည်။

''ဒီ…အတိုင်းဆိုရင် ကျွန်တော့်အစီအစဉ်က အောင်မြင်နိုင်ပါတယ် ဆရာရယ်။ ဒီကောင် စည်သူ့ကြောင့် ပျက်သွားတာပါ။ ကျွန်တော်က ပုဂံနဲ့ကုန်းဘောင်ဆိုပြီး နှစ်ယောက်တည်းကို အားပြိုင် ထည့်ထားတာကို ဒီကောင်က အင်းဝဆိုပြီး ကန့်လန့်ကန့်လန့် ဝင်လာတော့ ဇာတ်ရှုပ်ကြီးဖြစ်ပြီး ပေါ်သွားတာ''

စည်သူက ရယ်၏။ မိဝါကို ဦးတည်ပြီး ပြောသည်။

''ဒီလို မိဝါရဲ့''

သူ့ ရှင်းချက်ကို နားမထောင်၍လည်း မဖြစ်ချေ။ အခန်းထဲမှာ ရှိသမျှသူ အားလုံး မိဝါဖြစ်ကုန်ကြ၏။

''ဒီကိစ္စကြီး နင် ငါ့ကို လာပြောကတည်းက မဖြစ်နိုင်ဘူးလို့ ထင်ကြောင်း နင့်ကို ငါပြောပြီးပြီ။ တစ်ဆက်တည်းမှာ ငါတွေးမိတာက ဒီအသွားအလာကြီးဟာ ပြဇာတ်ဆန်နေတယ် ဆိုတာကိုပဲ''

နွားထိုးကြီးမောင်မောင်က အားလုံးကို လှည့်ပြုံးပြ၏။ ချစ်စရာကောင်းသော အပြုံးတော့ မဖြစ်။ နားဘန်ပိတ်ကျင်းပစ်စရာကောင်းသော အပြုံးမျိုးပင်။

စည်သူက ကြွေပဒေဝင်ပစ်သော အဘွားကြီးကို မေးဆတ်ပြပြီး…

''သူ့ကို စမ်းသပ်ကြည့်တော့ သူဟာ မှုမမှန်မှန်း ငါရိပ်မိလိုက်တယ်။ သူ့ကို ကြွေပဒေဝင်ဟောခဆိုပြီး ငါပေးတဲ့နေရာမှာ သူ့လက္ခဏာကို မြင်ရအောင် ပေးခဲ့တယ်။ တစ်ခြားအချက်တွေအရလည်း သူဟာ အစီအစဉ်တစ်ခုခုနဲ့ လှုပ်ရှားသူမှန်း ငါသိလိုက်တယ်။ အဲဒါနဲ့





သူ့ကိုစစ်မေးတော့ နွားထိုးကြီးမောင်မောင်က ခိုင်းတာမှန်း ငါသိလိုက်တယ်။ သြော်…ပြောရဦးမယ်။ ငါက လက္ခဏာဝေဒင်ကို အထိုက်အလျောက် နားလည်တယ်''

''အဲဒါနဲ့ပဲ ပုဂံနဲ့ကုန်းဘောင်ကြားမှ အင်းဝဆိုပြီး ကပ်ပြီးကြီးရဲ့ အကူအညီနဲ့ လုပ်ချလိုက်တော့ သူတို့ချင်း ရှုပ်ကုန်တယ်။ ဘယ်လိုတွေဖြစ်ကုန်တာလဲဆိုပြီး ဒီသုံးပွင့်ဆိုင် အခင်းဖြစ်ပွားမှုကြီးကို ပုဂံကလည်း နွားထိုးကြီး မောင်မောင်ကို သွားမေးတယ်။ ကုန်းဘောင်ကလည်း သွားမေးတယ်။ ပုဂံကလည်း ကုန်းဘောင်ကို မသိ၊ ကုန်းဘောင်ကလည်း ပုဂံကို မသိ။ ပုဂံနဲ့ ကုန်းဘောင်ကို သိတဲ့ နွားထိုးကြီးမောင်မောင်ကလည်း အင်းဝက ဘယ်လိုပေါ်လာမှန်းမသိ။ ဒါပေမဲ့ ငါကတော့ အဖြေကို လုံးဝ သိသွားတယ်''

''ပုဂံနဲ့ကုန်းဘောင်က နွားထိုးကြီး မောင်မောင်နဲ့ မီးခွက်ဈေးတစ်နေရာမှာ ဆက်သွယ်ကြတာကို ငါ့ကျောင်းက ဘုန်းကြီးကျောင်းသားလေးတွေက ပြန်ပြောပြကြတယ်လေ။ ငါက သူတို့လေးတွေကို ပုဂံနဲ့ကုန်းဘောင်နောက် လိုက်ပြီး စောင့်ကြည့်ခိုင်းထားတာ''

''ဒီလိုနဲ့ မီးခွက်ဈေးတစ်နေရာမှာ နွားထိုးကြီးမောင်မောင်ကို ငါဝင်တွေ့ပြီး ဒီကို ခေါ်လာလိုက်တော့ အကုန်ရှင်းသွားပြီပေါ့''

မိဝါစိတ်ထဲမှာ ပေ့ါသွားသည်။ ဖေဖေကတော့ ခေါင်း တညိတ်ညိတ်နှင့် ပြုံး၏။ မေမေကလည်း မျက်နှာငယ်ကြီး လုပ်ကာ…

''သြော်…ဒီလိုကိုး။ ကျေးဇူးပါပဲ အင်းဝကိုယ်တော်လေးရယ်''

''ဟာ…လုပ်ပြန်ပြီ''

စည်သူနှင့် မိဝါ ပြိုင်တူ ရယ်မောလိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(အပိတ်)

မင်းကိုမင်း သိရဲ့လား
အပြန်အလှန် စဉ်းစား
အထပ်ထပ် စဉ်းစား
မင်းကိုမင်း သိရဲ့လား

သေချာတာ တစ်ခုတော့ ရှိတယ်
မင်းကို ငါ သိတယ်။





(၁၇)

BURMESE CLASSIC .com

ဘီလီယက်ခုံရှေ့မှာ ကျူတံကို ကိုင်ပြီး ဘောလုံးကို သေသေချာချာချိန်နေတုန်း ကစားဖော်က လှမ်းပြောသည်။

''စည်သူ...။ ဟိုအန်တီကြီးက မင်းကို လှမ်းခေါ်နေတာ ထင်တယ်''

လှည့်ကြည့်လိုက်တော့ ဒေါ်ရွှေဝါဖူး။ လမ်းပေါ်ကနေ လှမ်းခေါ်နေသည်။

''အေး...ငါ့အသိကွ။ ငါ ခဏသွားလိုက်မယ်''

ကစားဝိုင်းမှနေ သူပြောသည့် ဟိုအန်တီကြီးဆီ လျှောက်သွားလိုက်သည်။

''ဒေါ်ဒေါ် ဒီရပ်ကွက်ထဲကို ဘာလာလုပ်တာတုန်း''

''မင်းဆီကို လာတာကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား...။ ကိစ္စရှိလို့လား''

''ရှိတယ်...။ ကိစ္စမှ အကြီးကြီးပေါ့ကွယ်''

''ဟင်...ဘာတွေများ ဖြစ်လို့တုန်း''

''မောင်ရဲပင်းက မိဝါကို လာပြီး တောင်းရမ်းတော့မယ်''

''ဟုတ်လား''

''အေး...။ အဲ့ဒါ မိဝါက မောင်ရဲဝင်းကို လက်မထပ်ချင်ဘူး။ မင်းကိုပဲ ယူမယ်တဲ့''

စည်သူ ခေါင်းကုတ်မိသည်။

''မိဝါက ကျွန်တော့်ကို ယူမလို့...။ ဟုတ်လား''

''အေး...''

''ယူပြီး သူက ဘာလုပ်မလို့လဲ''

''ဟေ...''

ဒေါ်ရွှေဝါဖူး အပြောရခက်သွားသည်။ ခပ်အမ်းအမ်းဖြစ်သွားပြီးမှ တစ်မျိုးလှည့်ပြောရသည်။ ဒင်းက အင်းဝကိုယ်တော်လေး ဆိုတော့လည်း စိတ်ရှည်သီးခံရမည်။

''သူက မင်းနဲ့ပဲ လက်ထပ်ချင်တယ်ကွယ်။ မင်းတို့ လူငယ်ချင်းကိစ္စ မင်းတို့ပဲ သိမှာပေါ့...။ မင်းက မိဝါကို မချစ်ဘူးလား''

''ချစ်တာပေါ့...။ စတွေ့ကတည်းကကို ချစ်တာ''

''အဲ့ဒါဆို မင်း မိဝါကို ခိုးပြေးပေတော့''

စည်သူ တွေဝေသွားသည်။ ဒေါ်ရွှေဝါဖူးက အားမလို အားမရနှင့်...

''မင်း...မလုပ်ရဲဘူးလား''

''လုပ်ရဲပါတယ်။ စဉ်းစားနေတာ...''

''ဘာကို စဉ်းစားနေတာလဲ''

''အဲ့ဒီလို ခိုးပြေးရင် မိဝါက ခိုးရာပါပစ္စည်းကြီး ဖြစ်သွားမှာပေါ့''

''ဟောတော်...''





ဒေါ်ရွှေဝါဖူး ငိုချင်သွားသည်။ သို့သော်လည်း...

''ကဲ...ကဲ...နောက်မှဝင်ခဲ့ [illegible] အပိုးတွေနဲ့''

''ဘယ်မှာလဲ''

''လမ်းထိပ်မှာ''

''သြော်...အင်း...ဟုတ်ကဲ့။ ခဏလေး''

ဘိလိယက်ခုံဆီ ပြန်သွားပြီး ကစားဖော်ကို ပြောရသေးသည်။

''ပွဲကို ဒီအတိုင်းသာ သိမ်းလိုက်တော့ကွာ''

''မကစားတော့ဘူးလား''

''အေးကွာ...။ မိန်းမခိုးစရာ ရှိသေးလို့''

''ဟေ...''

ဒေါ်ရွှေဝါဖူးကို ခိုးမည်ဟုများ ထင်သလားမသိ။ မျက်လုံးပြူးကြီးဖြင့် ကြည့်ကျန်ရစ်သည်။ ထင်လည်း မတတ်နိုင်ချေ။

လမ်းထိပ်မှာ မိဝါက အထုပ်အပိုးတွေနှင့် စောင့်နေသည်။ စည်သူ့ကိုတွေ့တော့ မျက်နှာက ရှက်ကိုးရက်ကန်းနှင့် တစ်မျိုးကလေး ဖြစ်နေသည်။ ဒေါ်ရွှေဝါဖူးက တိုးတိုး တိုးတိုးနှင့် ဘာတွေမှာမှန်းမသိ ကပ်မှာသည်။ ပြီး...

''ဟဲ့...မောင်စည်သူ''

''ဟုတ်ကဲ့''

''ဒေါ်ဒေါ် စိတ်ချမယ်''

''ဟုတ်ကဲ့''

''ဒါဖြင့် ဒေါ်ဒေါ် သွားတော့မယ်နော်''

''ဟုတ်ကဲ့''

ဒေါ်ရွှေဝါဖူး ခပ်သုတ်သုတ် ပြန်ထွက်သွားသည်။

စည်သူနှင့် မိဝါ နှစ်ယောက်တည်း ကျန်ခဲ့တော့ စည်သူက မိဝါကို ကြောင်တောင်တောင်ကြီး ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဝါ စိတ်မရှည် ဖြစ်လာ၏။

''ဟဲ့...စည်သူ''

''ဟေ...''

''နင် ငါ့ကို ခိုးပြေးတော့မယ်မဟုတ်လား''

''အေးလေ''

''ဒါဖြင့် ခိုးပြေးတော့လေ''

''အေး...အေး''

''ဒါဆို အထုပ်ကလေး ဘာလေး ကူဆွဲလေ။ အဲ့ဒါဆို ငါက ရုပ်ရှင်တွေထဲကလို အို...အို...မလုပ်ပါနဲ့။ အဲ့ဒီအထဲမှာ ထဘီတွေ ပါတယ်၊ ဘုန်းနိမ့်ကုန်ပါဦးမယ်။ ဘာညာ ပြောမှာပေါ့''

''ဩော်...အေး...။ နင်ပြောလေ...။ ထဘီက ဘယ်အိတ်ထဲ မှာ ပါတာလဲ''

''လဲသေလိုက်''

နောက်ဆုံးတော့လည်း...

စည်သူက မိဝါကို သူ့မြို့သူ့ရွာဆီ ခိုးပြေးသွားပါသည်။ ခမ်းနားကြီးကျယ်စွာ မင်္ဂလာဆောင်ဖြစ်ကြပါသည်။

ဖြူနုချောမောသော သားယောကျ်ားလေး တစ်ယောက်ကို ဖွားမြင်ဖြစ်ကြ၏။ ထိုကလေးကို ဖွားမြင်စဉ် ချိုးတစ်ကောင် ဖြတ်ပျံသည်။ ကြောင်တစ်ကောင် ဖြတ်ပြေးသည်။ ထိုကလေးကား ထူးချွန်ထက်မြက်လှလေ၏။ နောင်သောအခါ စာပေလောကထဲတွင် မောင်ချိုး (ကြောင်တစ်ကောင်)အမည်ဖြင့် အောင်မြင်သော ထုတ်ဝေသူ ဖြစ်လာလေသည်။

**တာရာမင်းဝေ**

(31-1-2005)

(6.00 PM)



www.burmeseclassic.com